# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 8 August 2022 ၁၀၈၂၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့တွင်ပါရှိသည့် အခြေခံမူများနှင့် စံတန်ဖိုးများအပေါ် ခိုင်မာစွာဆက်လက်ရပ်တည်သွားမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၅၅)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် ပြည်သူသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို တည်ထောင်ခဲ့သည့် ( ၅၅ )နှစ်မြောက် နှစ်ပတ်လည်အခါသမယဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းနှင့် အာဆီယံဒေသအတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အာဆီယံနှစ်ပတ်လည်နေ့အထိမ်းအမှတ်သည် နှစ်ပေါင်း (၅၅)နှစ်အတွင်း အာဆီယံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးအရ ပေါင်းစည်းညီညွတ်ပြီး လူထုအခြေပြုသည့် အသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်ရာတွင် ရရှိခဲ့သောအောင်မြင်မှုများကို ထင်ဟပ်စေသည့် အချိန်အခါကောင်း ဖြစ်ပါသည်။

**ဒေသတွင်းရှိ ပြည်သူများအားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေရေး ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများ၊ အာဆီယံ၏ ပြင်ပမိတ်ဖက်နိုင်ငံများနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်**

အာဆီယံကို မူလအဖွဲ့ဝင်နိုင်ငံ (၅)နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ အချိန်ကာလသည် ကမ္ဘာတစ်လွှားစစ်အေးတိုက်ပွဲ အင်အားပြိုင်ဆိုင်မှုများကြောင့် ဒေသတွင်း၌လည်း ပဋိပက္ခများ၊ တင်းမာမှုများ ရောပြွမ်းနေချိန်ဖြစ်ပါသည်။ အာဆီယံအသင်းကြီး၏ ဆက်လက်တည်တံ့မှုနှင့် ရည်မှန်းချက်များ၊ ကတိကဝတ်များကို ပြည့်ဝစွာဖော်ဆောင်နိုင်မှုအပေါ် မေးခွန်းထုတ်နေချိန်လည်း ဖြစ်ပါသည်။ သို့ရာတွင် အာဆီယံအနေဖြင့် ဆယ်စုနှစ်(၅)ခုကျော်အတွင်း ဒေသတွင်းပဋိပက္ခများကို သံတမန်ရေးအရ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ကာကွယ်တားဆီးနိုင်ခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

### အာဆီယံ၏ အစဉ်အဆက်ထိန်းသိမ်းခဲ့တဲ့ အခြေခံမူများဟာ ပြင်ပစွက်ဖက်မှုများနှင့် ဖိအားများ၊ အချို့အဖွဲ့ဝင်နိုင်ငံများရဲ့ လုပ်ရပ်များကြောင့် လျော့ပါးလာတာကို စိတ်မကောင်းဖွယ် တွေ့မြင်နေရ

စာမျက်နှာ- ၄

### နိုင်ငံတကာအဆင့်မီ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းမကြီးနှင့် ဖွံ့ဖြိုးလာမည့် ပြည်သူ့စီးပွား



ဆောင်းပါး စာမျက်နှာ- ၂၃

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ၄၈ နာရီအတွင်း ပိုမိုအားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၇




ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)တို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မိုး/ဇလ

ကြေးမုံ

# စွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကို တွေ့ရမည်။ အထူးသဖြင့် လက်ရှိ၌ ငလျင်ဘေး၊ ရေကြီးရေလျှံ၊ မြေပြိုမှုအန္တရာယ်များကြောင့် နိုင်ငံအချို့တွင် ထိခိုက်၊ ပျက်စီး၊ သေဆုံးမှုများနှင့် ကြုံတွေ့နေသည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်၊ ပျက်စီး၊ သေဆုံးမှုများ မရှိသေးသော်လည်း မဖြစ်ခင်က ကြိုတင်ပြင်ဆင်၍ အသင့်ဆောင်ရွက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားပြီး စတင်ဖွဲ့စည်းဆောင်ရွက်ချိန်မှစ၍ လက်ရှိကာလအထိ ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကဏ္ဍအလိုက် တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြသည်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးသည် အချိန်မရွေး၊ နေရာမရွေး၊ ဘာသာလူမျိုးမရွေး ရင်ဆိုင်ကြုံတွေ့နိုင်သည်ဖြစ်၍ ကြိုတင်ပြင်ဆင်တွက်ဆပြီး အစဉ်အမြဲအသင့်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။

"ကမ္ဘာတွင် ပြောင်းလဲဖြစ်ပေါ်လာနေသည့် သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝများကို မျက်ခြည်မပြတ် လေ့လာနေရန် လိုအပ်သကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို ရာသီကာလအလိုက်၊ ဒေသအလိုက် ခန့်မှန်းပြီး မိမိတို့တွင်ရှိပြီးဖြစ်သော ရရှိနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်မည့် အကောင်းဆုံးသော အစီအမံများကို အမြဲတစေကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်လိုအပ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး(၁/၂၀၂၂)တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် လက်ရှိကာလ၌ နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုသဘာဝဘေးများကို သတိပြုရမည့်အချိန်အခါဖြစ်သည်။ ပြီးခဲ့သည့် ဇူလိုင်လ ၃၁ ရက်နေ့က တောင်ပေါ်အပန်းဖြေမြို့ဖြစ်သည့် ပြင်ဦးလွင်မြို့တွင် နှစ်ပေါင်း ၃၀ အတွင်း စံချိန်တင် မိုးရွာသွန်းမှု ဖြစ်ပေါ်ခဲ့သည်။ ၈ နာရီခန့် မရပ်မနား မိုးရွာသွန်းခဲ့သဖြင့် မိုးရေချိန် ၁၀ ဒသမ ၄၇ လက်မရှိခဲ့သည်။ ထိုအခါ ပြင်ဦးလွင်မြို့ကို ဖြတ်သန်းစီးဆင်းသည့် ဂဲလောင်းချောင်း ရေကြီးရေလျှံဖြစ်ခဲ့ပြီး ပြင်ဦးလွင်မြို့ပေါ် ရပ်ကွက်ကြီး ၂၁ ခုအနက် ရပ်ကွက် ကိုးခုတွင် ရေလွှမ်းမိုးကာ ပြည်သူများ ရေဘေးသင့်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ငါးနှစ်တာကာလက သဘာဝဘေးအန္တရာယ်များ ကြီးကြီးမားမားဖြစ်ခဲ့ပြီး ယခုကာလတွင် ကြီးကြီးမားမားမဖြစ်သော်လည်း ကြိုတင်ပြင်ဆင် သတိပြုဆောင်ရွက်ထားရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်သည် ဖြစ်ပေါ်လာနိုင်သည့် အကြောင်းရင်းများစွာရှိသည့်အနက် သဘာဝအလျောက် ဖြစ်ပေါ်ခြင်းများရှိသကဲ့သို့ လူတို့၏ မဆင်မခြင်ဆောင်ရွက်မှုများကြောင့် ဂေဟစနစ်များ ပျက်ယွင်းလာခြင်းများ ဖြစ်ပေါ်နေသည်။ ရွှေ့ပြောင်းတောင်ယာခုတ်ခြင်း၊ သဘာဝသစ်တောများကို အလွန်အကျွံခုတ်ထွင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်သော ယာဉ်စက်ပစ္စည်းများနှင့်စက်မှုလုပ်ငန်းများ များပြားလာခြင်း စသည့်အကြောင်းအမျိုးမျိုးတို့ကြောင့် ကမ္ဘာကြီးမှာ တစ်စတစ်စ ပူနွေးလာပြီး မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ ပေါ်ပေါက်လာခြင်းဖြစ်သည်။

သဘာဝဘေးကို မျှော်မှန်းနိုင်ခြင်းမရှိသော်လည်း ကြိုတင်တွက်ဆ ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် အန္တရာယ်ကျရောက်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်နိုင်မည့် စွမ်းအားစုများကို အသင့်ပြင်ဆင်ထားပြီးဖြစ်သော်လည်း ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အရေးပါသည့် ပြည်သူလူထု ပူးပေါင်းပါဝင်လာနိုင်ရေးကို အသိပညာပေး ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်ပါအတိုင်း ကြိုတင်ပြင်ဆင်စုဖွဲ့ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သဘာဝဘေးဖြစ်ပွားလာပါက အန္တရာယ်ကို ကျော်လွှားနိုင်ရန် စီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်သူလူထု၊ အထောက်အကူပြု ပရဟိတအဖွဲ့များအားလုံး ပူးပေါင်းလက်တွဲ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်သည် မမျှော်မှန်းနိုင်သောကိစ္စဖြစ်၍ သဘာဝဘေးအမျိုးမျိုး မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအားလုံးကို ရှိသည့်အရင်းအမြစ်များဖြင့် တက်ညီလက်ညီ ကြိုတင်ပြင်ဆင် တုံ့ပြန်ဆောင်ရွက်ထားနိုင်ရန် လိုအပ်ပါကြောင်း။ ။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၃၅၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများ၌ ဈေးနှုန်းတည်ငြိမ်နေသဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်ဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိဘဲ စားအုန်းဆီတစ်ပိဿာလျှင် ၃၅၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဩဂုတ် ၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



### ဆက်ကပ်လှူဒါန်း

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာစံပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မင်္ဂလာရာမ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မန္တလေးကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်ရှိ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ မေဃဝတီပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ဆည်မြို့၌ ယခုနှစ်တွင် မိုးစပါး၅၂၈၁၇ ဧက လျာထားစိုက်ပျိုး

ကျောက်ဆည် ဩဂုတ် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ယမန်နှစ်က မိုးစပါးစိုက်ဧက ၅၂၇၉၉ ဧက လျာထားစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၁၈ ဧက ပိုမိုစိုက်ပျိုးရန်အတွက် ၅၂၈၁၇ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ မိုးစပါးများကို နွားတက်၊ ကွမ်းဆေး၊ အထက်လင်းဇင်း၊ ငပြောင်၊ သင်းတွဲ၊ သင်းဒီး၊ မင်းရဲ၊ ဇီးတော၊ တမုတ်၊ ထုံးကြီးနှင့် စမာရေပေးဝေမြောင်းများမှ မြောင်းရေသောက်စနစ်ဖြင့် ၃၅၉၉၄ ဧက၊ ကင်းတားဆည်ရေသောက်စနစ်ဖြင့် ၁၆၀၂၇ ဧက၊ သစ်တက္ကုန်းဆည်ရေသောက်စနစ်ဖြင့် ၄၃၆ ဧက၊ မိုးကောင်းသောက်(မိုးရေ)ဖြင့် ဧက ၂၅၀၊ မြေအောက်ရေ(စက်ရေတွင်း)ဖြင့် ဧက ၁၁၀ စုစုပေါင်း ၅၂၈၁၇ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

သင့်စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

# ဒေသတွင်းရှိ ပြည်သူများအားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေရေး ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများ၊ အာဆီယံ၏ ပြင်ပမိတ်ဖက်နိုင်ငံများနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်

☆ ရှေ့ဖုံးမှ

**☆ အာဆီယံတူညီဆန္ဒကို အခြေပြုသည့်လမ်းစဉ်နှင့်အတူ လွတ်လပ်မှု၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့မှု၊ သာတူညီမျှမှုနှင့် ဝင်ရောက် မစွက်ဖက်ရေးမူတို့အား အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက လေးစားလိုက်နာခြင်းဖြင့် “မတူကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု”ရှိသည့် အာဆီယံမိသားစုကြီးအဖြစ် တစုတစည်းတည်းဖြစ်စေရုံသာမက ဒေသတွင်းရှိ ပြည်သူများအတွက်လည်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်**

၁၉၉၉ ခုနှစ်တွင် အာဆီယံအသင်းကြီးကို အရှေ့တောင်အာရှဒေသရှိ နိုင်ငံ(၁၀)နိုင်ငံအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ပြင်ပဆက်ဆံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ရာ ယနေ့တွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံ (၁၁)နိုင်ငံ၊ ကဏ္ဍအလိုက် ဆွေးနွေးဖက်နိုင်ငံ (၄)နိုင်ငံ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံ (၄)နိုင်ငံအထိ ရှိလာပြီဖြစ်ပါသည်။ အာဆီယံအနေဖြင့် ၂၀၂၀ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျနေသဟာယနိုင်ငံတို့နှင့် အဓိပ္ပာယ်ပြည့်ဝ၍ နှစ်ဖက်အကျိုးရှိသည့် ဘက်စုံမဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေးကို ထူထောင်ပြီးဖြစ်ပါသည်။

အာဆီယံ၏ အကျိုးစီးပွားနှင့် အမှတ်လက္ခဏာကို မြှင့်တင်နိုင်ရန်နှင့် အာဆီယံ၏ ပြင်ပဆက်ဆံရေးကို ပိုမိုအားကောင်းစေရန်အတွက် တတိယနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၌ အာဆီယံကော်မတီ စုစုပေါင်း(၅၅)ခုကို ကမ္ဘာတစ်ဝန်းရှိ မြို့တော်များနှင့် မြို့ကြီးများတွင် တည်ထောင်ထားပြီးဖြစ်ကြောင်း အားရဖွယ်တွေ့ရှိရပါသည်။

အာဆီယံအဖွဲ့နှင့် ထိတွေ့ဆက်ဆံလိုသော နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးလိုသည့်နိုင်ငံများ ပိုမိုများပြားလာခြင်းသည် အာဆီယံ၏ စံတန်ဖိုးများကို နိုင်ငံတကာမှ ပိုမိုလက်ခံ အသိအမှတ်ပြုလာခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိပါသည်။ ယနေ့အချိန်တွင် အာဆီယံသည် အောင်မြင်သော ဒေသတွင်းပေါင်းစည်းမှုပုံစံတစ်ခုဖြစ်လာပြီး ကမ္ဘာ့ရေးရာကိစ္စရပ်များ၌ အရေးပါသည့်ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

လွန်ခဲ့သောနှစ်များအတွင်း အာဆီယံနိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစေသည့် အသိုက်အဝန်းတစ်ခုကို အတူတကွတည်ဆောက်ခဲ့ကြပါသည်။ ယနေ့တွင် အာဆီယံသည် စီးပွားရေးအရ အာရှတိုက်တွင် တတိယနှင့် ကမ္ဘာတွင် ဆဋ္ဌမမြောက်အဆင့်အထိ ရောက်ရှိအောင်မြင်

**☆ ယခုကဲ့သို့ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့်ကာလအတွင်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံတန်ဖိုးများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့အပေါ် အခြေခံပြီး အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာကိုင်စွဲထားရန် အလွန်ပင်အရေးကြီး**

**☆ အာဆီယံ၏အခြေခံမူများကို မြှင့်တင်ခြင်းဖြင့် အာဆီယံဦးဆောင်မှုအောက်ရှိ ယန္တရားများနှင့်အာဆီယံကိုဗဟိုပြုသည့် ဒေသဆိုင်ရာဗိသုကာပုံစံကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည့်အပြင် အရှေ့တောင်အာရှဒေသ၊ အာရှ-ပစိဖိတ်ဒေသနှင့် အင်ဒို-ပစိဖိတ်ဒေသရှိ ပြည်သူများအတွက်လည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ချမ်းသာကြွယ်ဝမှုတို့ကို မြှင့်တင်ပေးနိုင်မည်**

ခဲ့ပြီဖြစ်ပါသည်။

ယင်းကဲ့သို့ အောင်မြင်မှုများစွာ ရရှိနေသော်လည်း အာဆီယံအနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် စိန်ခေါ်မှုများဖြစ်သော နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးမှောင်ခိုမှု၊ လူမှောင်ခိုကုန်ကူးမှု၊ အကြမ်းဖက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ ကူးစက်ရောဂါများ၊ အစားအစာနှင့် စွမ်းအင်လုံခြုံရေးစသည်တို့ကိုလည်း ရင်ဆိုင်ရလျက်ရှိပါသည်။

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံမှ **“စိန်ခေါ်မှုများကို စုစည်းညီညွတ်စွာ ဖြေရှင်းကြစို့”**ဟူသော ဆောင်ပုဒ်ကို ယခုနှစ်အတွက် ရွေးချယ်ခဲ့ခြင်းမှာ သင့်လျော်ကောင်းမွန်ပါသည်။ အာဆီယံ၏ **“စုစည်းညီညွတ်မှု”** စိတ်ဓာတ်ဖြင့် လိုက်လျောညီထွေရှိပြီး ငြိမ်းချမ်းသာယာဝပြောသည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ထူထောင်ကြရမည်ဖြစ်ပါသည်။

စိန်ခေါ်မှုများစွာအနက် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလမှစ၍ ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါမှာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ဘဝအပေါ် ထိခိုက်စေခဲ့ပြီး အာဆီယံအသင်းကြီး၏ ကြံ့ကြံ့ခံနိုင်မှု၊ တုံ့ပြန်နိုင်စွမ်းရှိမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ကို စမ်းသပ်လျက်ရှိပါသည်။

သို့ရာတွင် အာဆီယံ၏ စုပေါင်းအင်အားနှင့် ကြံ့ကြံ့ခံနိုင်မှုတို့ကြောင့် အာဆီယံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နောက်ဆက်တွဲလူမှုစီးပွားထိခိုက်မှုများကို အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်၊ အာဆီယံခရီးသွားစင်္ကြံ သဘောတူညီချက်မူဘောင်နှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် ကူးစက်ရောဂါများအတွက် အာဆီယံဗဟိုဌာနတို့မှတစ်ဆင့် ဒေသတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပါသည်။

အာဆီယံသည် အင်အားကြီးနိုင်ငံများအကြား ပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေးအားပြိုင်မှုတို့မှတစ်ဆင့် ပေါ်ပေါက်လာသည့် ဖိအားများနှင့် လွှမ်းမိုးမှုများကို စုစည်းညီညွတ်စွာ ကြံ့ကြံ့ခံနိုင်စွမ်းရှိရမည်ဖြစ်ပြီး အာဆီယံ၏ဦးဆောင်မှုအောက်ရှိ ယန္တရားများမှတစ်ဆင့် ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သော စည်းမျဉ်းအခြေပြုသည့် ဒေသဆိုင်ရာဗိသုကာပုံစံတစ်ရပ်ကို မြှင့်တင်ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။

ယခုကဲ့သို့ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့်ကာလအတွင်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံတန်ဖိုးများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့အပေါ် အခြေခံပြီး အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာကိုင်စွဲထားရန် အလွန်ပင်အရေးကြီးပါသည်။ အာဆီယံ၏ အခြေခံမူများကို မြှင့်တင်ခြင်းဖြင့် အာဆီယံဦးဆောင်မှုအောက်ရှိ ယန္တရားများနှင့် အာဆီယံကိုဗဟိုပြုသည့် ဒေသဆိုင်ရာဗိသုကာပုံစံကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည့်အပြင် အရှေ့တောင်အာရှဒေသ၊ အာရှ-ပစိဖိတ်ဒေသနှင့် အင်ဒို-ပစိဖိတ်ဒေသရှိ ပြည်သူများအတွက်လည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ချမ်းသာကြွယ်ဝမှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

အာဆီယံတူညီဆန္ဒကို အခြေပြုသည့်လမ်းစဉ်နှင့်အတူ လွတ်လပ်မှု၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့မှု၊ သာတူညီမျှမှုနှင့် ဝင်ရောက်မစွက်ဖက်ရေးမူတို့အား အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက လေးစားလိုက်နာခြင်းဖြင့် **“မတူကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု”**ရှိသည့် အာဆီယံမိသားစုကြီးအဖြစ် တစုတစည်းတည်းဖြစ်စေရုံသာမက ဒေသတွင်းရှိ ပြည်သူများအတွက်လည်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ နှင့် ဒေသဆိုင်ရာပေါင်းစည်းရေးရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုတွင် အားလုံးပါဝင်မှုရှိရေး၊ အမျိုးသမီးနှင့် လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးတို့ကို ဆောင်ရွက်ခြင်းတို့အပြင် အာဆီယံ၏ သွင်ပြင်လက္ခဏာနှင့် အာဆီယံပုံရိပ်မြှင့်တင်ခြင်းမှာလည်း အရေးကြီးပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံအသင်းကြီး၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာချိန်မှစ၍ တာဝန်ယူမှု၊ တက်ကြွမှုနှင့် အပြုသဘောဆောင်ရွက်မှုရှိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကြိုးပမ်းမှုများတွင် အားတက်သရော ထောက်ခံပံ့ပိုးခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။

အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုလုပ်ငန်း အစီအစဉ်-၄ (၂၀၂၁-၂၀၂၅)၊ အာဆီယံပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်း ၂၀၂၅ အပါအဝင် အာဆီယံအသိုက်အဝန်းထူထောင်မှုလုပ်ငန်းစဉ်များနှင့် အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၂၅ ၏ အဓိကလုပ်ငန်းစဉ်များတွင် တိုးတက်မှုရှိစေရေးအတွက် မြန်မာနိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့တွင် ပါရှိသည့် အခြေခံမူများနှင့် စံတန်ဖိုးများအပေါ် ခိုင်မာစွာဆက်လက်ရပ်တည်သွားမည်ဖြစ်ပါသည်။ ဒေသတွင်းရှိ ပြည်သူများအားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေရေး ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများ၊ အာဆီယံ၏ ပြင်ပမိတ်ဖက်နိုင်ငံများနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ပါသည်။

အာဆီယံအသင်းကြီး၏ (၅၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် မြန်မာပြည်သူပြည်သားများအားလုံးကို ဒေသတွင်းနှင့် ဒေသပြင်ပ တည်ငြိမ်အေးချမ်းရေး၊ ကြွယ်ဝချမ်းသာရေးတို့အတွက် အာဆီယံအသင်းကြီး၏ မျှော်မှန်းချက်များနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

# အာဆီယံ၏ အစဉ်အဆက်ထိန်းသိမ်းခဲ့တဲ့ အခြေခံမူများဟာ ပြင်ပစွက်ဖက်မှုများနှင့် ဖိအားများ၊ အချို့အဖွဲ့ဝင်နိုင်ငံများရဲ့ လုပ်ရပ်များကြောင့် လျော့ပါးလာတာကို စိတ်မကောင်းဖွယ် တွေ့မြင်နေရ

**ဦးချမ်းအေး**
**အမြဲတမ်းအတွင်းဝန်**

၂၀၂၂ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ကျရောက်သော (၅၅)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့အခါသမယတွင် အာဆီယံအသိုက်အဝန်းအတွင်း မြန်မာနိုင်ငံမှပါဝင်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်နေသော ဌာနအကြီးအကဲများအား တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြလိုက်ပါသည်။

**ဦးချမ်းအေး**
**အမြဲတမ်းအတွင်းဝန် နိုင်ငံခြားရေးဝန်ကြီးဌာန**
**အာဆီယံဆိုင်ရာမြန်မာအဆင့်မြင့်အရာရှိကြီး**
**အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင်**

မေး။ လူကြီးမင်းအနေဖြင့် အာဆီယံတွင် မြန်မာနိုင်ငံ၏အခန်းကဏ္ဍကို မည်ကဲ့သို့ သုံးသပ်ပါသလဲ။

ဖြေ။ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှာ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့တဲ့ (၃၀) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့်အစည်းအဝေးက မြန်မာနိုင်ငံကို (၉) နိုင်ငံမြောက် အာဆီယံအဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါတယ်။ အမှန်တော့ ၁၉၆၇ ခုနှစ် အာဆီယံစတင်ဖွဲ့စည်းစဉ်ကတည်းက မြန်မာကိုအဖွဲ့ဝင်အဖြစ်ပါဝင်ဖို့ ဖိတ်ခေါ်ခဲ့ပေမယ့် ထိုစဉ်က မြန်မာနိုင်ငံဟာ ဘက်မလိုက်လှုပ်ရှားမှုကို စတင်တည်ထောင်ခဲ့တဲ့ နိုင်ငံဖြစ်ပြီး စစ်အေးကာလအတွင်း အာဆီယံသည် ဘက်လိုက်မှုရှိနိုင်တာကြောင့် အာဆီယံအသင်းမှာ ပါဝင်ဖို့ကမ်းလှမ်းခဲ့တာကို လက်မခံခဲ့ပါဘူး။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးသို့ စတင်ဝင်ရောက်ခဲ့စဉ်ကတည်းက အာဆီယံပဋိညာဉ်စာတမ်းပါ မူဝါဒများနဲ့ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာခဲ့ပါတယ်။ အာဆီယံအဖွဲ့ဝင်အဖြစ်(၁၇)နှစ်ကြာမြင့်ပြီးနောက် မြန်မာနိုင်ငံဟာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ရာထူးကို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ ဦးဆောင်မှုဖြင့် ၂၀၁၄ ခုနှစ်မှာ တာဝန်ယူထမ်းဆောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ ၂၀၁၄ ခုနှစ် တစ်နှစ်လုံးမှာ (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ (၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးစတဲ့အစည်းအဝေးကြီးတွေအပါအဝင် အာဆီယံအစည်းအဝေးစုစုပေါင်း (၂၅၀) ကျော်ကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌလက်ထက်မှာ အာဆီယံအသိုက်အဝန်းထူထောင်မှုအတွက် အလွန်အရေးပါလှတဲ့ "အာဆီယံအသိုက်အဝန်းအား ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ခြင်းဆိုင်ရာ နေပြည်တော်ကြေညာချက်" နှင့် "၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း နေပြည်တော်ကြေညာချက်" တို့ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အောင်မြင်မှုဟာ အာဆီယံရဲ့အောင်မြင်မှုပါပဲ။ အာဆီယံထိပ်သီးအစည်းအဝေးတွေနဲ့ ဆက်စပ်အစည်းအဝေးတွေကို မြန်မာနိုင်ငံတစ်ဝန်းမှာ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်းဟာ မြန်မာနိုင်ငံက နိုင်ငံတကာအစည်းအဝေးတွေကို စနစ်တကျလက်ခံကျင်းပနိုင်တယ်ဆိုတာကို ပြသနိုင်ခဲ့ခြင်းပင် ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ တက်ကြွပြီး တာဝန်ယူစိတ်ရှိတဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တာကို သက်သေထူနိုင်ခဲ့တဲ့အပြင် အာဆီယံမှာပိုမိုကြီးမားတဲ့ အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ဖို့အတွက် စွမ်းရည်ရှိတဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တယ်ဆိုတာကိုလည်း ပြသလျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တာနဲ့အညီ အဖွဲ့ဝင်နိုင်ငံတွေရဲ့ တာဝန်ဝတ္တရားတွေကို ဆက်လက်ထမ်းဆောင်သွားမှာဖြစ်ပြီး အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးအတွက် ညှိနှိုင်းရေးမှူးတာဝန်နှင့် အာဆီယံပြင်ပဆက်ဆံရေး မြှင့်တင်ခြင်းကဏ္ဍများ၌ တက်တက်ကြွကြွနဲ့ ဆက်လက်ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်တွင် တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံး (Code of Conduct in the South China Sea –COC)ဆွေးနွေးမှုများ ပြန်လည်လုပ်ဆောင်နိုင်ရန်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မျှတသည့် ပူးပေါင်းကြေညာချက်များ ထုတ်ပြန်နိုင်သည်အထိ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မေး။ အာဆီယံတူညီဆန္ဒနှင့် တိုင်ပင်ဆွေးနွေးခြင်း အခြေခံမူများကို အာဆီယံတွင် မည်သည့်အတွက်ကြောင့် ဆက်လက်ထိန်းသိမ်းထားသင့်ပါသလဲ။

အာဆီယံတူညီဆန္ဒနှင့် တိုင်ပင်ဆွေးနွေးခြင်း အခြေခံမူများဟာ အာဆီယံအဖွဲ့ကြီးရဲ့ ကာလကြာရှည်စွာ ကိုင်စွဲကျင့်သုံးခဲ့တဲ့ အခြေခံမူများပင်ဖြစ်ပါတယ်။ အာဆီယံပဋိညာဉ်၊ အပိုဒ် ၂၀ (၁) မှာ "အခြေခံမူတစ်ရပ်အဖြစ် အာဆီယံတွင် ဆုံးဖြတ်ချက်ချမှတ်မှုကို



ဦးချမ်းအေး
အမြဲတမ်းအတွင်းဝန်

တိုင်ပင်ဆွေးနွေးခြင်းနှင့် အဖွဲ့ဝင်အားလုံး၏ တူညီဆန္ဒပေါ်တွင် အခြေပြုရမည်" ဟု တရားဝင်အတိအလင်းဖော်ပြထားပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ မတူညီတဲ့ နောက်ခံအကြောင်းအရာတွေအရ တိုင်ပင်ဆွေးနွေးခြင်းနှင့် တူညီဆန္ဒမူတွေကို အာဆီယံရဲ့ အဓိကအခြေခံမူတွေအဖြစ် လက်ခံကျင့်သုံးလျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအားလုံး တန်းတူရည်တူရှိမှုနဲ့ ဆုံးဖြတ်ချက်ချတဲ့အခါတိုင်းမှာ မည်သည့်အဖွဲ့ဝင်နိုင်ငံကိုမှ ဘေးဖယ်ချန်လှပ်မှု မရှိစေရေးအတွက် ရည်ရွယ်ကျင့်သုံးခြင်း ဖြစ်ပါတယ်။

အာဆီယံတူညီဆန္ဒရရှိဖို့အတွက် အကြိတ်အနယ်ဆွေးနွေးရခြင်း၊ ဘုံအကျိုးစီးပွား ဆိုင်ရာကိစ္စရပ်တွေကို ကျေလည်အောင် ညှိနှိုင်းရခြင်းတို့အပြင် အပြန်အလှန် မျှတမှုရှိအောင် နေရာပေးဆောင်ရွက်ရခြင်းတို့ကို ပြုလုပ်ရပါတယ်။ ဒီလိုပြဿနာရပ်တွေကို သမားရိုးကျအတိုင်း မဟုတ်ဘဲ တိုင်ပင်ဆွေးနွေးခြင်းနဲ့ အဖွဲ့ဝင်အားလုံးရဲ့ တူညီဆန္ဒပေါ်တွင် အခြေပြုဆုံးဖြတ်ချက်ချခြင်းကို "အာဆီယံလမ်းစဉ်" လို့ ခေါ်ပါတယ်။ အာဆီယံတူညီဆန္ဒကို ကျင့်သုံးတဲ့အကျိုး ကျေးဇူးအနေနဲ့ စစ်အေးခေတ်နောက်ပိုင်းမှစ၍ ဒေသတွင်းတည်ငြိမ် အေးချမ်းမှု ရရှိရေးအထောက်အပံ့ပေးနိုင်ပြီး စည်းလုံးညီညွတ်စေခဲ့တာ လက်တွေ့အရတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

မကြာသေးမီက အနောက်တိုင်းပညာရှင်အချို့နဲ့ အာဆီယံနိုင်ငံအချို့က အာဆီယံအနေနဲ့ တူညီဆန္ဒမူကို ကျင့်သုံးနေတာကြောင့် အရေးပေါ်ကိစ္စရပ်တွေနဲ့ စိန်ခေါ်မှုတွေကို ထိထိရောက်ရောက်မဖြေရှင်းနိုင်ဘူးလို့ ဝေဖန်ပြောဆိုခဲ့ကြပါတယ်။ တချို့က ဥရောပသမဂ္ဂမှာ ကျင့်သုံးနေတဲ့ အများစုမဲပေးသည့်စနစ်ဖြင့် ဆုံးဖြတ်ချက်ချတဲ့ပုံစံကို အသုံးပြုဖို့ အဆိုပြုမှုတွေ ပြုလုပ်လာကြပါတယ်။ ဒါပေမယ့် အာဆီယံရဲ့ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်နဲ့ အာဆီယံရဲ့ အစဉ်အလာအရ အခြားနှင့်မတူဘဲ ရှိခဲ့သည့် ပေါင်းစည်းမှုပုံစံဟာ ဥရောပသမဂ္ဂနဲ့ အတော်ကိုမတူကွဲပြားမှုရှိတာ ဖြစ်ပါတယ်။ အရေးကြီးကိစ္စရပ်တွေ အပေါ် မဲခွဲဆုံးဖြတ်ခြင်းစနစ်ကို ကျင့်သုံးရုံနဲ့ ရလဒ်ကောင်းတွေရလာမှာ မဟုတ်ပါဘူး။ အများစုက မဲပေးသည့်စနစ်ကို အသုံးပြုမယ်ဆိုရင် အာဆီယံအတွင်း စည်းလုံးညီညွတ်မှုပျက်ပြားပြီး ခွဲခြားမှုတွေပဲ ဖြစ်ပေါ်လာမှာ အမှန်ပင်ဖြစ်ပါတယ်။

အာဆီယံတူညီဆန္ဒကို ကျင့်သုံးခြင်းဟာ အာဆီယံရဲ့စည်းလုံးညီညွတ်မှုကို အထောက်အကူပြုရုံသာမက အာဆီယံဦးဆောင်တဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေး၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ထိပ်သီးအစည်းအဝေးများ၊ အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ စသည့်ယန္တရားတွေမှာပါဝင်နေတဲ့ အာဆီယံဆွေးနွေးဖက်နိုင်ငံများရဲ့ ဆက်လက်ပါဝင်မှုကိုလည်း အထောက်အကူပြုနေတာကို မှတ်သားထားသင့်ပါတယ်။ အာဆီယံဆွေးနွေးဖက်နိုင်ငံများမှာလည်း အမြင်မတူသည့် အင်အားကြီး နိုင်ငံများပါဝင်နေပါတယ်။ အာဆီယံတူညီဆန္ဒဟာ အာဆီယံဦးဆောင်တဲ့ ယန္တရားတွေမှာပါဝင်နေတဲ့ နိုင်ငံအကြီးအငယ်အားလုံး တန်းတူရည်တူရှိစွာနဲ့ အရေးပါတဲ့ကိစ္စရပ်တွေမှာ မိမိတို့နိုင်ငံရဲ့ ရပ်တည်ချက်တွေကို ဖော်ထုတ်ဆွေးနွေးခွင့်ရရှိစေပါတယ်။ ဒါကြောင့် အာဆီယံအနေနဲ့ အာဆီယံတူညီဆန္ဒကို အရေးကြီးတဲ့ ကိစ္စရပ်တိုင်းမှာ ဆက်လက်အသုံးပြုဖို့ အထူးလိုအပ်ပါတယ်။

ဝမ်းနည်းစရာကောင်းတာကတော့ အာဆီယံရဲ့ တူညီဆန္ဒမူနဲ့ ဆန့်ကျင်ပြီး ဆောင်ရွက်လိုတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ရဲ့ သဘောထားနဲ့ လုပ်ဆောင်မှုများနှင့် အာဆီယံအတွင်း အုပ်စုများ ထပ်မံဖွဲ့လိုပြီး ၎င်းတို့လိုလားသည့်အတိုင်း ဆုံးဖြတ်ချက်ချရန် အခြားနိုင်ငံများကိုပါ ဖိအားပေးလုပ်ဆောင်မှုများ ရှိနေတာတွေ့ရပါတယ်။ ယင်းလုပ်ဆောင်ချက်များဟာ အာဆီယံ၏ အရေးပါအရာရောက်မှု၊ စည်းလုံးညီညွတ်မှုနဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေကြောင်း တွေ့ရပါတယ်။

မေး။ အာဆီယံထိပ်သီးအစည်းအဝေးများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ထိပ်သီးအစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးပြည့်စုံစွာတက်ရောက်မှုမရှိခြင်းမှာ အာဆီယံ၏ စည်းလုံးညီညွတ်မှုကို မည်မျှထိခိုက်စေနိုင်ပါသလဲ။

ဖြေ။ အာဆီယံပဋိညာဉ်စာတမ်းဟာ အာဆီယံအသင်းကြီးနဲ့အဖွဲ့ဝင်နိုင်ငံများ လိုက်နာဆောင်ရွက်ရမယ့် အခြေခံဥပဒေပဲဖြစ်ပါတယ်။ အာဆီယံထိပ်သီးအစည်းအဝေးတွေကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပပြီး အာဆီယံဥက္ကဋ္ဌရာထူးကို ရယူထားသည့်နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရပါတယ်။ အာဆီယံပဋိညာဉ် အပိုဒ် (၇) မှာ "အာဆီယံထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲများ ပါဝင်ရမည်" ဟု ဖော်ပြထားပါတယ်။ ဒါကြောင့် ထိပ်သီးအစည်းအဝေးတွေမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ စုံညီစွာတက်ရောက်မှုမရှိခြင်း သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ခုံနေရာလွတ်နေခြင်းဖြစ်ပါက "အာဆီယံထိပ်သီးအစည်းအဝေး" လို့ ခေါ်ဆိုလို့ မရနိုင်ပါဘူး။

ဒါ့အပြင် အာဆီယံပဋိညာဉ် အပိုဒ် (၂)၊ (က)၊ (င) နှင့်(စ) တို့မှာ "အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်း"၊ "အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မရှိခြင်း" နှင့် "ပြင်ပမှ ဝင်ရောက် စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများကင်းရှင်းစွာဖြင့် အမျိုးသားရေးတည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏ အခွင့်အရေးကိုလေးစားခြင်း" ဟူ၍ အလေးပေးဖော်ပြထားပါတယ်။ ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် အစည်းအဝေး တက်ရောက်မည့် ကိုယ်စားလှယ်ရဲ့ အဆင့်ကိုနှိမ့်၍ ဖိတ်ကြားခြင်း၊ မိန့်ခွန်းပြောခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာမှာ အကန့်အသတ်ထားခြင်းတို့ဟာ အာဆီယံပဋိညာဉ် စာတမ်းပါမူ၊ လုပ်ထုံးလုပ်နည်းနှင့် အာဆီယံ၏ ထုံးတမ်းစဉ်လာတို့နဲ့ ကွဲလွဲနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါပေမယ့် ယခုအခါမှာ အာဆီယံ၏ အစဉ်အဆက်ထိန်းသိမ်းခဲ့တဲ့ အခြေခံမူများဟာ ပြင်ပစွက်ဖက်မှုများနှင့် ဖိအားများ၊ အချို့အဖွဲ့ဝင်နိုင်ငံများရဲ့ လုပ်ရပ်များကြောင့် လျော့ပါးလာတာကို စိတ်မကောင်းဖွယ် တွေ့မြင်နေရပါတယ်။ အာဆီယံနိုင်ငံအချို့ဆိုလျှင် ပြင်ပဖိအားများကို မခံနိုင်တဲ့အတွက် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကိုပင် ပြောင်ပြောင်တင်းတင်း ချိုးဖောက်လာကြတာကို တွေ့ရှိနေရပါတယ်။ ဒီလိုမျိုး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ထိပ်သီးအဆင့် အစည်းအဝေးတွေမှာ ချန်လှပ်ထားဖို့ ဆုံးဖြတ်လုပ်ဆောင်တဲ့ အာဆီယံနိုင်ငံအချို့ရဲ့ အဆင်အခြင်မဲ့ လုပ်ရပ်တွေဟာ အာဆီယံရဲ့ ထိရောက်မှုနဲ့ ပုံမှန်လုပ်ငန်းလည်ပတ်မှုတွေကို ဆိုးရွားစွာ အကျိုးသက်ရောက်စေပါတယ်။

ယနေ့အခါမှာ အာဆီယံအတွင်းကသာမက အာဆီယံပြင်ပကပါ အာဆီယံဟာ စည်းလုံးညီညွတ်မှု ပျက်ပြားနေပြီး အာဆီယံဗဟိုကျမှုအပေါ် အကြီးအကျယ် ထိခိုက်လျက်ရှိနေတယ်ဆိုတဲ့ ဝေဖန်သုံးသပ်မှုတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လျက်ရှိနေပါတယ်။ အာဆီယံဟာ အာဆီယံဗဟိုပြုဒေသဆိုင်ရာဗိသုကာပုံစံ၊ အာဆီယံဦးဆောင်သည့်ယန္တရားများနှင့် အာဆီယံအသိုက်အဝန်းတည်ထောင်ခြင်းဆိုင်ရာ ရည်မှန်းချက်များ၊ ဦးတည်ချက်များစွာကို ချမှတ်ထားပြီးဖြစ်ပါတယ်။ ယင်းရည်မှန်းချက်များကို အာဆီယံတစ်နိုင်ငံချင်း၊ အာဆီယံအုပ်စုတစ်စုချင်းက ဆောင်ရွက်လို့မရနိုင်ဘဲ အာဆီယံနိုင်ငံအားလုံး စည်းစည်းလုံးလုံး ဟန်ချက်ညီညီနဲ့ လက်တွဲပြီး ဆောင်ရွက်မှသာ ရည်မှန်းချက်ပန်းတိုင်များကို လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။

စာမျက်နှာ ၅ သို့ ○

○ စာမျက်နှာ ၄ မှ

ဒီလိုအချက်တွေကြောင့် အာဆီယံနိုင်ငံများအကြား ယုံကြည်မှုတည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံရေးအသိစိတ်ဓာတ်အပြည့်ဖြင့် ဆွေးနွေးညှိနှိုင်းခြင်းတို့ကို ပို၍မြှင့်တင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပြည်တွင်းရေးကိစ္စတွေကို နိုင်ငံတကာရေးရာနှင့် ဒေသတွင်းရေးရာကိစ္စရပ်အဖြစ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သွတ်သွင်းခြင်းနှင့် တစ်နိုင်ငံနဲ့တစ်နိုင်ငံ အစည်းအဝေးများတွင် လက်ညှိုးထိုး အပြစ်တင်ဝေဖန်နေကြမည့်အစား ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်ရေးမူကို လေးစားလိုက်နာကြပြီး မတူညီမှုတွေကို တိုင်ပင်ဆွေးနွေးခြင်းဖြင့် တူညီဆန္ဒရရှိရန် အာဆီယံလမ်းစဉ်၊ အာဆီယံစိတ်ဓာတ်ဖြင့် အဖြေရှာကာ အာဆီယံစုစည်းညီညွတ်မှုကို ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။

မေး။ လက်ရှိအခြေအနေတွင် ကမ္ဘာ့ပထဝီနိုင်ငံရေးယှဉ်ပြိုင်မှုများဖြစ်ပေါ်နေလျက်ရှိရာ အာဆီယံအနေဖြင့် ပြင်ပဖိအားများနှင့် လွှမ်းမိုးမှုများကို မည်ကဲ့သို့ ဆက်လက်၍ ကြံ့ကြံ့ခိုင်နိုင်စွမ်းရှိအောင် ဆောင်ရွက်သင့်ပါသလဲ။

ဖြေ။ ပထဝီနိုင်ငံရေး ယှဉ်ပြိုင်မှုများဟာ ကျွန်တော်တို့ဒေသ ရင်ဆိုင်နေရတဲ့ နောက်ထပ် စိန်ခေါ်မှုတစ်ခုပဲဖြစ်ပါတယ်။ ဒေသတွင်းလုံခြုံရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ လက်နက်များအပြိုင်အဆိုင်တပ်ဆင်ခြင်း ကိစ္စရပ်များဟာ အလွန်ပင်စိုးရိမ်ဖွယ်ရာကောင်းလှပါတယ်။ ကမ္ဘာ့နိုင်ငံကြီးများအကြား ပြိုင်ဆိုင်မှုများပြင်းထန်လာတဲ့အတွက် အာဆီယံနိုင်ငံအချို့ဟာ ဘက်ရွေးချယ်မှုပြုလာနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုတွေ၊ သုံးသပ်မှုတွေ ထွက်ပေါ်နေပါတယ်။

အာဆီယံအနေနဲ့ ကမ္ဘာ့နိုင်ငံကြီးများအကြား ပဋိပက္ခဖြစ်ပွားရာနယ်မြေဒေသတစ်ခုအဖြစ် ကျရောက်သွားလို့မရပါဘူး။ ဒါကြောင့် အာဆီယံနိုင်ငံတွေအနေနဲ့ အာဆီယံဗဟိုကျမှုနှင့် အာဆီယံစည်းလုံးညီညွတ်မှုကို အရင်းပြုပြီး ပြင်ပအင်အားကြီးနိုင်ငံများရဲ့ သွေးထိုးခြယ်လှယ်ခြင်းမခံရအောင် ရှောင်လွှဲကြဖို့ အလွန်ပင်အရေးကြီးပါတယ်။ ဒါကြောင့် အာဆီယံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းစင်ရေးဇုန်စာချုပ်နှင့် အာဆီယံ၏အင်ဒို-ပစိဖိတ်အမြင်ပါ အခြေခံမူများနှင့် စံနှုန်းများကို မြှင့်တင်ဖို့အတွက် ပိုမိုအားစိုက်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

အာဆီယံအနေဖြင့် ပြင်ပနိုင်ငံများနှင့်ဆက်ဆံရာတွင် ဘက်လိုက်မှုမရှိစေရေး၊ အာဆီယံဗဟိုကျမှုကို အပြောသက်သက်၊ စာရွက်ပေါ်သက်သက်မဟုတ်ဘဲ တကယ့်လက်တွေ့ မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပြီး အာဆီယံဦးဆောင်တဲ့ယန္တရားတွေကို ပိုမိုခိုင်မာစေရေးဆောင်ရွက်ကြရန်လိုအပ်ပါတယ်။ ပို၍ပဓာနကျတဲ့အချက်မှာ နိုင်ငံရေးကိစ္စရပ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အပြည့်အစုံမပါရှိဘဲ "အာဆီယံအနုတ်ဖော်မြူလာ" ကဲ့သို့ လွဲမှား၍ အကျိုးမရှိသည့်မူများကို အဆိုပြုဆောင်ရွက်မည့်အစား အာဆီယံတူညီဆန္ဒဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ မူဝါဒချမှတ်ခြင်းကိုသာ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

နိုင်ငံကြီးအချို့၏ ပြည်ပစွက်ဖက်မှုများကြောင့် အကျိုးဖြစ်ထွန်းသည်ကို တွေ့မြင်ခဲ့လှပြီး ယင်းအစား သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူများအကြား စိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခများရှည်ကြာပြီး ငြိမ်းချမ်းတည်ငြိမ်မှု မရရှိကြောင်းသာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ယင်းအချက်ကို သက်သေထူနေသည့် ယခင်သာဓကများစွာ သုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်။

အာဆီယံအနေနဲ့ ပြင်ပဆက်ဆံရေး၊ အထူးသဖြင့် ကမ္ဘာ့နိုင်ငံကြီးများနှင့် ဆက်ဆံရေးမှာ အထူးကောင်းမွန်ပြီးဖြစ်တဲ့အတွက် နိုင်ငံကြီးများအကြား ယှဉ်ပြိုင်မှုများကို ပူးပေါင်းဆောင်ရွက်မှုများအဖြစ် ပြောင်းလဲပေးနိုင်တဲ့ အခြေအနေကောင်းများ အာဆီယံမှာရှိနေတာကို ထပ်လောင်းပြောကြားလိုပြီး ရှိပြီးအာဆီယံရဲ့ကောင်းမွန်သည့် "မူ"များနဲ့ စိတ်ဓာတ်၊ နည်းလမ်းများကို ဆုပ်ကိုင်ထားသင့်ပါကြောင်း ပြောကြားလိုပါတယ်။

**ဒေါက်တာဝါဝါမောင်**

**အမြဲတမ်းအတွင်းဝန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ**

**အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်**

မေး။ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် အာဆီယံနိုင်ငံများ၌ အရေးပါသောအခန်းကဏ္ဍ၌ ပါဝင်နေသည်ဖြစ်ရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍကို ဒေသတွင်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဖြစ်စဉ်၌ ရင်ပေါင်တန်းနိုင်ရေးအတွက် သင့်အနေဖြင့် မူဝါဒချမှတ်သူများကို မည်ကဲ့သို့ အကြံပြုလိုပါသလဲ။



ဒေါက်တာဝါဝါမောင်
အမြဲတမ်းအတွင်းဝန်

ဖြေ။ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေက အာဆီယံစီးပွားရေးရဲ့ ကျောရိုးပဲဖြစ်ပါတယ်။ အာဆီယံစီးပွားရေးလုပ်ငန်းများ၏ ၉၇ ရာခိုင်နှုန်းကို အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း များက ကိုယ်စားပြုထားပြီး ဒေသတွင်းအလုပ်အကိုင် စုစုပေါင်းရဲ့ ၈၅ ရာခိုင်နှုန်းကို ယင်းလုပ်ငန်းများက ဖန်တီးပေးထားပါတယ်။

အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများရဲ့အခန်းကဏ္ဍ ပိုမိုခိုင်မာရေးကိစ္စက အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှုအောက်ရှိ အဓိကဆောင်ရွက်မှုများအနက် တစ်ခုဖြစ်ပါတယ်။ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း များရဲ့ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်နိုင်ရေးအတွက် ထုတ်လုပ်မှုတိုးတက်စေရေး၊ ဘဏ္ဍာငွေရရှိနိုင်မှုတိုးမြှင့်စေရေး၊ ဈေးကွက်အခွင့်အလမ်းရရှိစေရေး၊ မူဝါဒနှင့် စည်းမျဉ်းဝန်းကျင်ကောင်းမွန်စေရေး၊ စွန့်ဦးတီထွင်မှုနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်စေရေး စတဲ့ကောင်းမွန်တဲ့လုပ်ငန်းစဉ်များစွာကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို ကြီးကြပ်ဆောင်ရွက်ဖို့အတွက် အာဆီယံ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းမှုကော်မတီကိုလည်း ဖွဲ့စည်းထားပါတယ်။

အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေနဲ့ ကိုဗစ်ကပ်ရောဂါရဲ့ ရိုက်ခတ်မှုကို ပြင်းထန်စွာခံစားခဲ့ရတဲ့အတွက် ကိုဗစ်ထွက်ပေါက်လို့ တင်စား ခေါ်ဝေါ်တဲ့ အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေး မူဘောင် အကောင်အထည်ဖော်မှုအောက်ကနေ အဆိုပါရိုက်ခတ်မှုများကို လျော့ပါးသက်သာစေဖို့ ဦးစားပေးလုပ်ငန်းတွေကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

အာဆီယံဘက်စုံပြန်လည်ထူထောင်ရေး မူဘောင်အောက်မှာ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဒစ်ဂျစ်တယ်အတတ်ပညာကို အကျွမ်းတဝင်ရှိစေရေး အတွက်သာမက ဈေးကွက်လက်လှမ်းမီစေရန် ဒစ်ဂျစ်တယ်နည်းပညာနဲ့ ဘဏ္ဍာရေးနည်းပညာများရရှိစေရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအကြား ဒစ်ဂျစ်တယ်နည်းလမ်းများနှင့် ဆက်စပ်သည့် နည်းပညာများကို သိရှိကျင့်သုံးနိုင်ရေးအတွက် စိန်ခေါ်မှုများကို သိရှိသတ်မှတ်နိုင်ပြီး၊ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားဖို့ အကြံပြုချက်များပေးနိုင်ရေး အတွက်လည်း အသေးစိတ်လေ့လာမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအကြား ဒစ်ဂျစ်တယ်နည်းပညာကို လက်ခံအသုံးပြုမှု တိုးတက်စေရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို Action Agenda on Digitalization of ASEAN MSMEs ကတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ဒစ်ဂျစ်တယ်အဆင်သင့်ဖြစ်မှုကလည်း မတူညီသည့်အတွက် ယင်းအချက်အပေါ် လေ့လာဆန်းစစ်ရန် နည်းလမ်းကိုလည်း ရှာဖွေဖော်ထုတ်လျက်ရှိပါတယ်။

အားလုံးသိကြသည့်အတိုင်း ကိုဗစ်ကပ်ရောဂါကာလမှာ အာဆီယံစီးပွားရေးကဏ္ဍနှင့်၊ လူ့အဖွဲ့အစည်းတွေမှာ ဒစ်ဂျစ်တယ်နည်းပညာလက်ခံအသုံးပြုမှုနှုန်းတွေ မြင့်တက်လာခဲ့ပါတယ်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်တွေကို အထောက်အကူပြုဖို့အတွက် အာဆီယံက ၂၀၂၂ ခုနှစ်မှာ ဘန်ဒါဆီရီလမ်းပြမြေပုံနှင့် စတုတ္ထစက်မှုအသွင်ကူးပြောင်းရေး ပေါင်းစည်းမှုမဟာဗျူဟာကို ချမှတ်ခဲ့ပါတယ်။ အဆိုပါလုပ်ငန်း (၂) ရပ်မှာ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် သင့်လျော်သည့် ကျွမ်းကျင်မှုများကို အထောက်အပံ့ပေးဖို့ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ ပါဝင်ပါတယ်။

ဒါ့အပြင် အာဆီယံဒေသတွင်းမှာ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အာဆီယံသင်တန်းကျောင်းကို ၂၀၁၆ ခုနှစ်ကတည်းက တည်ထောင်ထားပါတယ်။ ဒီသင်တန်းကျောင်းက အွန်လိုင်းသင်တန်းစကြံတစ်ခုဖြစ်ပြီး အာဆီယံရဲ့ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ သင်တန်းတွေကိုလည်း ဆောင်ရွက်ပေးပါတယ်။ အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ပိုမိုထောက်ပံ့ပေးနိုင်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ထူထောင်မှု အရှိန်မြှင့်တင်ရေးအတွက် ၂၀၂၂ ခုနှစ်မှာ အဆိုပါသင်တန်းကျောင်းကို အဆင့်မြှင့်တင်ထားပါတယ်။ ဒီသင်တန်းကျောင်းမှာ ဒစ်ဂျစ်တယ်ကဏ္ဍနဲ့ ဆက်နွယ်တဲ့ ခေါင်းစဉ်ကို ပိုမိုသင်ကြားပို့ချပေးခြင်းအားဖြင့်လည်း အာဆီယံ၏ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် မူဝါဒချမှတ်သူတွေအနေနဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းနေတဲ့ အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို မက်လုံးပေးအစီအစဉ်အဖြစ် ဘဏ္ဍာငွေကြေးထောက်ပံ့မှု၊ စီမံအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းတွေကြောင့် ဖြစ်ပေါ်နေတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ဖြေလျှော့ပေးမှုနဲ့ ထူးချွန်အောင်မြင်တဲ့ လုပ်ငန်းငယ်တွေကို ဂုဏ်ပြုဆုချီးမြှင့်တဲ့ အစီအစဉ်မျိုးတွေ ပြုလုပ်ပေးမယ်ဆိုရင် ၎င်းတို့ရဲ့တီထွင်ဆန်းသစ်မှုနဲ့ စွန့်ဦးတီထွင် စိတ်ဓာတ်ကို မြှင့်တင်ပေးရာရောက်မှာဖြစ်ပါတယ်။

မေး။ လက်ရှိဖြစ်ပွားနေဆဲဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါသည် ဒေသတွင်းနှင့် ဒေသပြင်ပရှိ ပြည်သူများ၏ လူမှုစီးပွား နေ့စဉ်ဘဝများအပေါ် ပြင်းထန်စွာထိခိုက်လျက်ရှိရာ အာဆီယံနိုင်ငံများအနေဖြင့် အနာဂတ်တွင် စီးပွားပျက်ကပ်ကို ရှောင်လွှဲနိုင်ရန်အတွက် ခိုင်မာသည့် စီးပွားရေး၊ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို မည်ကဲ့သို့ ချမှတ်အကောင်အထည်ဖော်သင့်ပါသလဲ။

ဖြေ။ ကျွန်မတို့ အားလုံးသိကြတဲ့အတိုင်းပါပဲ။ လက်ရှိဖြစ်ပွား နေတဲ့ ကိုဗစ်ကပ်ရောဂါရဲ့ အသိသာဆုံး သက်ရောက်မှုတစ်ခုက ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်ဆိုင်ရာ ပြဿနာပဲ ဖြစ်ပါတယ်။ ကပ်ရောဂါရဲ့ ပျံ့နှံ့မှုတွေကိုကာကွယ်ဖို့ ကန့်သတ်ပိတ်ပင်မှုဆောင်ရွက်ချက် (Lockdown Measures)တွေကို ဆောင်ရွက်ခဲ့ခြင်းက ထောက်ပံ့မှု ကွင်းဆက်တွေကို အဟန့်အတားဖြစ်စေပြီး ဆေးဝါးနဲ့ ဆက်စပ်ပစ္စည်းတွေ၊ အစားအစာတွေစတဲ့ အရေးကြီး ကုန်စည်ပြတ်လပ်မှုတွေကို ဖြစ်စေခဲ့ပါတယ်။ ကိုဗစ်ကပ် ရောဂါရဲ့ ရိုက်ခတ်မှု၊ လက်ရှိဖြစ်ပွားနေတဲ့ ယူကရိန်းအရေး စတဲ့ကိစ္စရပ်များကြောင့် ကုန်စည်ဈေးနှုန်းတွေ မြင့်တက်လာပြီး ငွေကြေးဖောင်းပွမှုတွေကို ဖြစ်စေခဲ့ပါတယ်။

ကိုဗစ်ကပ်ရောဂါကြောင့်ဖြစ်တဲ့ ထောက်ပံ့ပို့ဆောင် မှုကိစ္စတွေကို ပြေလည်စေဖို့ ၊ အာဆီယံ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုတွေကို ခိုင်မာစေဖို့အတွက် အာဆီယံက အစားအစာ၊ ဆေး၊ ဆေးဝါးဆက်စပ်ပစ္စည်းများနဲ့ အခြားဆက်စပ်ပစ္စည်းများအပါအဝင် အရေးကြီးကုန်စည်များ စီးဆင်းမှုများ လွယ်ကူချောမွေ့စေရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၀ ပြည့်နှစ်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဆိုပါ နားလည်မှုစာချွန်လွှာက အာဆီယံဒေသတွင်းရှိ အရေးကြီးကုန်စည်များရဲ့ စီးဆင်းမှုအပေါ်မှာ မလိုလားအပ်တဲ့ အဟန့်အတားတွေ ဖြစ်စေတဲ့ အကောက်ခွန်မဟုတ်တဲ့အတားအဆီးတွေ ဖယ်ရှားဖို့အတွက်ပဲ ဖြစ်ပါတယ်။

စိုက်ပျိုးရေးထွက်ကုန်တွေအပေါ် ထောက်ပံ့မှုကွင်းဆက်ဆိုင်ရာ ကန့်သတ်ချက်တွေကြောင့် ကမ္ဘာ့ကုန်စည်ဈေးနှုန်းတွေ မြင့်တက်လာခြင်း၊ ကိုဗစ်ကပ်ရောဂါကနေ ကမ္ဘာ့ စီးပွားရေး ပြန်လည်ထူထောင်မှုကို ခြိမ်းခြောက်မှုဖြစ်စေခြင်းတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း တစ်ဖက်မှာကြည့်ပြန်ရင် အာဆီယံဒေသက ပြောင်း၊ ဂျုံ၊ ဘာလီကို အဓိကတင်သွင်းတဲ့နိုင်ငံဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ လာအိုနှင့် မြန်မာနိုင်ငံက စားသုံးတာထက်ပိုပြီး ပြောင်းထုတ်လုပ်နိုင်ပါတယ်။ ဒါကြောင့် ဒေသတွင်း အစား အစာဖူလုံရေးကိစ္စမှာ မြန်မာနိုင်ငံကလည်း ကဏ္ဍတစ်ခုကနေ ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

လက်ရှိပဋိပက္ခက ရရှိသောသင်ခန်းစာများကို အခြေတည်စဉ်းစားကာ အနာဂတ်ကာလမှာ စီးပွားရေးနှင့် ဘဏ္ဍာရေး အကျပ်အတည်းနဲ့ ပဋိပက္ခဖြစ်ပေါ်မှုကို ကာကွယ်နိုင်ဖို့ အတွက် အာဆီယံအနေနဲ့ စီးပွားရေးမူဝါဒများချမှတ်ရာတွင် အစားအစာဖူလုံစေရေး၊ စွမ်းအင်ဖူလုံစေရေး၊ လုံခြုံသော ခရီးသွားလာမှု၊ မက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးတည်ငြိမ် စေမှုကတစ်ဆင့် စီးပွားရေးကဏ္ဍလုံခြုံစေရေး၊ ထောက်ပံ့မှုကွင်းဆက်ပြတ်တောက်ခြင်းကို တားဆီးရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဈေးကွက်များ ဖွင့်လှစ်စေရေး အစရှိတဲ့ ကိစ္စရပ်များကိုမူတည်ပြီး ထည့်သွင်းချမှတ်သွားဖို့ လိုအပ်ပါတယ်။

စာမျက်နှာ ၆ သို့ ○

○ စာမျက်နှာ ၅ မှ

ကပ်ရောဂါဖြစ်ပွားခြင်းကပေးတဲ့ အခွင့်အလမ်းတစ်ခုဖြစ်တဲ့ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု အရှိန်အဟုန်မြင့်တက်လာမှုကို အသုံးချပြီး အာဆီယံကဒေသတွင်း ဒစ်ဂျစ်တယ်အဆောက်အအုံနှင့် ဒစ်ဂျစ်တယ်နည်းနဲ့ပေါင်းစည်း ဆက်သွယ်လုပ်ကိုင်မှုတွေ တိုးတက်စေရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အနာဂတ်ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများမှာလည်း ဒစ်ဂျစ်တယ်စနစ်ပေးချေမှုဆိုင်ရာ အခြေခံအအောက်အအုံတိုးတက်စေရေး ကိစ္စရပ်တွေအပေါ် မူတည်လာနိုင်ပါတယ်။

သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုရရှိဖို့အတွက် အာဆီယံက ဒေသတွင်းပတ်ဝန်းကျင်ကို အကာအကွယ်ပေးတဲ့ မူဝါဒတွေ၊ ရေရှည် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်တဲ့မူဝါဒတွေကို မိမိတို့နိုင်ငံနဲ့ သင့်လျော်လိုက်ဖက်အောင် ချမှတ်ဆောင်ရွက်နိုင်ဖို့လိုပါတယ်။

**မေး။** အာဆီယံနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှုနောက်ခံအခြေအနေများ မတူညီဘဲကွဲပြားနေခြင်းမှာ အာဆီယံပေါင်းစည်းရေးအတွက် အားသာချက်တစ်ခုလား သို့မဟုတ် အားနည်းချက်တစ်ခုလား။ မည်သို့ထင်မြင်ယူဆပါသလဲ။

**ဖြေ။** ကျွန်မတို့ရဲ့အမြင်အရ အာဆီယံနိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှုနောက်ခံများ ကွဲပြားခြားနားခြင်းက အာဆီယံပေါင်းစည်းရေးအတွက် အတားအဆီးတစ်ခု မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။ မတူကွဲပြားမှုကို စုစည်းညီညွတ်တဲ့ အားတစ်ရပ်အဖြစ် ထူထောင်နိုင်ခဲ့မှုက အာဆီယံပေါင်းစည်းရေးအတွက် အထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ လွန်ခဲ့သော ၅၅ နှစ်တာကာလမှာ အာဆီယံက ကမ္ဘာ့စီးပွားရေးမှာ အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်နိုင်ခဲ့လို့လည်း ယနေ့အာဆီယံက ဒေသတွင်းနဲ့ ကမ္ဘာ့စီးပွားရေးနဲ့နိုင်ငံရေးအင်အားစုတွေနဲ့ တိုးချဲ့ပေါင်းစည်းနိုင်ခဲ့တာ သက်သေပဲဖြစ်ပါတယ်။

အာဆီယံရဲ့ ဘုံဆန္ဒနှင့် စုပေါင်းစွမ်းအားတည်ထောင်မှုကို အာဆီယံအတွက် ဥပဒေနှင့် စည်းမျဉ်းမူဘောင်သဖွယ်ဖြစ်တဲ့ အာဆီယံပဋိညာဉ်က လမ်းညွှန်မှုပေးခဲ့ပါတယ်။ အာဆီယံပဋိညာဉ်က အာဆီယံကို ခိုင်မာစေဖို့နဲ့ ပိုပြီးစည်းလုံးညီညွတ်မှုရှိစေဖို့ ဆောင်ကြဉ်းပေးနိုင်ပါတယ်။

ဒ့ါအပြင် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်က အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးချစ်ကြည်တဲ့ ဆက်ဆံရေးကို ထိန်းကျောင်းပေးနိုင်မယ့် ကျင့်ဝတ်စည်းမျဉ်းတွေနဲ့ တည်ထောင်ထားပါတယ်။

မတူညီကွဲပြားမှုကနေ စည်းလုံးညီညွတ်မှု စိတ်ဓာတ်နဲ့ အာဆီယံရဲ့ အနာဂတ်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရည်မှန်းချက်တွေကို ပုံဖော်ရာမှာ အာဆီယံပဋိညာဉ်၊ ကြေညာချက်တွေ၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွေနဲ့ အာဆီယံရဲ့ အခြားသော သဘောတူညီချက်တွေက ထိရောက်တဲ့ယန္တရားတွေအဖြစ်နဲ့ လည်ပတ်ပါတယ်။

ဒ့ါအပြင် ဘာလီကွန်ကော့ (၂) မှာလည်း အာဆီယံအနေဖြင့် ဘုံတန်ဖိုးထားမှုရှိစေရေး၊ ပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့ကိစ္စ၊ ရေကြောင်းဆိုင်ရာလုံခြုံမှု၊ ကာကွယ်ရေးစတဲ့ ဘုံကိစ္စရပ်တွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေမျှဝေစေရေး၊ လူမှု-နိုင်ငံရေးဆိုင်ရာတန်ဖိုးနဲ့ စံနှုန်းများ ဖော်ထုတ်ရေး စသည့်အချက်များကို ဖော်ပြထားပါတယ်။

အာဆီယံရဲ့ မျှတတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ကို ပြည့်မီစေရေးအတွက် အာဆီယံ ကနဦးပေါင်းစည်းရေး အစီအစဉ်အောက်ကနေ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတွေအတွက် နည်းပညာအကူအညီပေးရေး၊ စွမ်းဆောင်ရည် မြှင့်တင်ရေး အစီအစဉ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနယ်ပယ်မှာ အာဆီယံရဲ့ ညီညွတ်တဲ့ ပေါင်းစည်းမှုရဲ့ရလဒ်အနေနဲ့ တရုတ်၊ ဟောင်ကောင်(တရုတ်)၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံများနဲ့ လွတ်လပ်သောကုန်သွယ်မှုဒေသများ တည်ဆောက်ထားပြီး ဖြစ်ပါတယ်။

ဒ့ါအပြင် ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်တစ်ခုဖြစ်တဲ့ ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို အာဆီယံနှင့်၎င်း၏လွတ်လပ်သော ကုန်သွယ်ဖက်နိုင်ငံများအကြား လက်မှတ်ရေးထိုးပြီးဖြစ်လို့ အသက်ဝင်နေပြီဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၅၅ နှစ်ကျော်က ပေါင်းစည်းခဲ့တဲ့ အာဆီယံဟာ ဒီနေ့ ကမ္ဘာ့စီးပွားရေးနယ်ပယ်မှာ အဓိကအင်အားကြီး အုပ်စုတစ်ခုအနေနဲ့ အရှိန်အဟုန်နဲ့ချီတက်နေနိုင်တာဟာ ၁၀ နိုင်ငံအကြား မတူကွဲပြားမှုတွေကို အင်အားတစ်ရပ်အဖြစ် အောင်မြင်စွာ ပေါင်းစည်းဆောင်ရွက်နိုင်ခဲ့တာဟာ ထင်ရှားတဲ့သက်သေသာဓကပဲ ဖြစ်ပါတယ်။

**မေး။** အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ မှာ ၂၀၂၅ ခုနှစ်တွင် ပြည့်မြောက်တော့မည်ဖြစ်ရာ အာဆီယံအနေဖြင့် မည်ကဲ့သို့မျှော်မှန်းချက်နှင့် ရည်မှန်းချက်အသစ်များကို အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန်ကာလများအတွက် ရေးဆွဲသင့်ပါသလဲ။



ဦးအောင်မြင့်
ညွှန်ကြားရေးမှူးချုပ်



ဒေါက်တာစန်းစန်းအေး
ညွှန်ကြားရေးမှူးချုပ်

**ဖြေ။** ၂၀၂၀ ပြည့်နှစ်မှာ ကျင်းပခဲ့တဲ့ (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ အာဆီယံနိုင်ငံ့ခေါင်းဆောင်တွေက အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်နှင့် စာတမ်းများ ရေးဆွဲဖော်ထုတ်ရေးဆိုင်ရာ ဟနွိုင်းကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ၂၀၂၅ ခုနှစ်လွန် မျှော်မှန်းချက်ရေးဆွဲတဲ့အခါ ပြီးပြည့်စုံသော၊ လက်တွေ့ကျသော၊ ဟန်ချက်ညီသော၊ အားလုံးပါဝင်သော၊ ပေါင်းစည်းညီညွတ်သော ပူးပေါင်းလုပ်ဆောင်မှုတွေ ဖြစ်စေရေးကို နိုင်ငံ့ခေါင်းဆောင်တွေက သဘောတူထားပါတယ်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ကို ရေးဆွဲဖို့အတွက် အာဆီယံ (၁၀) နိုင်ငံက Eminent Person (၁၀) ဦးနဲ့ အဆင့်မြင့်ကိုယ်စားလှယ် (၁၀) ဦးပါဝင်တဲ့ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ( High-Level Task Force on the ASEAN Community's Post-2025 Vision-HLTF-ACV) ကိုလည်း ၂၀၂၁ ခုနှစ်ကတည်းက ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ယနေ့ကာလအထိ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးကို နှစ်ကြိမ် ကျင်းပပြီးခဲ့ပြီး မျှော်မှန်းချက်တွင် ထည့်သွင်းမည့် ဖြစ်နိုင်ခြေရှိသည့် အကြောင်းအရာများကို ဆွေးနွေးလျက်ရှိပါတယ်။ အဆင့်မြင့်လုပ်ငန်းအဖွဲ့ရဲ့ အစည်းအဝေးများကို ယခုနှစ်အတွင်း ဆက်လက်ကျင်းပရန်ရှိပြီး ၂၀၂၅ အလွန် မျှော်မှန်းချက်တွင် ထည့်သွင်းမည့် အကြောင်းအရာများအပေါ် နိုင်ငံ့ခေါင်းဆောင်များသို့ တင်ပြနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းသွားကြမှာဖြစ်ပါတယ်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်မှာ ကမ္ဘာ့ပထဝီနိုင်ငံရေးဆိုင်ရာ အပြောင်းအလဲဖြစ်စဉ်တွေကနေ အာဆီယံရဲ့ တည်ငြိမ်ရေးနဲ့ စီးပွားရေး၊ လူမှုရေးကိစ္စတွေအပေါ် သက်ရောက်လာနိုင်တဲ့ကိစ္စတွေ၊ ကမ္ဘာ့ကုန်သွယ်မှုမှာ ကိုယ်ကျိုးစီးပွားကာကွယ်မှုများ တိုးမြင့်ကျင့်သုံးတဲ့ ကိစ္စတွေအပြင် နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ စွမ်းအင်ဆိုင်ရာ အကျပ်အတည်း၊ ရာသီဥတုပြောင်းလဲမှု၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ဆိုက်ဘာလုံခြုံရေး၊ အနာဂတ်မှာ ထပ်မံဖြစ်လာနိုင်သော ကပ်ရောဂါများအတွက် ကြိုတင်ပြင်ဆင်နိုင်ရေးကိစ္စ စတဲ့ပေါ်ထွန်းဆဲ (Emerging Issues) ကိစ္စရပ်များနဲ့ ဆက်နွယ်ပတ်သက်တဲ့ အကြောင်းအရာတွေကို ပူးပေါင်းဖြေရှင်းဆောင်ရွက်မယ့်အစီအမံတွေ ထည့်သွင်းသွားနိုင်ဖို့လိုပါတယ်။ ဒ့ါအပြင် အာဆီယံရဲ့ပေါင်းစည်းရေးဟာ ပိုမိုပွင့်လင်းပြီး အားလုံးပါဝင်ရမယ့်အပြင် အာဆီယံပဋိညာဉ်အပါအဝင် သဘောတူလက်ခံထားတဲ့ စည်းမျဉ်းတွေကိုအခြေခံပြီး စုစည်းတည်ထောင်ထားတဲ့ ဒေသတစ်ခုဖြစ်လာစေဖို့ မျှော်မှန်းရပါမယ်။ ဒ့ါအပြင် အာဆီယံဗဟိုပြုတဲ့ ပြင်ပနိုင်ငံအဖွဲ့အစည်းများရဲ့ ဆက်ဆံရေးကို ပိုမိုတိုးတက်စေရေး၊ ဂျီအမ်အက်စ်အပါအဝင် ဒေသခွဲတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေကို အပြန်အလှန် အကျိုးပြုစေရေး စတဲ့ကိစ္စရပ်များကိုလည်း ၂၀၂၅ အလွန် မျှော်မှန်းချက်မှာ ထည့်သွင်းသွားနိုင်ဖို့ လိုအပ်ပါတယ်။

**ဦးအောင်မြင့်**
**ညွှန်ကြားရေးမှူးချုပ်**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာအဆင့်မြင့်အရာရှိကြီး**

**မေး။** အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် မည်ကဲ့သို့ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမှာလဲ။

**ဖြေ။** အာဆီယံအသိုက်အဝန်းတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် အာဆီယံခေါင်းဆောင်ကြီးများက အတည်ပြုသဘောတူခဲ့ကြတဲ့ အာဆီယံမျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်သုံးခု၏ အခြေပြမြေပုံများ၊ အာဆီယံပဋိညာဉ်စာတမ်းများဟာ အရေးပါပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိကြပါတယ်။

ဒါကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ အာဆီယံပြည်သူများ၏ အကျိုးစီးပွားအတွက် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်းနှင့် အာဆီယံအသိုက်အဝန်း မဏ္ဍိုင်သုံးခု၏ အခြေပြမြေပုံများ(မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်များတွင် အားနည်းချက်များမရှိဘဲ ပိုမိုကောင်းမွန်သော အာဆီယံအသိုက်အဝန်း ဖန်တီးတည်ဆောက်ရေးအတွက် ဆက်လက်ပံ့ပိုးဆောင်ရွက်ရန်ရှိပါတယ်။

အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်အနေဖြင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန်ရည်မှန်းချက်မှာ ထည့်သွင်းမယ့် အဓိကအဆိုပြုအချက်များကို အသစ်ပေါ်ထွန်းလာနိုင်တဲ့ အကြောင်းအရာကိစ္စရပ်များနှင့်အညီ ထည့်သွင်းနိုင်ရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ၂၀၂၂ ခုနှစ် ဇွန် ၂၃ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးမှတစ်ဆင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ တင်ပြထားရှိပြီးဖြစ်ပါတယ်။

**မေး။** အာဆီယံနိုင်ငံအားလုံးက လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို အာဆီယံစိတ်ဓာတ်ဖြင့် မည်ကဲ့သို့ ဖြေရှင်းကျော်လွှားသင့်ပါသလဲ။

**ဖြေ။** အာဆီယံဟာ အာဆီယံဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒေသတွင်းပေါင်းစည်းညီညွတ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း၊ လူထုဗဟိုပြု အာဆီယံအသိုက်အဝန်းတစ်ခု မြှင့်တင်ဆောင်ရွက်ခြင်း၊ အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှုတိုးမြှင့်ခြင်းတို့ကို အာဆီယံစိတ်ဓာတ်နှင့်အတူ ဆောင်ရွက်သင့်ပါတယ်။

ဒ့ါအပြင် အာဆီယံဟာ လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရာ၌ ဆွေးနွေးဖက်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားပါဝင်ပတ်သက်သူများနဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့အခါ ပိုမိုစည်းလုံးညီညွတ်၍ အားလုံးပါဝင်သည့် အသိုက်အဝန်းတစ်ခုဖြစ်ရန်၊ အာဆီယံ၏ အချက်အခြာကျမှုကို ခိုင်မာအားကောင်းစေရန်နှင့် အဓိကစိန်ခေါ်မှုများအား ခွဲခြားသတ်မှတ်သင့်ပါတယ်။

**ဒေါက်တာစန်းစန်းအေး**
**ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် မှတ်ပုံတင်ကဏ္ဍ၏အဖွဲ့ဝင်**

**မေး။** အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးတွင် ကျား/မ တန်းတူညီမျှမှုရှိရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လူငယ်များပါဝင်မှုရရှိရေးတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှဆောင်ရွက်လျက်ရှိသည့် အမျိုးသားစီမံချက်များကို ရှင်းလင်းပြောကြားပေးပါ။

**ဖြေ။** မြန်မာနိုင်ငံမှာ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနဲ့ မသန်စွမ်းသူများရဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အခွင့်အလမ်းများကို တူညီရရှိခံစား နိုင်စေရန်၊ ဘဝအရည်အသွေးတိုးတက်မြင့်မားစေရန်အတွက် အားလုံးအကျုံးဝင်သော အသိုက်အဝန်းတစ်ရပ် ဖော်ဆောင်နိုင်ရေးဆိုတဲ့ ASEAN Community Vision 2025 ကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း(INGOs)များ၊ ပြည်တွင်းမှာရှိတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်း(NGOs)များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း(CSOs)များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ ၇ သို့ ○

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ ဆရာတော်၊ သံဃာတော်များအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)က တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၇**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ရန်ကုန်ရှိ ဆရာတော်၊ သံဃာတော်များအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေရှိ အဆိုပါတက္ကသိုလ်၏ မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပသည်။

**ငါးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဇောတိကထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဦးသိန်းလွင်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ဆက်လက်၍ ကြွရောက်လာကြသော ဆရာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ စိန်ဘရားသားဆွမ်းစားကျောင်း၌ မီးခိုးစုပ်ပန်ကာ တပ်ဆင်ရန်အတွက် အလှူငွေကျပ် ၁၁ သိန်းကို ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် အဖွဲ့က ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်ဇော်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**



○ စာမျက်နှာ ၆ မှ

အာဆီယံနဲ့ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်းကဏ္ဍရဲ့ ကဏ္ဍခွဲတွေဖြစ်တဲ့ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Social Welfare and Development – AMMSWD)၊ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေး (ASEAN Senior Official Meeting on Social Welfare and Development–SOMSWD)၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင် (ASEAN Commission on Promotion and Protection of the Rights of Women and Children – ACWC)နှင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ(ASEAN Committee on Women–ACW) တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက Focal Point အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

သက်ဆိုင်ရာ Focal Point အလိုက် တာဝန်ယူဆောင်ရွက်တဲ့နေရာမှာ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ကျား/မတန်းတူညီမျှမှုရှိရေး၊ အမျိုးသမီးများစွမ်းဆောင်ရည် မြင့်မားရေးတို့အတွက် အာဆီယံ၏ ကတိကဝတ်များ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါအချက်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များ(SDGs)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏လမ်းညွှန်မှုတို့ဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (National Strategic Plan for Advancement of Women–NSPAW) (၂၀၁၃–၂၀၂၂)ကို ကျား/မရေးရာဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါမဟာဗျူဟာကို အဓိကလုပ်ငန်းနယ်ပယ်(၁၂)ရပ်ဖြစ်တဲ့ အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများနှင့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ၊ အမျိုးသမီးများနှင့်စီးပွားရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းယန္တရားများ၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့်မီဒီယာ၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များဆိုတဲ့နယ်ပယ်များနဲ့ ထည့်သွင်းရေးဆွဲထားတာဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်မှာ ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အထက်ပါမဟာဗျူဟာစီမံကိန်း (NSPAW) (၂၀၁၃–၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် လေ့လာဆန်းစစ်ချက် (NSPAW Mapping)ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် National Mechanism အားကောင်းလာစေရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (Prevention and Protection of Violence against Women Law– POVAW Law)နဲ့ အခြားသော ကျား/မအခြေပြု အကြမ်းဖက်မှုနဲ့သက်ဆိုင်တဲ့ ဥပဒေများရေးဆွဲခြင်း၊ အကြမ်းဖက်ခံရသည့်အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center– OSWSC) တည်ထောင်ဖွင့်လှစ်ခြင်းနဲ့ Helpline စသည့်ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကဏ္ဍစုံတွင် ကျား/ မရေးရာထည့်သွင်းဆောင်ရွက်ခြင်းအတွက် Gender Analysis ပြုလုပ်ခြင်း၊ သင်တန်းများပေးခြင်း၊ မီဒီယာနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ကျား/မရေးရာအား ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေးအစီအစဉ်များ ထည့်သွင်းရေးဆွဲထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP)နှင့်အညီ ၂၀၂၂–၂၀၂၃ဘဏ္ဍာနှစ်အတွင်း– Gender, CEDAW, NSPAW, UNSCR 1325 နှင့် Gender Based Violence အသိပညာပေးအစီအစဉ်များကို ဝန်ကြီးဌာနများ၊ ခရိုင် ၅၃ ခု၊ မြို့နယ် ၅၀ တို့နှင့် အထက်တန်းကျောင်း ၇၅ ကျောင်းတို့တွင် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အမျိုးသမီးတွေရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနဲ့ အမျိုးသမီးများ ခေါင်းဆောင်မှုမြှင့်တင်ရေးတို့အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဦးဆောင်ဆောင်ရွက်မယ့် Project များဖြစ်တဲ့ "Enhancing Gender Responsive Treatment of Women Offenders and Women Prisoners in ASEAN" နဲ့ "Study on Women's Political Participation and Leadership in ASEAN" တို့အတွက် National Coordinator အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပညာရှင်များကို ခန့်အပ်တာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။

တစ်ဆက်တည်းမှာပဲ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးမှာ လူငယ်တွေပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် Senior Official Meeting on Youth(SOMY) Focal Point အနေနဲ့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံလူငယ်ရေးရာကိစ္စရပ်များ၊ စေတနာ့ဝန်ထမ်းလူငယ်တွေ့ဆုံပွဲများသို့လည်း မြန်မာနိုင်ငံမှ လူငယ်များ၊ စေတနာ့ဝန်ထမ်းလူငယ်များ ပါဝင်တက်ရောက်လျက်ရှိပါတယ်။ ဒါ့အပြင် လူငယ်များအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ကဏ္ဍစုံပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လူငယ်ရေးရာမူဝါဒကို ၅–၁–၂၀၁၈ ရက်နေ့မှာ မိတ်ဆက်ဖြန့်ချိနိုင်ခဲ့ပါတယ်။ အဆိုပါမူဝါဒတွင် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍများဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးနှင့် ဘေးဖြစ်စေတတ်သည့်အန္တရာယ်များ၊ အားကစားနှင့်အပန်းဖြေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှု၊ သုတေသန၊ သိပ္ပံနှင့်နည်းပညာ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး၊ ကျား/မ တန်းတူညီမျှမှု၊ လူ့အခွင့်အရေးနှင့်နိုင်ငံတကာဆက်ဆံရေးတို့ ထည့်သွင်းရေးဆွဲထားရှိပါတယ်။

**မေး။** **အာဆီယံရှိအစိုးရချင်းဆိုင်ရာအဖွဲ့အစည်းများနှင့် အာဆီယံအစည်းအဝေးများမှတစ်ဆင့် အာဆီယံပြည်သူများထံသို့ မည်ကဲ့သို့အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်ပါသလဲ။**

**ဖြေ။** အာဆီယံရှိ အစိုးရချင်းဆိုင်ရာအဖွဲ့အစည်းများနှင့် အာဆီယံအစည်းအဝေးများအား ဝန်ဆောင်မှုပေးသူများ (Service Providers)များဖြစ်တဲ့ နိုင်ငံဝန်ထမ်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း(NGOs)များ၊ အရပ်ဘက်အဖွဲ့အစည်း(CSOs)များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခြင်းအားဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနဲ့ မသန်စွမ်းသူများအတွက် လူမှုဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူမှုရေးပညာရပ်များ၊ ကျား/မတန်းတူညီမျှရေး ကိစ္စရပ်များကို ပိုမိုသိရှိလာနိုင်ပြီး ၎င်းတို့၏စွမ်းရည်ပိုမိုတိုးပွားလာကာ ပြည်သူများအတွက် ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်းမွန်စွာပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။

အာဆီယံလုပ်ငန်းဆောင်တာတစ်ရပ်ဖြစ်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် အခွင့်အရေးများတိုးမြှင့်ရရှိစေရေးကို အထူးအလေးပေးဆောင်ရွက်နိုင်ပြီး အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်လာနိုင်ခြင်း၊ လူငယ်များ၏ ကာယ၊ ဉာဏမှအစ အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့များစွာဖြစ်ထွန်းခြင်းအစရှိသည့် အကျိုးကျေးဇူးများ ရရှိစေမှာဖြစ်ပါတယ်။ ဒါတွေအပြင် အာဆီယံဒေသတွင်းရှိ အစိုးရများ၊ အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အန္တရာယ်ရှိလှသော ဒုစရိုက်နယ်ပယ်များဖြစ်သည့် လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကုန်ကူးခြင်းတို့ကို အလွယ်တကူ တိုက်ဖျက်နိုင်ပြီး အာဆီယံဒေသတွင်းရှိပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ပြည်သူတွေရဲ့ လိုအပ်ချက်အလိုက်ပံ့ပိုးပေးနိုင်ပြီး လူသားအရင်းအမြစ် ပျက်စီးဆုံးရှုံးမှုတို့ကို ကာကွယ်ပေးနိုင်မှာဖြစ်သလို နယ်စပ်ဖြတ်ကျော်ကျူးလွန်သောပြစ်မှုများကို အစိုးရချင်းဆွေးနွေးအဖြေရှာခြင်းဖြင့် အကောင်းမွန်ဆုံးသော ဖြေရှင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ရန်ကုန်အရှေ့ပိုင်းခရိုင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး(ခရိုင်အဆင့်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၂၂ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး(ခရိုင်အဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းပညာရေးဒီဂရီကောလိပ်ရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၂ခုနှစ် (၂၃)ကြိမ်မြောက် အဆို၊ အက၊အရေး၊အတီး(ခရိုင်အဆင့်) ပြိုင်ပွဲကို ရန်ကုန် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးငွေးအောင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးထူးလွင်၊ အကအကဲဖြတ်ပညာရှင် ဦးအောင်တင်ဝင်း၊ အဆို အကဲဖြတ်ပညာရှင် ဦးတင်ဦးလေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တေးသံရှင် မြတ်သူဇာက ပဥ္စသိခ် တေးသီးချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း၊ နိုင်ငံတော် ရွှေတံဆိပ် ၁၉ ဆုရှင် ရုပ်သေးပညာရှင် ဦးစိန်အေးမြင့်က ရုပ်သေး(မင်းသား၊ ဇော်ဂျီ)အကတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုကို လည်းကောင်း၊ မဟာရန်ကုန်အောင်စည်မိုးက ဆိုင်းလက်စွမ်းပြ တီးခတ်ဖျော်ဖြေ တင်ဆက်မှုကိုလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။




ဆက်လက်၍ ပြိုင်ပွဲဝင်များက အဆို၊အက၊ အရေး၊အတီး ဘာသာရပ်အလိုက် သတ်မှတ်နေရာများတွင် ယှဉ်ပြိုင်ကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်၏ ၂၀၂၂ခုနှစ်(၂၃) ကြိမ်မြောက် အဆို၊အက၊ အရေး၊ အတီး ခရိုင်အဆင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃နာရီတွင် မြတ်ပညာခန်းမ၌ ကျင်းပရာ အဆို၊အက၊အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲတွင် ဝါသနာရှင် ပထမတန်း အဆင့်၊ ဝါသနာရှင် ဒုတိယတန်းအဆင့်၊ ဘာသာရပ် အလိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများက ဆုများချီးမြှင့် ပေးအပ်ကြပြီး ဆုရရှိသူများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အဆို၊အက၊အရေး၊အတီး ခရိုင်အဆင့် ပြိုင်ပွဲတွင် ဘာသာရပ်အလိုက် အကဲဖြတ်အမှတ်ပေးကြသည့် ဒိုင်အဖွဲ့များအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အဆို၊အက၊အရေး၊အတီး ခရိုင်အဆင့်ပြိုင်ပွဲ ခရိုင်အဆင့် ပြိုင်ပွဲဝင် မြို့နယ် ၁၄ မြို့နယ်ရှိသည့်အနက် ဆုတံဆိပ်အများ ဆုံးရရှိသော မြောက်ဥက္ကလာပမြို့နယ်အား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က တံခွန်စိုက်ဆုကို ချီးမြှင့်ပေးအပ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၂၂ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး(ခရိုင်အဆင့်)ပြိုင်ပွဲကို ရန်ကင်းဒီဂရီ ကောလိပ်နှင့် သဃ်န်းကျွန်း ဒီဂရီကောလိပ်တို့တွင် နှစ်နေရာခွဲ၍ ဩဂုတ် ၆ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ရာ အဆို ပြိုင်ပွဲတွင် ၇၉ ဦး၊ အကပြိုင်ပွဲတွင် ၁၇ ဦး၊ အရေးပြိုင်ပွဲတွင် ၁၃ ဦးနှင့် အတီးပြိုင်ပွဲတွင် ၆၆ ဦး စုစုပေါင်း ၁၇၅ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေး ဆောင်ရွက်ခဲ့သည့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်၇နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Resort မှ မော်တော်ယာဉ်များဖြင့် ပြန်လည် ထွက်ခွာသွားသည်။

အဆိုပါ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်နှင့်တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာ ဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **“ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန် ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရ”**စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များကိုင်ဆောင်၍လည်းကောင်း နေပြည်တော်ရှိ Horizon Lake View Resort ၌ ပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တွံတေးမြို့နယ်၌ ယခုနှစ်တွင် မိုးစပါးဧက ၈၀၉၂၀ စိုက်ပျိုးရန် လျာထား

တွံတေး ဩဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွင်ယခုနှစ် မိုးရာသီတွင် မိုးစပါးစိုက်ပျိုးရန် ဧက ၈၀၉၂၀ လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

တွံတေးမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် လျာထားချက် ပြည့်မီစွာ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် တာဝန်ရှိသူများက မိုးစပါးလျာထား



ချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရန် လယ်ယာမြေကြိုတင်ပြင်ဆင်ရေး၊ မိမိဒေသနှင့်ကိုက်ညီသော မျိုးစပါးနှင့် အထွက်နှုန်းပိုသောမျိုးများ စိုက်ပျိုးနိုင်ရေး၊ ရေတော်မိုးတော်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများအား အသိပညာပေးခြင်း ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး ကြိုတင်ပြင်ဆင်ထားရေး ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

တွံတေးမြို့နယ်၌ ကွင်းပေါင်း ၂၁၉ ကွင်းတွင် မိုးစပါးစိုက်ပျိုးဧက ၈၀၉၂၀ လျာထားကာ စိုက်ပျိုးသည့် မျိုးစပါးများမှာ ရောမင်း၊ ဆင်းသုခ၊ ရက်(၉၀)၊ အညာသား၊ ကောက်ညှင်း၊ မီးဒုံး၊ ငကြွဲများ အဓိက စိုက်ပျိုးပြီး မီးဒုံးကို တောင်သူများ ပိုမိုစိုက်ပျိုးကြောင်း သိရသည်။

တွံတေးမြို့နယ်၌ စပါးစိုက်တောင်သူ ၁၂၅၇၁ ဦးရှိကြောင်း သိရသည်။ ယခင်နှစ်မိုးစပါး စိုက်ပျိုးထားရှိမှုမှာ မီးဒုံး ၃၇၉၀၅ ဧက၊ ငကြွဲ ၁၆၈၉၃ ဧက၊ အညာသား ၃၆၉၉ ဧက၊ ဆင်းသုခ ၂၅၉ ဧက၊ ရက် ( ၉၀) ၂၉၅ ဧက၊ကောက်ညှင်း ၁၅၅၃ ဧက၊ ရောမင်း ၈၃ ဧက စုစုပေါင်း ၆၀၆၈၇ ဧကဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တွံတေးသား**

## သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၇

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၁၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၁၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၁၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၁၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com


# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေနှင့်အဖွဲ့ (၂၁)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံနှင့် အပေါင်းသုံး အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအစည်းအဝေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထဲရေး ဝန်ကြီး H.E. Pham Thi Thanh Tra ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ ကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေး၊ (၆) ကြိမ်မြောက် အာဆီယံနှင့် အပေါင်းသုံး နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာဖိုရမ်တို့သို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက် ၁၀ နာရီခွဲတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။




အဆိုပါ ခရီးစဉ်အတွင်း ဩဂုတ် ၃ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပသည့် အစည်းအဝေးများကို "စည်းလုံးညီညွတ်ပြီး စွမ်းအားရှိသော အာဆီယံအသိုက်အဝန်းသို့ ဦးတည်စေမည့် ခေတ်မီနိုင်ငံ့ဝန်ထမ်းစနစ်တည်ဆောက်ရေး" ဟူသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဩဂုတ် ၄ ရက်တွင် ကျင်းပသည့် ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာဖိုရမ်အား "Renovation of Civil Servants Training and Upgrading for Building Capacity and meeting International Integration requirement" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသည်။

ယင်းအစည်းအဝေးများ၌ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅)နှင့် အာဆီယံအပေါင်းသုံး နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅)အောက်၌ သက်ဆိုင်ရာအာဆီယံနိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၏ အခြေအနေအပေါ် ဆွေးနွေးအတည်ပြုခြင်းနှင့် အာဆီယံအပေါင်းသုံးနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ အာဆီယံ၏ အခြားဆက်စပ်အစည်းအဝေးများတွင် ACCSM ကဏ္ဍနှင့် သက်ဆိုင်သည့် အတည်ပြုချက်နှင့် ဆုံးဖြတ်ချက်များအပေါ် လေ့လာသုံးသပ်ခြင်း၊ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ မဟာဗျူဟာကျသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမူဘောင်အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ ဗီယက်နမ်နိုင်ငံမှ အဆိုပြုထားသည့် "စိန်ခေါ်မှုအသစ်များအပေါ်နိုင်ငံ့ဝန်ထမ်းများ၏ လိုက်လျောညီထွေရှိမှုကို မြှင့်တင်ပေးခြင်းဆိုင်ရာ အာဆီယံကြေညာချက်" နှင့်စပ်လျဉ်း၍ ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများအတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် အောင်မြင်စွာကျော်လွှားနိုင်ခဲ့မှု အတွေ့အကြုံများကို မျှဝေဆွေးနွေးခြင်း၊ အာဆီယံမိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ဩစတြေးလျနိုင်ငံ Australian Public Service Commission(APSC)နှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ ဗီယက်နမ်နိုင်ငံမှ ဘရူနိုင်းနိုင်ငံသို့ (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်သည့် အခမ်းအနားနှင့် ဘရူနိုင်းနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းအကြီးအကဲက ၎င်းတို့ တာဝန်ယူမည့်ကာလအတွင်း ဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးများနှင့် ဆက်စပ်လုပ်ငန်းစဉ်များအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို တင်ပြခဲ့ကြသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဟနွိုင်းမြို့ရှိ Vietnam Museum of Ethnology သို့ လေ့လာရေးခရီး သွားရောက်ခြင်း၊ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် အာဆီယံ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများသည် ဗီယက်နမ်နိုင်ငံ အစိုးရအဖွဲ့ Deputy Prime Minister H.E. Pham Binh Minh ကိုလည်း သွားရောက်တွေ့ဆုံ ဂါရဝပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၃)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာပွဲတော် ကျင်းပ

**ဘားအံ ဩဂုတ် ၇**

(၄၃)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး) ပွဲတော်ကို ယနေ့နံနက် ၉ နာရီခန့်တွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ အနှစ်သာရပြည့်ဝစွာနှင့် စည်ကားသိုက်မြိုက်စွာ စုပေါင်းကျင်းပခဲ့ကြသည်။

ဦးစွာ သဘာပတိဒေါ်နန်းမြင့်တင်က ချည်ဖြူဖွဲ့မင်္ဂလာနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က အမှာစကားပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး) ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားပြီး ခေတ္တဝန်ကြီးချုပ် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမျိုးမင်းနောင်က ငွေကျပ်သိန်း ၇၀ ကို ပေးအပ်လှူဒါန်းရာ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက အလှူငွေထည့်ဝင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ဆက်လက်၍ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်ပြည်နယ်နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးစောချစ်သူနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကရင်တိုင်းရင်းသား ရပ်မိ ရပ်ဖများ၊ တိုင်းရင်းသားပြည်သူများက အဘိုး၊ အဘွားများထံတွင် ချည်ဖြူဖွဲ့ခံယူကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❖

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ /တိုင်းဒေသကြီး / ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Nitrogen Dioxide ($NO_2$)၊ Sulphur Dioxide ($SO_2$) နှင့် Ozone ($O_3$) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မြစ်ကြီးနားမြို့၊ ဘားအံမြို့၊ မုံရွာမြို့၊ ထားဝယ်မြို့၊ မော်လမြိုင်မြို့၊ စစ်တွေမြို့နှင့် တာချီလိတ်မြို့တို့တွင် တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များအား Air Quality Index (AQI) ဖြင့် တွက်ချက်ထားမှုအရ အောက်ပါအတိုင်း လေ့လာဆန်းစစ်တွေ့ရှိရပါသည်–

- ဒက္ခိဏခရိုင်ရုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် $PM_{2.5}$၊ မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အောင်ကမ္ဘာကျောက်ခွဲစက်ရုံတွင် $PM_{2.5}$ နှင့် $PM_{10}$၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဘားအံမြို့တွင် $PM_{2.5}$ နှင့် $NO_2$ နှင့် ညွှန်ကြားရေးမှူးရုံး ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့တွင် $PM_{2.5}$ သည် လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အလယ်အလတ်အဆင့် (Moderate)တွင် ရှိပါကြောင်း၊
- ညောင်ဦးခရိုင်ရုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ညောင်ဦးမြို့ Bagan Umbra Hotel တို့တွင် $NO_2$၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဘားအံမြို့တွင် $PM_{10}$၊ ညွှန်ကြားရေးမှူးရုံး တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာနတွင် $NO_2$၊ တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတွင် $PM_{2.5}$ နှင့် $SO_2$ သည် ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် (Unhealthy for Sensitive Groups) တွင် ရှိပါကြောင်း၊
- စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းရုံးဝင်းတွင် $PM_{2.5}$ သည် ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် (Unhealthy)တွင် ရှိပါကြောင်း၊
- ကျန်နေရာများ၏ ဝန်းကျင်လေထုအရည်အသွေးသည် ပုံမှန်ကောင်းမွန်သောအဆင့် (Good) တွင် ရှိပါကြောင်း။

| စဉ် | | ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီး / ပြည်နယ်များတွင် တိုင်းတာခဲ့သည့်နေရာများ | တိုင်းတာသည့် နေ့ရက် | တိုင်းတာသည့် Parameter များ $PM_{2.5}$ ($\mu g/m^3$) | $PM_{10}$ ($\mu g/m^3$) | $SO_2$ ($\mu g/m^3$) | $NO_2$ ($\mu g/m^3$) | $O_3$ ($\mu g/m^3$) |
|---|---|---|---|---|---|---|---|---|
| ၁ | | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ | 4.7.2022 | 45 | 19 | 0 | 0 | 5 |
| | ၂ | ဒက္ခိဏခရိုင်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | 14.7.2022 | 65 | 30 | 0 | 0 | 4 |
| ၂ | | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ (၅၅)လမ်း ဗိုလ်တထောင်မြို့နယ် | 18.7.2022 | 28 | 6 | 4 | 12 | 19 |
| | ၂ | သာကေတဝန်ထမ်းအိမ်ရာ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | 17.7.2022 | 30 | 7 | 3 | 11 | 0 |
| ၃ | | မန္တလေးတိုင်းဒေသကြီး | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | 20.6.2022 | 13 | 7 | 0 | 0 | 0 |
| | ၂ | မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ် အောင်ကမ္ဘာကျောက်ခွဲစက်ရုံ | 9.7.2022 | 72 | 87 | 0 | 11 | 19 |
| | ၃ | ညောင်ဦးခရိုင်ရုံး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | 8.7.2022 | 30 | 10 | 7 | 105 | 2 |
| | ၄ | ညောင်ဦးမြို့ Bagan Umbra Hotel | 13.7.2022 | 39 | 13 | 17 | 103 | 17 |
| | ၅ | ကျောက်ဆည်ခရိုင်ရုံး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | 4.7.2022 | 42 | 9 | 0 | 47 | 18 |
| ၄ | | ကချင်ပြည်နယ် | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | 19.7..2022 | 13 | 20 | 14 | 8 | 11 |
| ၅ | | ကရင်ပြည်နယ် | | | | | | |
| | ၁ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဘားအံမြို့ | 7.7.2022 | 62 | 108 | 4 | 53 | 24 |
| | ၂ | ညွှန်ကြားရေးမှူးရုံး၊ ကရင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | `15.7.2022 | 52 | 31 | 0 | 19 | 8 |
| ၆ | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | 16.7.2022 | 47 | 12 | 3 | 17 | 3 |
| | ၂ | စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းရုံးဝင်း | 19.7.2022 | 159 | 14 | 7 | 5 | 18 |
| ၇ | | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန | 16.7.2022 | 26 | 18 | 0 | 103 | 25 |
| | ၂ | ညွှန်ကြားရေးမှူးရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန | 8.7.2022 | 25 | 12 | 0 | 39 | 44 |
| ၈ | | မွန်ပြည်နယ် | | | | | | |
| | ၁ | ဈေးချိုဝိုင်းအနီး မော်လမြိုင်မြို့ | 13.7.2022 | 40 | 21 | 3 | 37 | 11 |
| ၉ | | ရခိုင်ပြည်နယ် | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ရခိုင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန | 1.7.2022 | 11 | 6 | 0 | 3 | 24 |
| | ၂ | စစ်တွေခရိုင်၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန | 13.7.2022 | 10 | 6 | 0 | 3 | 33 |
| ၁၀ | | ရှမ်းပြည်နယ် | | | | | | |
| | ၁ | တာချီလိတ်ခရိုင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | 1.7.2022 မှ 22.7.2022 အထိ | 133 | 33 | 108 | 9 | – |

Air Quality Index (AQI)

| | |
|---|---|
| 0–50 | Good |
| 51–100 | Moderate |
| 101–150 | Unhealthy for Sensitive Groups |
| 151–200 | Unhealthy |
| 201–300 | Very Unhealthy |
| 301–500 | Hazardous |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## မင်းဘူး(စကု)မြို့နယ်မှ မြေပဲစိုက်တောင်သူများ ဈေးနှုန်းမြင့်တက်၍ အဆင်ပြေ

မင်းဘူး ဩဂုတ် ၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်မှ မြေပဲစိုက်တောင်သူများ ဝယ်လိုအားကောင်းပြီး မြေပဲဆန်နှင့် မြေပဲဆီ ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် အဆင်ပြေလျက်ရှိကြောင်း ရွာသာကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးလှစိုးက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ မိုးဦးမြေပဲဧက ၈၁၅၃ ဧက စိုက်ပျိုးထားသော်လည်း ဝယ်လိုအားကောင်းပြီး စားဆီဈေးနှုန်း မြင့်တက်မှုနှင့်အတူ မြေပဲဆန် တစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ဈေးအထိ မြင့်တက်လျက်ရှိရာ မြေပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်၏ စားဆီဈေးနှုန်းများမှာ မြေပဲဆီ တစ်ပိဿာ ငွေကျပ် ၁၁၀၀၀၊ နှမ်းဆီ တစ်ပိဿာ ငွေကျပ် ၁၁၀၀၀၊ နေကြာဆီ တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ နှင့် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၉၀၀၀ တို့ဖြစ်သည်။

စားဆီဈေးနှုန်းများ မြင့်တက်လျက်ရှိသောကြောင့် မိုးလယ်နှင့် မိုးနှောင်းကာလများတွင် ဆီထွက်သီးနှံများ တိုးချဲ့၍ လျာထားစိုက်ပျိုးသွားမည် ဖြစ်ကြောင်း မင်းဘူးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဇေယျာထက်(မင်းဘူး)**

## နိုင်ငံတကာအသိုက်အဝန်းက တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံကြောင်း အတည်ပြု

**ပေကျင်း ဩဂုတ် ၇**

အမေရိကန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ တရုတ်နိုင်ငံ၏ ထိုင်ဝမ်ဒေသသို့ လာရောက်လည်ပတ်မှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက ပြင်းထန်စွာကန့်ကွက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး တရုတ်တစ်နိုင်ငံတည်းမူဝါဒ(one-china principle)ကို ထောက်ခံကြောင်း အတည်ပြုပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံသည် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေစိုးမိုးရေးကိုထောက်ခံပြီး တရုတ်တစ်နိုင်ငံတည်းမူဝါဒကို လေးစားလိုက်နာရန်အရေးကြီးကြောင်း လက်ဘနွန်နိုင်ငံ အိမ်စောင့်အစိုးရ နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒယ်လာဘူဟာဘစ်ကလက်ဘနွန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးမီကျန်းနှင့် တွေ့ဆုံဆွေးနွေးစဉ်အတွင်း ပြောကြားခဲ့သည်။

ထိုင်ဝမ်ဒေသသည် တရုတ်နိုင်ငံမှ ခွဲထွက်သည့် အစိတ်အပိုင်းတစ်ခုဖြစ်သည့်အတွက် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ဆူဒန်နိုင်ငံအနေဖြင့် ထောက်ခံပါကြောင်း ဆူဒန်ယာယီနိုင်ငံခြားရေးဝန်ကြီး အလီအယ်လ်-ဆာဒစ်က ဆူဒန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မာရှင်မင်နှင့် တွေ့ဆုံပြီးနောက် ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ဆားဘီးယားဝန်ကြီးချုပ် အာနာဘာနာဘစ်ကလည်း ဆားဘီးယားနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံကြောင်းနှင့် ထိုင်ဝမ်ဒေသအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရေးပါသောအစိတ်အပိုင်းအဖြစ်သာ ယူဆထားပါကြောင်း ပြောကြားခဲ့သည်။ အဆိုပါခံယူချက်ကိုပြောင်းလဲသွားမည်မဟုတ်ကြောင်း ဆားဘီးယားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အာရပ်အဖွဲ့ချုပ်၏ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဟော့ဆမ်ဇာကီကလည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကို လိုက်နာကြောင်း ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။ အာရပ်အဖွဲ့ချုပ်အနေဖြင့် တရုတ်နိုင်ငံက ၎င်း၏ အချုပ်အခြာအာဏာနှင့် နယ်မြေစိုးမိုးမှုကို ကာကွယ်ရာတွင် တရုတ်နိုင်ငံ၏ ကြိုးပမ်းမှုကို ထောက်ခံပါကြောင်း ဟော့ဆမ်ဇာကီက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်သိန်းကျော်ထပ်မံတွေ့ရှိ

**တိုကျို ဩဂုတ် ၇**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၆၄၉၅ ဦးစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၄၀၄၉၉၇၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၆၁ ဦးသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၃၅၀၉ ဦး ရှိပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၂၆၃၁၃ ဦးအား တိုကျိုမြို့တော်၌ စစ်ဆေးတွေ့ရှိပြီး သေဆုံးသူ ၁၂ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် မြို့တော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာခံစားနေရပြီး အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ထားရသူအရေအတွက် ၃၆ ဦးရှိကြောင်း သိရသည်။

မြို့တော်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် လွန်ခဲ့သောရက်သတ္တပတ်အတွင်း တွေ့ရှိခဲ့သည့် အရေအတွက်ထက် ၅၂၂၈ ဦးလျော့ကျလာကြောင်း သိရှိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

## နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၀၂ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် ဩဂုတ် ၇**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၀၂ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

အဆိုပါနယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ လက်ရှိတွင် အထူးကြပ်မတ် ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူများ အပါအဝင် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါလူနာ ၆၀၆ ဦးရှိကြောင်း သိရသည်။

ယနေ့တွေ့ရှိသည့် ကူးစက်ခံရသူများအနက် ၂၂၀ သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၆၄၂၄၇၈ ဦးရှိကြောင်းနှင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၁၆၃၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ကျူးဘားနိုင်ငံ၌ လောင်စာဆီသိုလှောင်ကန်တစ်ခု ပေါက်ကွဲမှုဖြစ်ပွား၊ အနည်းဆုံး ၁၇ ဦး သေဆုံး



**ဟာဗားနား ဩဂုတ် ၇**

ကျူးဘားနိုင်ငံ မာတန်ဇာစ်ဆိပ်ကမ်းအနီး၌ လောင်စာဆီသိုလှောင်ကန်တစ်ခု ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၇ ဦးသေဆုံးခဲ့ပြီး ၆၇ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျူးဘားသမ္မတရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**ပေါက်ကွဲမှုများဖြစ်**

ဩဂုတ် ၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီအချိန်တွင် အဆိုပါလောင်စာဆီသိုလှောင်ကန်ကို မိုးကြိုးပစ်ချခဲ့သဖြင့် မီးလောင်ကျွမ်းကာ ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသန္တရမီဒီယာက သတင်းဖော်ပြသည်။

အဆိုပါ သိုလှောင်ကန် မီးလောင်ကျွမ်းမှုသည် ဩဂုတ် ၇ ရက် နံနက်ပိုင်းအထိ ကြာမြင့်ခဲ့ပြီး အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကယ်ဆယ်ရေးဝန်ထမ်းများက ပြောင်းရွှေ့ပေးခဲ့ရသည်။

**သွားရောက်ကြည့်ရှု**

ကျူးဘားသမ္မတ ဒေ့ဇ်ကနယ်လ်က ဟာဗားနားမြို့တော်မှ ကီလိုမီတာ ၁၀၀ ခန့်အကွာအဝေးရှိသည့် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ထိခိုက်စေမည်ဖြစ်**

ကျူးဘားနိုင်ငံသည် လောင်စာဆီပြတ်လပ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှု မကြာခဏဖြစ်ပွားလျက်ရှိပြီး ယခုလောင်စာဆီသိုလှောင်ကန် မီးလောင်ကျွမ်းမှုကြောင့် နိုင်ငံ၏လျှပ်စစ်မီးထောက်ပံ့မှုကို ထိခိုက်စေမည်ဖြစ်မည်ဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၇၃၈ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဩဂုတ် ၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၇၃၈ ဦးထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၄၁၄၅၇၃၂ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၃၄၉၃၃ ဦးရှိကြောင်း သိရသည်။

**စမ်းသပ်စစ်ဆေးမှုများပြုလုပ်**

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀ ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၆၆၈၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ပြည်သူ ၈၇၇ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၈၅၅၈ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၃၄၈၄၁၁၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ထိုးနှံပေးပြီးဖြစ်**

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအစီအစဉ်အောက်တွင် ယနေ့နံနက်ပိုင်းအချိန်အထိ ကာလအတွင်း ကာကွယ်ဆေးအလုံးရေ ၂၀၆၈၁၇၉၄၁၁ လုံး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။



**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကိုဗစ်-၁၉ ရောဂါ ကင်းစင်သွားပြီဖြစ်

**ဝါရှင်တန် ဩဂုတ် ၇**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာပြီး ရောဂါကူးစက်မှုကင်းစင်သွားပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျိုးဘိုင်ဒင်သည် ရောဂါကူးစက်မှု စစ်ဆေးတွေ့ရှိရသည့်အတွက် ဇူလိုင် ၃၀ ရက်မှစပြီး သီးခြားခွဲနေထိုင်လျက်ရှိသည်။

သမ္မတဂျိုးဘိုင်ဒင်အား ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆရာဝန်က ဂျိုးဘိုင်ဒင်သည် ရောဂါကင်းစင်သွားပြီဖြစ်ကြောင်းနှင့် ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း အိမ်ဖြူတော်ဝက်ဘ်ဆိုက်တွင် ယမန်နေ့က ရေးသားခဲ့ကြောင်း သိရသည်။

ရောဂါစစ်ဆေးမှုနောက်ထပ်တစ်ကြိမ် ခံယူမည်ဖြစ်ပြီး ရောဂါကင်းစင်သည့်ရလဒ်ထွက်ပေါ်သည့်တိုင် သမ္မတ ဂျိုးဘိုင်ဒင်က ဆက်လက်သီးခြားခွဲနေထိုင်မည်ဖြစ်ကြောင်း ၎င်း၏ဆရာဝန်က ပြောသည်။

ဂျိုးဘိုင်ဒင်သည် ဇူလိုင် ၂၁ ရက်တွင် ပထမဆုံးအကြိမ် ရောဂါကူးစက်ခံရပြီး ခြောက်ရက်အကြာတွင် ရောဂါကင်းစင်သွားခဲ့သည်။ ယင်းနောက် ဇူလိုင် ၃၀ ရက်တွင် ဒုတိယအကြိမ်ရောဂါထပ်မံကူးစက်ခံရပြီး လက်ရှိအချိန်အထိ သီးခြားခွဲနေထိုင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၃၄ သန်းကျော်ရှိလာ

**ဟနွိုင်း ဩဂုတ် ၇**

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၁၃၄၆၁၃၇ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၄၃၀၉၄ ဦးရှိလာကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၀၉ ဦးထပ်မံတွေ့ရှိကြောင်းနှင့် အဆိုပါ ရောဂါကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၉၉၆၄၅၃၃ ဦးသည် ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းသွားခဲ့ပြီဖြစ်ကြောင်းနှင့် အဆိုပါအရေအတွက်သည် ကူးစက်ခံရသူစုစုပေါင်း၏ ၈၈ ရာခိုင်နှုန်းနီးပါးရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၄၈ ဒသမ ၃ သန်းထိုးနှံ ပေးပြီးဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ၂၁၄ ဒသမ ၇ သန်းကျော်အား အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများကို ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■



# တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ပထမခုနစ်လအတွင်း ၁၀ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်

**ပေကျင်း ဩဂုတ် ၇**

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယခုနှစ် ပထမခုနစ်လအတွင်း ယွမ် ၂၃ ဒသမ ၆ ထရီလီယံ(အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံခန့်)ရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း တရားဝင်အချက်အလက်များက ဩဂုတ် ၇ ရက်တွင် ဖော်ပြထားသည်။

ပို့ကုန်သည် ယွမ် ၁၃ ဒသမ ၃၇ ထရီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူ ကာလကထက် ၁၄ ဒသမ ၇ ရာခိုင်နှုန်း၊ သွင်းကုန်သည် ယွမ် ၁၀ ဒသမ ၂၃ ထရီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလကထက် ၅ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း တရုတ် အကောက်အခွန်ဌာနက ပြောကြားသည်။

ယခုနှစ် ပထမခုနစ်လအတွင်း တရုတ်နိုင်ငံ၏အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်မှုသည် ၁၃ ဒသမ ၂ ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂနှင့် ကုန်သွယ်မှုသည် ၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုသည် ၁၁ ဒသမ ၈ ရာခိုင်နှုန်း စသည်ဖြင့် အသီးသီး မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၈၄ ဦးထပ်မံတွေ့ရှိ



**ကွာလာလမ်ပူ ဩဂုတ် ၇**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၈၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၇၀၅၈၂၄ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါ ကူးစက်ခံရသူများအနက် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၄၆၇၉ ဦးသည် ဒေသတွင်းကူးစက်ခံရသူများ ဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၁ ဦးထပ်မံသေဆုံးသည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၆၀၂၀ ရှိကြောင်း သိရသည်။

သို့သော် လူနာ ၄၂၇၅ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည် ကောင်းမွန်လာသူပေါင်း ၄၆၂၉၀၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၄၆၉၀၄ ဦးရှိပြီး ယင်းတို့အနက် ၅၆ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၃၅ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၄ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ငွေကျပ် ၂ ဒသမ ၈၆ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၂၂၀ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ငွေကျပ် ၂ ဒသမ ၈၆ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၂၂၀ သိမ်းဆည်းရမိခဲ့ကြောင်းမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁ ရက် ည ၇ နာရီခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် မန္တလေး- လားရှိုးသွားကားလမ်း မိုင်တိုင်အမှတ် ၇၉/၄ အနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော ဆီဘောက်ဆာယာဉ်ကို တွေ့ရှိသဖြင့် လျှို့ဝှက်စောင့်ကြည့်နေစဉ် ဩဂုတ် ၄ ရက် ညနေ ၃ နာရီခွဲတွင် ရပ်တန့်ထားသည့်နေရာမှ ကျောက်မဲဘက်သို့ မောင်းနှင်သွားသဖြင့် ဂုတ်တွင်းတံတားထိပ်တွင် တားဆီးရှာဖွေခဲ့ရာ မင်းဇော်ဦးနှင့် ချမ်းမြေ့ဇော်တို့အား မသင်္ကာဆီဘောက်ဆာယာဉ်ဖြင့်လည်းကောင်း၊ အောင်အောင်အား ဆိုင်ကယ်ဖြင့်လည်းကောင်း တွေ့ရှိရပြီး ဆီဘောက်ဆာယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် ၂ ဒသမ ၈၆ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၂၂၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး



သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး ကက်တမင်းများနှင့် အတူတွေ့ရစဉ်။

ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# တရားမဝင် စားသုံးဆီ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၇

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဆိပ်ကမ်းတာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုမရှိဘဲ တင်သွင်းလာသော မော်တော်ယာဉ်ခုနစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၆၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၅ ရက်နှင့် ၆ ရက်နေ့များတွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၀၀၀၀၀)ကိုသိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID တွင်ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Ceiling Board များ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော နောက်တွဲယာဉ်ပါ Nissan Diesel Tractor Head အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြဝတီမြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ခရီးသည်တင်မော်တော်ယာဉ်တစ်စီးပေါ်မှ ခရီးသည် ပစ္စည်းများနှင့် အတူရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဟင်းသီးဟင်းရွက် ဟင်းချက်ဆီများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Sunlong အမျိုးအစား မော်တော်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ခရီးသည်တင် မော်တော်ယာဉ်တစ်စီးပေါ်မှ ခရီးသည်ပစ္စည်းများနှင့်အတူရောနှော တင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဟင်းသီးဟင်းရွက် ဟင်းချက်ဆီများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Anhui Ankai အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၅၆၇၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကဝမြို့နယ် သပြေကန်ကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းမိုင်တိုင်အမှတ်(၆/၃)နှင့်(၆/၄)ကြား၌ လိုင်စင်မဲ့ TOYOTA PROBOX SUCCEED အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၃၀၂၇၆၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

❖



မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၈-၂၀၂၂ တနင်္လာနေ့

**MRTV HD**

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုရာဝယ်
၀၉:၁၀ စိုက်ပျိုးရေးရာအဖြေရှာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
၁၁:၄၅ ဘဝနှင့်အနုပညာ
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၁၀)
၁၃:၃၀ MRTV National News
၁၆:၃၅ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၄၅ This Week's Special Interest
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘက်စုံကက်ဘောအက်ဆေး' (အပိုင်း-၃၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၆)

**mitv**

07:01 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
07:08 TNga Laik Dam & Nga Laik Kan Tha Eco Resort
07:25 School for the Blind
07:28 Unique Art of Stucco Work
07:44 Karaweik Palace - A Symbol Of Glorious Myanma Culture
08:01 Mushroom Farming
08:25 Myanmar Puppeteers (Zawgyi Dance)
08:34 Taung Byone Nat Festival (Ep-2)
09:01 News
09:26 Global Partnership for Brighter Future: Tonga Pavilion at Expo 2020 Dubai
09:34 Danu Food: Pounded Crab Apple Salad
09:39 Ngapali, Unique Spot To Relax
10:02 Kindhearted Pet Lovers

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သာယာလှပသောကျိုက်ထီးရိုးဘုရားသို့ သွားလည်ကြရအောင်
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာ နှာခေါင်းပလွေမှုတ်
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ဘာသာစကားပြောကြရပါစို့ (အပိုင်း-၄)
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
Arakan Talented Star
(တေးသံရှင်ဒိုးကလေးနှင့်တွေ့ဆုံခြင်း)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဝရိုးရာရက်ကန်းနှင့်အထည်
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
မနောအလှ
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကော်ယော်(မိုနု)ဒေသသို့
**ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကင်းမွန်ငါးကောက်ညှင်းအစာသွပ်
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မသန်သော်လည်းစွမ်းတဲ့သူ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလဲ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စနစ်
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၇:၁၀ စိုက်ပျိုးထုတ်ကုန်မြှင့်တင်ဖို့ သွားရောက်လေ့လာကြပါစို့
၀၇:၃၅ မွေးမြူရေးကဏ္ဍမြင့်မားဖို့ ငါးခြောက်ထုတ်လုပ်ငန်း သားဖောက်နည်းဖြင့် ထုတ်လုပ်မွေးမြူစို့
၀၈:၂၀ စပါးအခြောက်ခိုက်ခင်းများနှင့် ပေါင်းပြဿနာ အဖြေရှာ
၀၉:၄၀ အရည်အသွေးကောင်းသစ်သီးဝလံများ ထွက်ရှိရာ နေပြည်တော်တခွင်မှာ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင်(၃)နာရီ (၆)ကြိမ်နှုန်း(၂၄)နာရီထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာ၌ PDF အကြမ်းဖက်သမားများက နေအိမ်အား မီးရှို့၍ လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် တည်နေရာပြမြေပုံ။



မြိုင်မြို့နယ် တွင်းမကျေးရွာတွင် PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိပြည်သူများအား တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ငွေများပေးအပ်စဉ်။

**■ မကွေးတိုင်းဒေသကြီးမှ**

အမျိုးသားနှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမား ၂၀ ခန့်က တွင်းမကျေးရွာ အတွင်းသို့ဝင်ရောက်ခဲ့ပြီး ကျေးရွာအတွင်းရှိ ဦးသာဘို၏ နေအိမ်ခြံဝန်းအား လက်နက်ငယ်များဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက် မီးရှို့ခဲ့ခြင်းကြောင့် ဦးသာဘို၏ နေအိမ်တွင် လာရောက်တည်းခို နေထိုင်လျက်ရှိသည့် အသက်နှစ်နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ငါးနှစ်အရွယ် ကလေးငယ် တစ်ဦး၊ အလယ်တန်းပြဆရာမ တစ်ဦး အပါအဝင် အမျိုးသားခုနှစ်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး အမျိုးသားခုနှစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် ကျေးရွာတွင် နေထိုင်သည့် အမျိုးသားနှစ်ဦးကို သတင်းပေး ဒလန်ဟုစွပ်စွဲ၍ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏တိုက်ခိုက်ခြင်းခံခဲ့ရသည့် ပြည်သူများကယခုလို ပြောကြားခဲ့သည်။

**အမျိုးသား**

ဘာလုပ်လို့လုပ်ရမှန်းမသိ၊ ဘယ်သွားလို့သွားရမှန်းမသိတဲ့အထိ ဖြစ်နေပါပြီ။ ဒီမှာအကုန်ဒုက္ခတွေရောက်နေကြပါတယ်။ မှတ်ပုံတင်တချို့နဲ့ ဆိုင်ကယ်တွေရော၊ လူတွေရော အကုန်အိမ်ထဲကို ထည့်ပြီး မီးရှို့သွားတယ်။ သူတို့က လူသားချင်း မစာမနာ လုပ်သွားကြတာပါ။ ကျွန်တော်တို့မှာ ဘာလက်နက်မှမရှိသလို ဘာမှလည်းပြန်လုပ်လို့ မရပါဘူး။ အိမ်ကိုလာတဲ့ သူတို့အဖွဲ့က အယောက် ၃၀ အနည်းဆုံးရှိပါတယ်။ လာပစ်တော့ ကျွန်တော်က ကျန်တဲ့လူတွေကို ပြေးပါ ပြေးပါ ဆိုပြီး အော်ပြောပြီး သူတို့အရှေ့ကနေ ဖြတ်ပြေးခဲ့ပါတယ်။ အဲဒီလိုပြေးတော့ ကျွန်တော့်ကို လိုက်ပစ်ပါတယ်။ ကျွန်တော့်ခေါင်းပေါ်က ဆံပင်ကြားထဲကနေ တစ်ချက်ကျော်သွားပါတယ်။ အဲဒီလို ပြေးနေရင်းနဲ့ ကျွန်တော်က ချုံထဲကိုဝင်ပြေးသွားတော့ ကျွန်တော့်ကို အဓိကထားပြီး လိုက်ပစ်ကြပါတယ်။ အဲဒါကြောင့် ချုံထဲမှာ ကျွန်တော့်ကို တစ်ချက်ထပ်မှန်ပါတယ်။ ကျွန်တော့်သူငယ်ချင်းရဲ့ညီက ထွက်ပြေးတော့ သူ့ကိုပါ လိုက်ပစ်တယ်။ မှန်တဲ့သူတွေ တော်တော်များပါတယ်။ အခုမန္တလေးဆေးရုံကို လွှဲလိုက်တဲ့ တစ်ယောက်က တံတောင်စစ်ရဲ့ အထက်နားမှာရှိတဲ့ လက်မောင်းကိုမှန်တယ်၊ အရိုးရော၊ အသားရော ကွာသွားတယ်။ အခုဒီမှာတက်နေတဲ့ ကလေးတွေဆိုရင်လည်း တူမီးတွေနဲ့အပစ်ခံထားရတဲ့အတွက် ခဲစတွေအများကြီးမှန်ထားတယ်။ အခုထုတ်နေကြပြီ၊ အခက်အခဲတွေလည်း ဖြစ်နေတယ်။ ဘယ်သူ့ကို အားကိုးရမှန်း မသိဘူးဖြစ်နေတယ်။ ဘယ်လိုပြောရမှန်းလည်း မသိဘူးဖြစ်နေတယ်။

**အမျိုးသမီး**

သူတို့က လူတွေအကုန်လုံးထွက်ခဲ့ကြ၊ လူတွေဘယ်မှာလည်းဆိုပြီး အိမ်ပေါ်တွေကို စက်သေနတ်တွေနဲ့ ရမ်းပြီးပစ်ကြတယ်။ အဲဒီလိုပစ်လိုက်တဲ့အတွက် လူတွေအကုန်လုံးက အသံမထွက်ဘဲနဲ့ အိပ်ရာအောက်မှာ ပုန်းနေကြတယ်။ နောက်တော့ လူတွေကိုမြင်သွားတော့ လူတွေအကုန်လုံး ထွက်ခဲ့ဆိုပြီး အိပ်ရာအောက်ကို ရမ်းပစ်တယ်။ တချို့တွေကိုမှန်ပြီး တချို့ကိုတော့ မမှန်ခဲ့ကြဘူး။ အကုန်လုံးထွက်ခဲ့လို့ ပြောပေမယ့် ဘယ်သူမှမထွက်ရဲကြဘူး။ အမေကကျတော့ ထိုင်စရာမရှိဘူး၊ ကလေးကလည်းငိုနေတဲ့အတွက် နို့တိုက်ရင်းနဲ့ထိုင်နေတယ်။ ထွက်ခဲ့လို့ပြောတော့အမေကရှေ့ဆုံးကနေထွက်သွားတယ်။ အမေထွက်တော့ ကျန်တဲ့ကလေးသူငယ်တွေနဲ့ အကုန်လုံးက လိုက်ပြီးထွက်လာကြတယ်။ မိဘထွက်ရင် လိုက်ထွက်ကြမယ်ဆိုပြီး ကလေးတွေအကုန်လုံး အိမ်ရှေ့ကိုထွက်ကြတယ်။ အကုန်လုံးကို မှောက်ခိုင်းထားပြီး "မော့မကြည့်နဲ့ မော့ကြည့်ရင်ပစ်မှာ" ပြောတယ်။ အဲ့ဒီအခါကျတော့ လူကြီးတွေကိုတော့ သတ်ချင်ရင်သတ်ပါ၊ ကလေးတွေကိုတော့ ချမ်းသာပေးပါဆိုပြီး တောင်းပန်ခဲ့ကြတယ်။ အဲဒီလိုပြောတော့ ခင်ဗျားတို့ကိုငဲ့စရာမလိုဘူး၊ ခင်ဗျားတို့အလှည့်တုန်းကလည်း ကျုပ်တို့ကိုလှည့်ကြည့်တာ မဟုတ်ဘူးလို့ပြောပြီး အကုန်လုံးကိုသေနတ်နဲ့ ပစ်သတ်တယ်။ သမီးလည်းကြောက်ကြောက်လန့်လန့်နဲ့ နားကိုပိတ်ပြီး မှောက်လျှားထိုးပြီးငြိမ်နေတုန်း သမီးညီမလေးရဲ့အသံကိုကြားလိုက်ရတယ်။ သမီးလည်း အမေ့ကိုသတ်တာကို သမီးကမြင်သွားတယ်ဆိုတာ သိမှာစိုးလို့အသာလေးငြိမ်နေလိုက်တယ်။ ခဏနေတော့ သမီးရဲ့လက်တွေကိုပါ ကျည်ဆံ လာထိတယ်။ သမီးလည်း ကြောက်ကြောက်လန့်လန့်နဲ့ ဘုရားစာတွေဆိုနေလိုက်တယ်။ ခဏလောက်ကြာတော့မှ အသံတွေမကြားတော့လို့ မော့ကြည့်လိုက်တော့ သူတို့လည်းမရှိတော့ဘူး။ ဘေးကလူတွေကိုကြည့်လိုက်တော့ အကုန်လုံးသွေးအိုင်ကြီးထဲမှာလဲပြီး သေနေကြပြီ။ သမီးညီမလေးကတော့ ငိုနေတယ်။ ရှေ့ဆုံးက လေးသင်ရဲ့သားနဲ့ သမီးကတော့ ဒဏ်ရာရထားကြတယ်။ လေးသင်ရဲ့သားအကြီးဆုံးကောင်လေးက အပျော့လေးပါ၊ သူ့မှာလမ်းတောင်မှကောင်းကောင်းမလျှောက်နိုင်ဘူး။ အဲဒီလိုဖြစ်နေတဲ့သူ့ရဲ့ ခြေထောက်တွေကို မှန်သွားတယ်။ သူတို့အဖေကအိမ်ထဲမှာ ပုန်းနေတာကနေထွက်လာတာ၊ သူ့သားသမီးတွေနဲ့ သမီးရဲ့ညီမလေးကိုပါ ခေါ်သွားတယ်။ တစ်နှစ်ခွဲဘဲရှိသေးတဲ့ သမီးရဲ့မောင်လေးဆိုရင်လည်း လက်တွေရော၊ ခေါင်းတွေရော၊ လက်ဖျံတွေရော ကျည်ဆံတွေမှန်ထားတယ်၊ ကလေးကမျက်ဖြူလန်ပြီး မတရားအော်နေလို့ဆိုပြီး သူ့ကိုပွေ့ပြီးအိမ်အောက်ကိုသွားတော့ သမီးမောင်လေးအလတ်ကောင်မှာလည်း ကျည်ဆံထိထားတာကို တွေ့လိုက်ရတယ်။ အဘွားကိုကျတော့ တစ်ချက်မှမထိဘူး၊ အဲဒါနဲ့ အဘွားကို ကလေးပေးပြီး သမီးရဲ့မောင်လေးကို ပွေ့လိုက်တယ်။ သမီးရဲ့ မောင်လေးက ပေါင်နှစ်ဖက်လုံး ထိထားတဲ့အတွက် လမ်းမလျှောက်နိုင်တော့ဘူး။ လွတ်ရာကိုပြေးကြမယ်ဆိုပြီး သမီးတို့အိမ်ရဲ့အရှေ့ဘက်မှာရှိတဲ့အိမ်ကိုပြေးတယ်။ အဲဒီကိုရောက်တော့ လူစုကွဲသွားပြီး သမီးနဲ့ သမီးရဲ့မောင်လေးဘဲ ကျန်ခဲ့တယ်။ အိမ်ထဲကိုပတ်ရှာလိုက်မှ အဘွားတို့နဲ့တွေ့တယ်။ အဲဒီအိမ်ရဲ့ အရှေ့ဘက်မှာရှိတဲ့ ဝိုင်းအလွတ်ကြီးထဲကို ပြေးကြတယ်။ အဲဒီကိုရောက်တော့ မြက်တောထဲမှာအကုန်လုံးပုန်းနေကြတယ်။ ဒဏ်ရာရထားတဲ့ကလေးအငယ်လေးက တအားငိုနေတဲ့အတွက် ကလေးအသံကြောင့်တွေ့သွားရင် အကုန်လုံးသေမှာလို့ပြောပြီးလူစုခွဲခဲ့ကြတယ်။ အဘွားက ဘယ်ထွက်သွားလိုက်လဲတော့မသိဘူး၊ သမီးနဲ့ သမီးမောင်လေးက ချုံပုတ်ထဲမှာ ပုန်းပြီး ကျန်ခဲ့တယ်။

ဖြစ်စဉ်ဖြစ်ပွားရာ ကျေးရွာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ အကြမ်းဖက်သူများကို ဖမ်းဆီးရမိနိုင်ရေး ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက် စစ်ဆေးဖော်ထုတ်လျက်ရှိပြီး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးကာ ဒဏ်ရာရရှိသူများအား ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။ ထို့ပြင် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့က ထောက်ပံ့သည့် ထောက်ပံ့ငွေများ တစ်ဦးချင်း လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက် မွန်းလွဲ ၃ နာရီတွင် ကလောမြို့နယ် အောင်ပန်းမြို့ လှည်းရိုးရပ်ကွက်နေ မချော၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၃၀၇၅ ပြားကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု မိုင်းခွန်ကျေးရွာအနီး ကျိုင်းတုံ - မိုင်းခွန်သွား ကားလမ်းတွင် ကျဖမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၁၀မိနစ်တွင် တောင်ကြီး မြို့နယ် ရွှေညောင်မြို့ ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာအထွက် ရွှေညောင်-ရပ်စောက်သွားကားလမ်းတွင် စိုင်းနေမင်းပိုင်(ခ)စိုင်းနော်မှိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် ရွှေညောင်မြို့ တောင်နီကျေးရွာအုပ်စု ဟဲကယ်ကျေးရွာအနီး ရပ်စောက်-ရွှေညောင်သွားကားလမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ခံမည့်သူ သန်းဇော်ဦး(ခ)မောင်ပုကို ဆိုင်ကယ်တစ်စီး၊ မြန်မာငွေကျပ် ၅၁၇၅၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဩဂုတ် ၆ ရက် ညနေ ၅ နာရီခွဲတွင် မိုင်းပန်မြို့နယ် ဝိုးလိုင်းကျေးရွာအုပ်စု တာဆန်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကွမ်တယ်မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၁၈၉၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၅ ဒသမ ၇၅ ကီလိုကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၂၀ | ၁၈၇၀ | ၁၈၆၀ | ၁၈၃၀ | ၁၈၆၅ | ၁၈၉၀ | ၁၈၇၅ | ၁၈၅၅ | ၁၉၄၅ | ၁၉၆၀ | ၁၈၆၀ | ၁၈၇၀ | ၁၉၀၅ | ၁၉၀၅ | ၁၉၀၅ | ၂၁၂၅ | ၂၇၂၀ |
| 95 Ron | ၁၈၈၀ | ၁၉၃၀ | ၁၉၂၅ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၅ | ၂၀၁၀ | ၂၀၂၅ | ၁၉၂၀ | ၁၉၃၅ | ၁၉၆၅ | ၁၉၆၅ | ၁၉၆၅ | ၂၁၈၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၀ | ၂၂၇၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၁၀ | ၂၅၂၅ | ၃၁၂၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၅၉၀ | ၃၁၅၅ |
| HSD (10 ppm) | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၅၉၀ | ၃၁၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၂၉ | ၁၇၉၇ |
| 95 Ron | ၁၇၈၇ | ၁၈၅၇ |
| HSD (500 ppm) | ၂၁၁၉ | ၂၁၉၁ |
| HSD (50 ppm) | ၂၁၈၁ | ၂၂၅၄ |
| HSD (10 ppm) | ၂၁၈၁ | ၂၂၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးတိုးအလယ်ရပ်ကွက်နေ ထက်စိုးထိုက်သည် ၎င်းအသုံးပြုသည့် “Htet Soe Htike” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်နေ မစုစုစန္ဒီထွန်း(ခ) စုစုသည် ၎င်းအသုံးပြုသည့် “Su Su” Facebookအကောင့်၊ ကျောက်တန်းမြို့နယ် ညောင်ပိုင်းကျေးရွာနေ မအိန္ဒြာစိုး(ခ) သေးသေးမ သည် ၎င်းအသုံးပြုသည့် “Eidra Soe”Facebookအကောင့်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကစင်ကျေးရွာနေ ဟန်ထူးအောင်သည် ၎င်းအသုံးပြုသည့် “Han Htoo Aung” Facebook အကောင့် စမ်းချောင်းမြို့နယ် လင်းလွန်း(တောင်)ရပ်ကွက်နေ နန်းထိုက်ဦးသည် ၎င်းအသုံးပြုသည့် “Nann Htike Oo” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြင်းကျဒိုးကျေးရွာနေ ဇော်မျိုးထွဋ်(ခ)သားကင်း သည် ၎င်းအသုံးပြုသည့် “Thar King”Facebookအကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဖောင်တောကျေးရွာနေ အေးလွင်သည်၎င်းအသုံးပြုသည့် “Aye Lwin” Facebookအကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လေးလံကွန်းကျေးရွာနေ ဖွဲ့ထက်အောင်(ခ)ဖိုးသားသည် ၎င်းအသုံးပြုသည့် “Phoe Thar” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်နေ နေလင်းသည် ၎င်းအသုံးပြုသည့် “Ko Nya Lin”Facebookအကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့နေ နန်းကြည်ပြာလင်းသည် ၎င်းအသုံးပြုသည့် “Kyi Pyar Lin” Facebook အကောင့်၊ ရွှေညောင်မြို့နယ် အောင်သပြေရပ်ကွက်နေ ခွန်ဆက်နိုင်သည် ၎င်းအသုံးပြုသည့် “Khon Satt Naing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်အောင်၌ ၂၀၂၂-၂၀၂၃ခုနှစ် မိုးစပါးတစ်ဧကတင်း ၁၀၀ ထွက်ရှိရေး ဆောင်ရွက်မည့် တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်

မြန်အောင် ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးတစ်ဧကတင်း ၁၀၀ ထွက်ရှိရေး ဆောင်ရွက်မည့် တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်အောင်က မိုးစပါးတစ်ဧက တင်း ၁၀၀ ထွက်ရှိရေးအတွက် မြန်အောင်မြို့နယ်တွင် ဧက ၁၀၀ ဆောင်ရွက်မည့်တောင်သူများအား တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက ထောက်ပံ့သော သွင်းအားစုများကို လယ်မြေအတွင်း စနစ်တကျ ထည့်သွင်းအသုံးပြုကြရန် ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိ ဦးစိုးမြင့်အောင်နှင့်ဦးစီးမှူးများက မြန်အောင်မြို့နယ် တာခွတဲကြီးကုန်းကျေးရွာအုပ်စုက မိုးစပါးတစ်ဧက တင်း၁၀၀ ထွက်ရှိရေးဆောင်ရွက်မည့်တောင်သူများအား သွင်းအားစုများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် (မြန်အောင်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၇

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည် ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဩဂုတ် ၇

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ သာသနဝေပုလ္လကာရီကျောင်းတိုက်၊ မှော်ဘီမြို့နယ် နှောကုန်းကျေးရွာရှိ အောင်ဘုန်းပွင့်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ မိုးညိုကျောင်း ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မဟာဝိသုဒ္ဓါရာမတိုက်ရှိ သာသနပါလကျောင်း၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကိုးပင်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ အောင်လံမြို့ ရွာထောင်ရပ်ကွက်ရှိ သီတဂူဇေတဝိပဿနာတက္ကသိုလ်၊ သမ္ဗူလကျေးရွာရှိ မိုးကုတ်ဝိပဿနာသဒ္ဓမ္မဂုဏ်ရည်ဓမ္မရိပ်သာကျောင်းတိုက်နှင့် ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာရှိ ဒက္ခိနာရုံကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့၌ တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2 တေးသီချင်းသီဆိုပြိုင်ပွဲကျင်းပ

ပုသိမ် ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ်ပြုလုပ်သော တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2 တေးသီချင်းသီဆိုမှု ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အကဲဖြတ်ဒိုင်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

တေးသီချင်းသီဆိုပြိုင်ပွဲတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး အကဲဖြတ်ဒိုင်အဖွဲ့က အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းသည်။

**စတင်ယှဉ်ပြိုင်**

ယင်းနောက် ပြိုင်ပွဲဝင် ၂၄ ဦးက Level-1 အဆင့် တေးသီချင်း သီဆိုပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ပြီးနောက် Level-1 အဆင့် တေးသီချင်း သီဆိုပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရသူ ၁၁ ဦး၏ အမည်စာရင်းကို ကြေညာသည်။



**ဆက်လက်ယှဉ်ပြိုင်**

ထို့နောက် Level-1 အဆင့် တေးသီချင်း သီဆိုပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရသူ ၁၁ ဦးက Grand Final အဆင့်အားအသီးသီး ဆက်လက်ယှဉ်ပြိုင်ကာ Grand Final အဆင့်ပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရသူ သုံးဦး၏ အမည်စာရင်းကို ကြေညာခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။ အဆိုပါ တေးသီချင်းသီဆိုပြိုင်ပွဲမှ Grand Final အဆင့်တွင် ပုသိမ်ခရိုင်မှ မောင်စိုးထက်အောင်၊ ဖျာပုံခရိုင်မှ မလှလှမိုးနှင့် လပွတ္တာခရိုင်မှ မမေသဲစုတို့က ရွေးချယ်ခြင်းခံခဲ့ရကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ်၌ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ

သရက်ချောင်း ဩဂုတ် ၇

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်ကတွဲကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ယမန်နေ့က ကရင်တိုင်းရင်းသားများ၏ ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ဆရာတော် ဥူးနန္ဒိယက အဖွင့်အမှာစကားမိန့်ကြားခဲ့ပြီး ကတွဲကျေးရွာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ စောသန်းဝေက တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး စောမာတင်လူသာထံမှ ပေးပို့သည့်သဝဏ်လွှာအား ဖတ်ကြားခြင်းနှင့် ကရင်လူမျိုးများ စတင်ပေါ်ပေါက်လာခြင်းနှင့် ကရင်လူမျိုးတို့၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကတွဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကြည်ထွေးက ရိုးရာချည်ဖြူ ဖွဲ့ရခြင်း အဓိပ္ပာယ်နှင့် အကြောင်း၊ စောဆာပိတုပ်က ကရင်လူငယ်များအား မိတ်ဆက်၍ အနာဂတ်လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်းနှင့် အခမ်းအနား ဖိတ်ကြားမှုအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်များနှင့် ဒေသခံ ကရင်တိုင်းရင်းသားများအား အဘိုး ခုနစ်ဦး၊ အဘွား ခုနစ်ဦးတို့က လက်ချည်ဖြူများအား ချည်ဖွဲ့ပေးခဲ့ကြောင်း သိရသည်။

**နန်းခလိုက်(သရက်ချောင်း)**

❖

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဩဂုတ် ၇



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၆၄၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၆၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၃၁၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိကျောက်တော်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၃ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြင်စလူမြို့၌ လူငယ်ရေးရာ အသိပညာပေး ဟောပြော

ပြင်စလူ ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲခန့်တွင် ပြင်စလူမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာငြိမ်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့အုပ်ချုပ်ရေးမှူး ဦးရဲဝင့်ထွန်းက လူငယ်များထားရှိရမည့် ပန်းတိုင်အကြောင်းကိုလည်းကောင်း၊ နယ်မြေခံစခန်းမှူး ရဲအုပ်အေးမင်းထွဋ်က မူးယစ်ဆေးဝါးအကြောင်းအရာများကိုလည်းကောင်း၊ မြို့လျှပ်စစ်ဦးစီးမှူး ဦးအောင်မိုးဇော်က လျှပ်စစ်အန္တရာယ်အကြောင်းအရာများကိုလည်းကောင်း၊ မြို့မီးသတ် ဦးစီးမှူး ဦးဝေဖြိုးဇော်က မီးဘေးအန္တရာယ် အကြောင်းအရာများကိုလည်းကောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က လူငယ်နှင့်ရည်မှန်းချက်စသည့် အကြောင်းအရာများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ယောရော(ပြန်/ဆက်)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ငွေစာရင်းရေးသွင်းနည်း သင်တန်းပို့ချခြင်းနှင့် ရန်ပုံငွေလွှဲအပ်ခြင်း အခမ်းအနားကျင်းပ

ထားဝယ် ဩဂုတ် ၇



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာငါးရွာမှ ကော်မတီဝင်များအား ငွေစာရင်းရေးသွင်းနည်းသင်တန်းနှင့် စီမံကိန်းရန်ပုံငွေလွှဲအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီတွင် ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲခေါင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးအောင်လွင်က သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်စေလိုကြောင်းနှင့် စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ရန်ပုံငွေသုံးစွဲရေး အစီအစဉ်နှင့်ပတ်သက်သည့် သင်ခန်းစာများ ပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး ဦးစီးမှူးက ကထောင်းနီကျေးရွာ၊ ကျောက်မဲတောင်ကျေးရွာ၊ ဖောင်းတောမီးစက် ကျေးရွာ၊ ကျောက်ရပ်ကျေးရွာ၊ ညောင်တုန်းကျေးရွာငါးရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် ရန်ပုံငွေလွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

၂၂၂

## ကေတုမတီငါးကုန်ထုတ်သမဝါယမအသင်းလီမိတက်က ငါးမျိုးစုံ ထုတ်လုပ်ဖြန့်ဖြူး

တောင်ငူ ဩဂုတ် ၇

ရေထွက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ကေတုမတီငါးကုန်ထုတ်သမဝါယမအသင်းလီမိတက်သည် အသင်းပိုင်ငါးကန်များတွင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးမုတ် စသည့် ငါးမျိုးစုံ မွေးမြူထားရှိပြီး ၎င်းငါးကန်များမှ ဖော်ထုတ်ရရှိသည့် ငါးမျိုးစုံပိဿာချိန် ၂၀၅၂၉ ကို စားသုံးသူပြည်သူများ ဝယ်ယူစားသုံးနိုင်စေရန် လက်လီလက်ကားဖြန့်ဖြူး ရောင်းချ ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ် ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်း ချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# အိုမီခရွန်ဘေး ဝေးကြစေချင်

## ပေါက်ပေါက်



ကိုဗစ် ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့ကြား တွင် တောင်အာဖရိကနိုင်ငံ၌ စတင်တွေ့ရှိခဲ့ပါသည်။ အိုမီခရွန်ကိုဗစ်သည် ဒယ်လ်တာနှင့် မူလကိုဗစ် တို့ထက် ရောဂါပြင်းထန်မှု လျော့နည်းလာသည့် အတွက် ကိုဗစ်ကပ်ရောဂါကြီး ပြီးဆုံးတော့မှာ လားဟု တစ်ကမ္ဘာလုံးက မျှော်လင့်နေကြသည်။ ကိုဗစ်၏ နောက်ဆုံးမျိုးကွဲဖြစ်သည့် အိုမီခရွန်သည် ကူးစက်မြန်သော်လည်း ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုနည်းသည်ကို တွေ့ရပါသည်။ အဘယ် ကြောင့်ဆိုသော် အိုမီခရွန်၏ဆူးချွန်မှာ ဗီဇ ပြောင်းလဲမှု ၃၀ ခန့်ရှိသဖြင့် ပြောင်းလဲမှုအလွန် များပါသည်။

ထို့ပြင် လူ့ခန္ဓာကိုယ်ဆဲလ်ထဲသို့ ဝင်ရောက်နိုင် မှုမှာ အပြောင်းအလဲရှိခြင်းကြောင့် ရောဂါကူးစက်မှု ပို၍မြန်ဆန်နိုင်ပါသည်။ ယင်းဗီဇပြောင်းပိုးက ကိုယ်ခံအားစနစ်ကို ရှောင်လွှဲနိုင်စွမ်းရှိလာနိုင်သည့် အတွက်လည်း ရောဂါဖြစ်ပွားမှု ပိုမိုများပြားနိုင်ပါ သည်။ လူသားတို့၏ ခုခံအားစနစ်တွင် အရေးပါ သော နေရာနှစ်ခုမှာ ပြောင်းလဲမှုများခြင်းကြောင့် ကာကွယ်ဆေး၏ ထိရောက်မှုလျော့နည်းနိုင်ပါ သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံအတွင်း ကိုဗစ်စတုတ္ထလှိုင်းကို ရှောင်လွှဲနိုင်ရန်အတွက် လူစုလူဝေးရှောင်ရှားခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ ဆပ်ပြာဖြင့် မကြာခဏလက်ဆေးခြင်း သို့မဟုတ် လက်သန့်ဆေးရည် ဆောင်ထားအသုံးပြုခြင်း စသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ အခြေခံ နည်းလမ်းကောင်းများကို ဆက်လက်ထိန်းသိမ်း ကျင့်သုံးကြရင်း ကာကွယ်ဆေးများကိုလည်း အကြိမ်ရေပြည့် ထိုးနှံကြဖို့လိုပါသည်။

### WHO ထုတ်ပြန်ချက်

အိုမီခရွန် မျိုးဗီဇပြောင်း BA.4 နှင့် BA.5 ကြောင့် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ကူးစက်မှုများ ထပ်မံ မြင့်တက်လာကြောင်းနှင့် ကမ္ဘာတစ်ဝန်းတွင် ဇူလိုင် လ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ ရက်သတ္တပတ် အတွင်း ရောဂါကူးစက်မှုအသစ် ၅ ဒသမ ၇ သန်း ရှိပြီး ယခင်တစ်ပတ်ထက် ခြောက်ရာခိုင်နှုန်း ထပ်မံ တိုးလာကာ သေဆုံးသူ ၉၈၀၀ ကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဆိုသည်။ ထို့ပြင် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကူးစက်ရောဂါ အခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ရပြီး အိုမီခရွန် BA.4 နှင့် BA.5 ကဲ့သို့သော အိုမီခရွန်မျိုးကွဲများကြောင့် နှစ်ပတ်အတွင်း ၃၀ ရာခိုင်နှုန်း တိုးလာကြောင်းနှင့် အဆိုပါ မျိုးကွဲများကြောင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားမှုများ၊ ဆေးရုံတက်ခြင်းနှင့် သေဆုံး ခြင်းတို့ ဆက်လက်ဖြစ်ပေါ်နေကြောင်း သိရသည်။ မြန်မာနိုင်ငံနှင့် ဆက်စပ်သွားလာမှုများပြားသော ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့တွင်လည်း အိုမီခရွန် ကိုဗစ်မျိုးကွဲသစ် ကူးစက်ခံနေကြရသည်။

မြန်မာနိုင်ငံတွင်လည်း အိုမီခရွန်မျိုးဗီဇပြောင်း BA.4 နှင့် BA.5 ကို ပြည်တော်ပြန် မြန်မာနိုင်ငံသား များ၌ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဇူလိုင်လ ၁၁ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများ အလိုက် ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေများတွင် အဆင့် (၈၃) နှင့် အာဆီယံနိုင်ငံများထဲတွင် မြန်မာ နိုင်ငံက အဆင့် (၇) နေရာတွင်ရှိကာ တစ်နိုင်ငံလုံး တွင် ဇူလိုင်လ ၃၀ ရက်နေ့အထိ ကိုဗစ်အတည်ပြု လူနာစုစုပေါင်း ၆၁၄၀၉၂ ဦးရှိပြီး သေဆုံးသူစုစုပေါင်း မှာ ၁၉၄၃၄ ဦးရှိကြောင်း သိရသည်။ Worldmeter ၏ ဇူလိုင်လလယ် အချက်အလက်များအရ ယခု အခါ ကမ္ဘာတစ်ဝန်းရှိ လူပေါင်း ၅၆၅ သန်းကျော်ကို ကူးစက်ခဲ့ပြီး လူပေါင်းခြောက်သန်းကျော် သေဆုံး ခဲ့ပြီးဖြစ်ကြောင်းနှင့် အမှန်တကယ်စာရင်းများမှာ ယခုထက်ပိုများနိုင်ကြောင်း ဆိုသည်။

ပြည်ပနိုင်ငံများမှတစ်ဆင့် ကိုဗစ်ပိုး ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် မြန်မာနိုင်ငံသို့ ဝင်ရောက်သူ များအားလုံး ၄၈ နာရီအတွင်း ကိုဗစ်ကင်းရှင်း ကြောင်းအဖြေပြသရန် စာရွက်အထောက်အထား များ လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် လေဆိပ်နှင့် ဝင်၊ ထွက်ဂိတ်များတွင် ကျန်းမာရေး ကြေညာချက် (Health Declaration Card) အား သက်ဆိုင်ရာကျန်းမာရေးအရာရှိထံ ပြသရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး တစ်ရက်မြောက်တွင် RDT ဖြင့်လည်းကောင်း၊ ငါးရက်မြောက်တွင် RT-PCR နည်းဖြင့်လည်းကောင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည်ဖြစ်ပြီး အသွားအလာ ကန့်သတ်ခြင်းကို ခုနစ်ရက်ဆောင်ရွက်မည်ဖြစ် ကြောင်း သိရသည်။

> ‘ယမန်နှစ်က ကိုဗစ်တတိယလှိုင်းတွင် မျိုးဗီဇပြောင်း ဗိုင်းရပ်စ်ကြောင့် အောက်ဆီဂျင်ပြတ်လပ်မှုနှင့်အတူ လူအများအပြား အဖိတ်အစဉ်ရှိခဲ့သည်မှာ အားလုံး၏မျက်စိရှေ့တွင်ဖြစ်ခဲ့ရာ ယခုအခါတွင်လည်း တစ်ကျော့ပြန် ပြန့်ပွား လာနိုင်သည့် ဗိုင်းရပ်စ်မျိုးကွဲသစ်များ၏အန္တရာယ်ကို အထူးသတိပြုရန် လိုအပ်သည်။ သို့ပါ၍ ကာကွယ်ဆေး အကြိမ်ရေပြည့်ထိုးနှံထားခြင်း ကသာလျှင် ကိုဗစ်အခြေအနေကို အထိုက်အလျောက်ဖြေလျှော့ပေးနိုင်မည့် တစ်ခုတည်းသောရွေးချယ်မှုဖြစ်ပေရာ ဆေးထိုးနှံခြင်းအစီအစဉ်တွင် မိမိနှင့်တကွ မိသားစုများမကျန်ခဲ့စေရေး ဂရုတစိုက်ရှိကြဖို့လိုအပ်’

### ကိုဗစ်ပိုးတွေ့ရှိသူ ရာခိုင်နှုန်း အနည်းငယ်တိုးလာ

ကျန်းမာရေးဝန်ကြီးဌာန၏ နေ့စဉ်သတင်း ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံတွင် ရက်ပိုင်း အတွင်း ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူဦးရေ အနည်း ငယ်များလာကြောင်း သိရသည်။ ဇူလိုင်လ ၂၈ ရက် နေ့တွင် ကိုဗစ်-၁၉ အတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၂၉ ရာခိုင်နှုန်း၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် လူနာသစ် ၃၄ ဦး တွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၄၆ ရာခိုင်နှုန်း၊ ဇူလိုင်လ ၃၀ ရက်နေ့ စာရင်းအရ တစ်ရက်တည်း ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၄၀ ထပ်မံ တွေ့ရှိပြီး ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၆၄ ရာခိုင် နှုန်းရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူဦးရေ ထပ်တိုးခြင်းမရှိဘဲ ကာလအားဖြင့် လေးလနီးပါး ရှိလာပြီဖြစ်ပါသည်။ သို့သော် ကိုဗစ်ပိုး တွေ့ရှိသူရာခိုင်နှုန်း အနည်းငယ်တိုးလာသဖြင့် သတိထားကြဖို့လိုပါသည်။

### အိုမီခရွန်နှင့် လည်ချောင်းနာခြင်း

ကိုဗစ်၏ အသိသာဆုံးလက္ခဏာမှာ အနံ့ ပျောက်ခြင်းဟုဆိုကြသော်လည်း တချို့သူများတွင် အနံ့မပျောက်ကြဘဲ ရောဂါပိုးကူးစက်ခံရသော ဖြစ်စဉ်များစွာကို တွေ့ရပါသည်။ အိုမီခရွန်တွင် ဖြစ်ပေါ်မှုအများဆုံးဖြစ်သော လက္ခဏာတစ်ခုမှာ လည်ချောင်းနာခြင်းဖြစ်သည်။ မိုးရာသီကာလတွင် အအေးမိခြင်းအဖြစ်များသည့်အတွက် လည်ချောင်း နာသည့်အခါ အအေးမိခြင်းကြောင့်လား၊ အိုမီခရွန် ကြောင့်လားဆိုသည်ကို ပြင်ပလက္ခဏာများကြည့်ရုံ ဖြင့် တိတိကျကျမသိနိုင်ပေ။ အိုမီခရွန်ဖြစ်စေသော ဗိုင်းရပ်စ်သည် အအေးမိခြင်းဖြစ်စေသော ဗိုင်းရပ်စ် နှင့် အမျိုးအစားတူညီသည့်အတွက် ရောဂါလက္ခဏာ များလည်း ဆင်တူသည်။ ထို့ကြောင့် လည်ချောင်းနာ ချောင်းဆိုးပြီးလျှင် မပေါ့ဆဘဲ ကိုဗစ်ရောဂါစစ်ဆေး ကြည့်သင့်ပါသည်။

### မည်သည့်အချိန်အထိ ရောဂါကူးစက်နိုင်သလဲ

အိုမီခရွန်ဟာ မည်သည့်အချိန်အထိ ရောဂါ ကူးစက်နိုင်သလဲဟူသော မေးခွန်းများ မေးလေ့ ရှိကြသည်။ ရောဂါလက္ခဏာမပြခင် ၁ - ၂ ရက်နှင့် ရောဂါစတင်ပြီး ၂ - ၃ ရက်အတွင်းသည် ရောဂါ ကူးစက်ဖြန့်ဝေမှု အများဆုံးအချိန်ဖြစ်ပါသည်။ ခြောက်ရက်အကြာတွင် ရောဂါကူးစက်မှု အလွန် နည်းသွားပြီး ၁၀ ရက် ကျော်ချိန်တွင် ရောဂါကူးစက် နိုင်ခြေမရှိတော့ကြောင်း လေ့လာမှုများက ဖော်ပြ ထားပါသည်။ အမေရိကန် ကူးစက်ရောဂါနှိမ်နင်း ရေးဗဟိုမှ သီးခြားခွဲပြီး နေထိုင်သင့်သည့်အချိန်ကို အောက်ပါအတိုင်း လမ်းညွှန်ထားပါသည်။

- ရောဂါလက္ခဏာမရှိပါက ရောဂါပိုးတွေ့ သည့်နေ့မှ ၅ ရက်အထိ။
- ရောဂါလက္ခဏာရှိပါက ၅ ရက်ကျော် ပြီးနောက် ရောဂါလက္ခဏာ ပျောက်ကင်း သည့် အချိန်အထိ။

### ကိုဗစ်ရောဂါ သက်သာစတွင် ပြုလုပ်သင့်သည်များ

အကယ်၍ အိုမီခရွန် ကူးစက်ခံခဲ့ရပြီဆိုပါစို့။ နာလန်ထချိန်တွင် ကုန်ခန်းသွားသော စွမ်းအင်များကို ပြန်လည်ဖြည့်တင်းရန်အတွက် အစားအသောက် အပြုအမူ အနေအထိုင်တို့ဖြင့် မှန်ကန်မှုရှိပါစေ။ (က) အာဟာရမျှတပြည့်ဝအောင် စားသောက်ပါ။ (ခ) အောက်ဆီဂျင်ကြွယ်ဝသော အစားအစာများ ဦးစားပေး ရွေးချယ်စားသောက်ပါ။ (ဂ) ရေများများ သောက်ပါ။ (ဃ) အိပ်ရေးဝဝ အိပ်စက်ပါ။ စိတ်ရော ကိုယ်ပါ အနားယူပါ။ (င) လမ်းလျှောက်လေ့ကျင့်ခန်း လုပ်ပါ။ (စ) အသက်ရှူလေ့ကျင့်ခန်းလုပ်ပါ။ (ဆ) အားစိုက်ရသောအလုပ်များ ရှောင်ရှားပါ။ (ဇ) အထိုင်အထ အထူးသဖြင့် အိပ်ရာမှအထတွင် ဖြည်းဖြည်းသက်သာလှုပ်ရှားပါ။

### ကာကွယ်ဆေး ထိုးနှံသင့်သော အကြောင်းရင်းများ

ကိုဗစ်ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်အပေါ်တွင် ကိုဗစ်ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှု အလွန်နည်းကြောင်း နိုင်ငံတော်တော်များများ၏ လေ့လာတွေ့ရှိချက်များက ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ကာကွယ်ဆေး သုံးကြိမ် ထိုးထားသော်ငြား အိုမီခရွန်ကို ကာကွယ်ရန် စိတ်မချရသေး ကြောင်း၊ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ အခြားသော ရောဂါကာကွယ်နည်းလမ်းများကို လည်း ဆက်လက်လုပ်ဆောင်ရန် လိုအပ်သေး ကြောင်း၊ ရောဂါလက္ခဏာများခံစားရလျှင် သေသေ ချာချာဆေးကုသဖို့လိုအပ်ကြောင်း သိရပါသည်။ သို့သော် အလွန်အမင်း စိတ်ပူပန်မှုမဖြစ်ပါနှင့်။ လတ်တလောတွေ့ရှိချက်များအရ အိုမီခရွန်သည် ကူးစက်မှုအလွန်မြန်သော်လည်း ရောဂါပြင်းထန်မှု နှင့် သေဆုံးမှုနှုန်း အလွန်နည်းသည်ကို တွေ့ရှိရပါ သည်။

ထို့ကြောင့် ကိုယ်ခံအားပြည့်ဝအောင် ကြိုးစား နေထိုင်ပြီး ရောဂါကာကွယ်ရေးနည်းလမ်းများ လုပ်ဆောင်ခြင်းဖြင့် ကာကွယ်ထားနိုင်ပါသည်။ ကာကွယ်ဆေးထိုးခြင်းသည် အိုမီခရွန်ကို အပြည့်အဝ မကာကွယ်နိုင်သော်လည်း ကိုဗစ်ကာကွယ် ဆေးမထိုးရသေးသူများက ဆေးထိုးကြရန်နှင့် ကာကွယ်ဆေး ထိုးနှံပြီးသူများကလည်း ဖြည့်စွက် ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံကြရန် နိုင်ငံ တကာဆေးပညာရှင်များက တိုက်တွန်းထားပါသည်။

အချုပ်အားဖြင့်ဆိုသော် ယမန်နှစ်က ကိုဗစ် တတိယလှိုင်းတွင် မျိုးဗီဇပြောင်း ဗိုင်းရပ်စ်ကြောင့် အောက်ဆီဂျင်ပြတ်လပ်မှုနှင့်အတူ လူအများအပြား အဖိတ်အစဉ်ရှိခဲ့သည်မှာ အားလုံး၏မျက်စိရှေ့တွင် ဖြစ်ခဲ့ရာ ယခုအခါတွင်လည်း တစ်ကျော့ပြန် ပြန့်ပွား လာနိုင်သည့် ဗိုင်းရပ်စ်မျိုးကွဲသစ်များ၏အန္တရာယ် ကို အထူးသတိပြုရန် လိုအပ်သည်။ သို့ပါ၍ကာကွယ် ဆေး အကြိမ်ရေပြည့်ထိုးနှံထားခြင်းကသာလျှင် ကိုဗစ်အခြေအနေကို အထိုက်အလျောက် ဖြေလျှော့ ပေးနိုင်မည့် တစ်ခုတည်းသောရွေးချယ်မှုဖြစ်ပေရာ ဆေးထိုးနှံခြင်းအစီအစဉ်တွင် မိမိနှင့်တကွ မိသားစု များ မကျန်ခဲ့စေရေး ဂရုတစိုက်ရှိကြရန် လိုအပ် သကဲ့သို့ ဤကမ္ဘာမြေပေါ်တွင် ကိုဗစ်မျိုးဗီဇအသစ် များ ထပ်မံမပေါ်ပေါက်ရေးမှာ လူသားအားလုံး ကာကွယ်ဆေးကို တစ်ပြိုင်နက်ထိုးနှံကြခြင်းတို့ အပေါ်တွင် လုံးဝဆက်နွှယ်နေပါကြောင်း အသိပေး နှိုးဆော်လိုက်ရပါသည်။ ။

## ပုံပြင်

# သားလိမ္မာ

**မင်းယုဝေ**

တစ်ရံရောအခါဆင်းရဲသော သစ်ခုတ်သမားတစ်ယောက်ရှိလေသည်။

သူ့တွင် သားတစ်ယောက်ရှိ၏။ သစ်ခုတ်သမားသည် နေထွက်မှ နေဝင်တိုင် ပင်ပန်းစွာအလုပ်လုပ်၏။ သို့လုပ်ရာမှ ရရှိသောငွေများကို စုဆောင်းခဲ့ရာ နှစ်ပေါင်းအတော်ကြာလျှင် ငွေအတော်အတန်စုဆောင်းမိလေ၏။

သို့ဖြင့် သူသည် သားဖြစ်သူကိုခေါ်၍… “ချစ်သား၊ သင်သည် ငါ၏ တစ်ဦးတည်းသောသားဖြစ်သည်။ ငါသည်နဖူးမှချွေး၊ ခြေမကျသည့် တိုင်အောင် ပင်ပန်းစွာရှာဖွေလာခဲ့သော ဤငွေတို့ဖြင့် သင့်ကိုပညာ သင်ကြားပေးမည်။ သို့မှသာ ငါ အိုမင်းမစွမ်းရှိသောအခါ၌ သင်သည် ငါ့အား တစ်လှည့်လုပ်ကျွေးနိုင်ပေလိမ့်မည်” ဟု ပြောဆို၏။

သားဖြစ်သူလည်း ဖခင်၏စကားအတိုင်း ကျောင်းသို့သွားကာ ပညာသင်ကြားလေ၏။ သူသည် လိမ္မာရေးခြားရှိ၍ အလွန်ပင် ဝီရိယရှိသူဖြစ်သဖြင့် လူတိုင်းကပင်သူ့ကို ချီးမွမ်းကြလေသည်။ သူသည်ပညာကို နှစ်အတန်ကြာ ကြိုးစားသင်ကြားနေခိုက် ဖခင်စုဆောင်းထားသော ငွေတို့မှာ ကုန်သွားလေတော့သည်။ ယင်းသို့ငွေမရှိတော့သော်လည်း ပညာမှာကား ဆုံးခန်းတိုင်မရောက်သေးချေ။ ဤတွင် သူ့ခမျာ ပညာ ဆက်လက်မသင်နိုင်ရှာတော့သဖြင့် ကျောင်းထွက်လိုက်ရလေ၏။

ဖခင်ဖြစ်သူလည်း သားအား အိမ်သို့ပြန်ခေါ်ခဲ့လေ၏။ သူကသားအား ဆက်လက်ပညာသင်မပေးနိုင်တော့သည့်အတွက် များစွာ ဝမ်းနည်းကြောင်း၊ သားပညာသင်နေသည့်အချိန်များတွင် သူ့မှာထမင်းပင် နပ်မှန်အောင် မစားခဲ့ရကြောင်း ကြေကွဲစွာပြောပြလေ၏။ သားကလည်း ဖခင်အား…

“တစ်နေ့သောအခါ မျှော်မှန်းချက်များ ပြည့်စုံရပါလိမ့်မည်” ဟု အားပေးစကား ပြောကြားလေ၏။

များမကြာမီ ဖခင်သည် တောသို့ထင်းခုတ်သွားမည်ပြုရာ သားက သူပါလိုက်လိုကြောင်း ပြောလေ၏။ ဤတွင် ဖခင်က ခွင့်မပြုပေ။ သူက…

“ငါ့သားသည် အလုပ်ကြမ်းကို တစ်ခါမှမလုပ်ဖူးပါ၊ ထို့ပြင် ငါ့တွင်လည်း သားကိုပေးရန် ပုဆိန်အပိုမရှိပါ၊ ပုဆိန်တစ်ချောင်းထပ်မံဝယ်ယူနိုင်ရန်လည်း ငါ့၌ ငွေမရှိပါ” ဟု ပြောဆိုတားမြစ်လေ၏။ ထိုအခါ သားက…

“ဖခင်၊ သားမောင်သည် အလုပ်ကြမ်းကိုလည်း လုပ်နိုင်ပါသည်။ အိမ်နီးချင်းတစ်ဦးထံတွင် ပုဆိန်တစ်လက်ငှားရမ်းပါက ရပါလိမ့်မည်။အလုပ်လုပ်၍ ငွေရလာပါက ပုဆိန်တစ်လက် ထပ်မံဝယ်နိုင်ပါလိမ့်မည်။ သို့ဝယ်နိုင်အောင်လည်း ကြိုးစားပါမည်”ဟု ပြောဆို၏။

ဖခင်လည်း သားလိမ္မာ၏စကားကို မငြင်းသာသဖြင့် အိမ်နီးချင်းတစ်ဦးထံမှ ပုဆိန်ငှားရမ်းပေးရလေတော့၏။ ထို့နောက် သားအဖနှစ်ယောက်သည် တောထဲသို့ ထင်းခုတ်ရန်သွားကြလေတော့၏။

တောထဲသို့ရောက်သော် သားသည် ဖခင်ကို များစွာအကူအညီပေးလေသည်။ သူသည် အလုပ်လုပ်ရသည်ကို များစွာပျော်ရွှင်လျက်ရှိလေသည်။ မွန်းတည့်ချိန်ရောက်သော် တစ်ခဏမျှနား၍ သားအဖနှစ်ယောက်အတူ နံနက်စာကို စားသောက်ကြလေ၏။ စားပြီးသော် ဖခင်သည် အလုပ်ဆက်လုပ်ရန်ပြင်ဆင်၏။

ထိုအခါ သားက“ဖခင်၊ ဤနေရာ၌ ခေတ္တအနားယူနေပါ၊ သားမောင် မမောပန်းသေးပါ၊ အနီးတစ်ဝိုက်သို့ လှည့်လည်၍ ငှက်သိုက်များကို ရှာဖွေကြည့်ရှုလိုပါသည်”ဟု ပြောလေသည်။

ဖခင်ဖြစ်သူကမူ သဘောမတူပေ။ သို့လှည့်လည်သွားလာခြင်းကြောင့် သူ့သားပင်ပန်းမည်ကို စိုးရိမ်လေသည်။ သူ၏ အနီးတွင်ပင် ငြိမ်သက်စွာထိုင်၍ အနားယူစေလိုသည်။ သို့သော် သားက ဖခင်ကို ထပ်မံခွင့်တောင်း၍ တောအုပ်တွင်းသို့ လှည့်လည်ကြည့်ရှုသည်။ သစ်ပင်ချုံနွယ်များတွင် ငှက်အသိုက်များ ရှိ၊ မရှိ ချောင်းမြောင်းကြည့်ရှုသည်။ သို့ဖြင့် သူသည် အတန်ငယ်သွားမိသော် အလွန်ကြီးမားသော ဝက်သစ်ချပင်ကြီးတစ်ပင်ကို တွေ့ရလေ၏။ ထိုအပင်ကြီးမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ပေါက်နေဟန်ရှိလေသည်။ ပင်စည်ကြီးမှာ လူငါးယောက် လက်ချင်းဆက်၍ ဝိုင်းထားနိုင်လောက်အောင် ကြီးမားလေသည်။ လုလင်သည် ထိုသစ်ပင်ကြီးကို စေ့စပ်စွာကြည့်ရှုလျက် ငှက်သိုက်များကို ရှာဖွေနေလေသည်။ ထိုအခိုက် သူ့နားထဲတွင် အသံတစ်ခု ကြားမိသလို ရှိလာသည်။

သူသည် သေချာစွာ နားစိုက်ထောင်လိုက်သော် “ကျွန်ုပ်ကို အပြင်သို့ ထွက်ခွင့်ပေးပါ” ဟူသော အသံကိုသဲ့သဲ့ကြားလိုက်လေ၏။ သူသည် ဟိုသည် လှည့်ပတ်ကြည့်ရှုသော်လည်း မည်သူ့ကိုမျှ မတွေ့ရပေ။ ထို့ကြောင့် သူက“သင် အဘယ်မှာနည်း”ဟု ပြန်မေးလိုက်လေ၏။ ထိုအခါ အသံရှင်က…

“ကျွန်ုပ်သည် ဤဝက်သစ်ချပင်ကြီး၏ အမြစ်အကြားတွင် ညပ်နေပါသည်။ ကျွန်ုပ်ကို အပြင်သို့ ထုတ်ပေးပါ” ဟုပြန်ကြားလေသည်။

**(ဆက်လက်ဖော်ပြပါမည်)**

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ကဗျာ

# ချစ်နတ်မောင်

ဝါဆိုကူး၍
ရှင်မြူးကစား၊ ချစ်လေးမြားကို
ရပ်နားကာရှောင်၊ မြားနတ်မောင်လည်း
ကျင့်ဆောင်တည်သုံး၊ တရားထုံးဖြင့်
‘ချစ်ရုံး’ ကိုပင် ပိတ်ခဲ့ပြီ။
ပုတီးကုံးဖြင့်
စောင့်သုံးသီလ၊ ဝါဝင်စမှ
ဝါပ,တိုင်ပင်၊ ခိဒ္ဓာန်ဝင်၍
နေ့စဉ်ထပ်ထပ်၊ မလစ်လပ်သည်
မပြတ်အောင်ပင် စိပ်ခဲ့သည်။
ဝါချိန်ကင်းသော်
‘ချစ်ခြင်းမေတ္တာ၊ ကူးရှက်ကာဖြင့်
နှစ်ဖြာကြည်နူး၊ ရှင်စေဦး’ ဟု
ရည်စူးစိတ်ဝယ်၊ ‘ချစ်လေး’ ငယ်နှင့်
မိုးလယ်ခရီး၊ လေယာဉ်စီးသည်
ပုတီးတိုင်တွင် ချိတ်ခဲ့ပြီ။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



လူမှု ၁၁၀

# လူငယ်များနှင့် ခေါင်းဆောင်မှုအရည်အသွေး

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

"ခေါင်းဆောင်အကြောင်း ကျွန်တော့်ကို ပြောပြပါဦး" ဟု လူငယ်အလုပ်အမှုဆောင်တစ်ဦးက စတင်မေးမြန်းပါသည်။

"အဲဒါနဲ့ပတ်သက်လို့ အမှန်တကယ်သိချင်လို့လား"

"အဲဒီဘာသာရပ်နဲ့ပတ်သက်လို့ စာအုပ်နှစ်အုပ်ကျွန်တော်ဖတ်ခဲ့ပေမယ့် ရှင်းရှင်းလင်းလင်း မသိသေးလို့ပါဆရာ"

"အဲဒီစာအုပ်တွေကို မေ့လိုက်ပါ" ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

"မင်းရဲ့ ကိုယ်ပိုင်အတွေ့အကြုံကို ပြန်ကြည့်စမ်းပါ။ မင်းဟာ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ခဲ့တယ်။ အခြားသူတွေရဲ့ ဦးဆောင်ခြင်းလည်း ခံရတယ်။ ခေါင်းဆောင်တစ်ဦးဆိုတာ ဘာလဲလို့ မင်းတွေးကြည့်စမ်းပါ"

အလုပ်အမှုဆောင်လူငယ်သည် ပြတင်းပေါက်ကို လှမ်းကြည့်လိုက်ပြီး မိနစ်အနည်းငယ်ကြာ တွေးနေသည်။

"ခေါင်းဆောင်မှုဆိုတာ ရည်မှန်းချက်ပန်းတိုင်ရရှိအောင်မြင်ဖို့၊ အခြားသူတွေကိုလှုံ့ဆော်ဖို့ စွမ်းရည်ဖြစ်တယ်လို့ ကျွန်တော်ထင်ပါတယ်"

"ဒါဟာ မှားယွင်းတဲ့အဓိပ္ပာယ်တော့မဟုတ်ဘူး။ ဒါပေမဲ့ ဖော်ပြခဲ့တဲ့ ဒီသာမန်မဟုတ်တဲ့စွမ်းရည်မှာ ဘာတွေပါသလဲ။ လူတစ်ယောက်ဟာ အခြားတစ်ယောက်နဲ့စာရင် အုပ်စုတစ်ခုမှာ ခေါင်းဆောင်တစ်ဦးအနေနဲ့ ဘာကြောင့်ထွက်ပေါ်လာရတာလဲ"

ထိုလူငယ်လေးတွင် ယင်းနှင့်ပတ်သက်၍ စိတ်ကူးစိတ်သန်းအချို့ရှိခဲ့သည်။ သတ္တိနှင့်ဇွဲ ရှိခြင်းကဲ့သို့သော တစ်မူထူးခြားသည်ဟု သူခံစားခဲ့ရသည့် အရည်အသွေးများကို သူကပြောပြသည်။ အသိပညာဗဟုသုတ၏ အရေးပါမှုကိုလည်း သူက ပြောပြသည်။ သူပြောပြသည်ကို နားထောင်ပြီးနောက် ခေါင်းဆောင်မှုအကြောင်းအရာနှင့်စပ်လျဉ်းသော သုတေသနကို ကျွန်တော်တို့နှစ်ဦးစလုံး စေ့ငုကြည့်ခြင်းသည် စိတ်ဝင်စားစရာကောင်းသည်ဟု ကျွန်တော်အကြံပြုခဲ့ပါသည်။

"အသစ်အဆန်းများများ မင်းကို ဆရာပြောပြမှာမဟုတ်ဘူးနော်။ ဒါပေမဲ့ မင်းသိပြီးသားကို ပိုမိုကောင်းမွန်တဲ့ အစီအစဉ်နဲ့ ပြောပြတာက အထောက်အကူရနိုင်တယ်။ ဒီတော့ မန်နေဂျာတစ်ဦးအနေနဲ့ မင်းကိုယ်ပိုင်ဘဝတက်လမ်းမှာ ခေါင်းဆောင်မှုကို ပိုမိုအသုံးပြုနိုင်လိမ့်မယ်။ တခြားကိစ္စတွေမှာလည်း ခေါင်းဆောင်မှုကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးချနိုင်လိမ့်မယ်"

"ဒါက ကောင်းတဲ့အိုင်ဒီယာပဲဆရာ။ စတင်ရှင်းပြပေးပါဆရာ"

"ဒါဆိုရင် နိဒါန်းနဲ့စပြီး ဆုံးတဲ့အထိသွားကြရအောင်။ ပြီးတော့ရပ်လိုက်ကြတာပေါ့။ ခေါင်းဆောင်တွေနဲ့ပတ်သက်လို့ အကျယ်ပြန့်ဆုံးယူဆချက်ကို ပထမဦးဆုံး စဉ်းစားကြည့်ပါ။ ခေါင်းဆောင်တွေဟာ ရှေ့ကဦးဆောင်ပြနိုင်မှု၊ စိတ်ဆုံးဖြတ်မှု၊ စိတ်ရှည်မှု စတဲ့ အရည်အသွေးတွေ ပိုင်ဆိုင်ကြတယ်။ ကဲ.. ခေါင်းဆောင်မှုဆိုင်ရာ သုတေသနတွေနဲ့ပတ်သက်လို့ ၁၉၅၀ ပြည့်နှစ်များက အိုင်ဒီယာတွေကို ကြည့်ရအောင်။ အချို့သုတေသီတွေဟာ လေ့လာမှုအစပိုင်း စတင်ပေါ်ပေါက်လာတဲ့ အမျိုးမျိုးသောခေါင်းဆောင်မှု အရည်အသွေးများစာရင်းတွေကို ကြည့်ရှုတဲ့ အိုင်ဒီယာတွေရှိခဲ့တယ်။ စစ်ရေးခေါင်းဆောင်မှုဆိုင်ရာ လေ့လာမှုတစ်ရပ်ကို ဥပမာပြရရင် စာရင်းများအားလုံးမှာ ပေါ်ပေါက်လာတဲ့ တစ်ခုတည်းသော အရည်အသွေးကတော့ သတ္တိပဲဖြစ်တယ်"

"ဒီတစ်ခုက သိပ်အထောက်အကူမဖြစ်နိုင်ဘူးထင်တယ်"ဟု ထိုလူငယ်လေးက ပြောလိုက်သည်။

"စစ်သားအားလုံးဟာ ရုပ်ပိုင်းဆိုင်ရာ သတ္တိ၊ အရည်အသွေး လိုအပ်တယ်လို့ ကျွန်တော်တွေးမိတယ်ဆရာ"

"ဆရာ သဘောတူပါတယ်။ ရုပ်ပိုင်းဆိုင်ရာ သတ္တိဟာ စစ်ရေးဆိုင်ရာ အထူးကောင်းမြတ်တဲ့ အကျင့် အမှန်တကယ်ပါပဲ။ တိကျတဲ့ခေါင်းဆောင်မှု အရည်အသွေး မဟုတ်ပါဘူး။ ပြီးတော့ရှိသေးတယ်။ ခေါင်းဆောင်ဆိုတာ မွေးဖွားလာတာတဲ့။ ပြုလုပ်ဖန်တီးလို့မရဘူးဆိုတဲ့ အမြင်ပဲ။ မန်နေဂျင်းဒါရိုက်တာက သူ့ရဲ့ နှစ်ပတ်လည်အစီရင်ခံစာမှာ ဖတ်ပြတဲ့ဇာတ်လမ်းကို မင်းကြားဖူးမှာပါ။ မင်းဟာ မွေးဖွားလာတဲ့ခေါင်းဆောင်တစ်ဦး မဟုတ်သေးဘူးဆိုတာလေ။ ခေါင်းဆောင်မှုနဲ့ပတ်သက်လို့ သူဘာလုပ်သင့်သလဲဆိုတာ မင်းဘာအကြံပြုနိုင်သလဲ"

လူငယ်လေးက ရယ်လိုက်သည်။

"ဆရာပြောချင်တာ ကျွန်တော်နားလည်ပါပြီ။ ဒါပေမဲ့ အရည်အသွေး စိတ်ကူးစိတ်သန်းကို ထပ်မံပြီး ဘာမှပေးစရာမလိုဘူးလို့ ဆိုလိုတာလား"

"ကောင်းပြီ။ ခေါင်းဆောင်များရဲ့အရည်အသွေး အကြောင်းအရာတချို့ကို ဆရာသိထားတယ်လို့ ယုံကြည်တယ်။ ခေါင်းဆောင်တွေဟာ သီးခြားအလုပ်လုပ်နေတဲ့အုပ်စုမှာ လိုအပ်တဲ့အရည်အချင်းတွေကို ပိုင်ဆိုင်ကြတယ်။ ဥပမာပြောရရင် ရုပ်ပိုင်းဆိုင်ရာ သတ္တိဟာ မင်းကိုခေါင်းဆောင်မပြုလုပ်နိုင်ဘူး။ ဒါပေမဲ့ အဲဒီသတ္တိမရှိဘဲနဲ့လည်း မင်းခေါင်းဆောင်မဖြစ်နိုင်ဘူး။ မင်းဟာ တူညီတဲ့သဘောတရားတွေကို အင်ဂျင်နီယာတွေ၊ စာရင်းကိုင်တွေ စတဲ့ အလုပ်လုပ်နေတဲ့အုပ်စုအားလုံးမှာ အသုံးချနိုင်တယ်"

"မန်နေဂျာတွေအတွက် အသုံးချနိုင်သလားဆရာ"

"ရတာပေ့ါ။ ဒါပေမဲ့ ခေါင်းဆောင်မှုဟာ မင်းဘဝမှာ လိုအပ်တဲ့အရည်အချင်းတွေထက် ပိုမိုပိုင်ဆိုင်နေရမယ်"

သည့်နောက် ကျွန်တော်သည် ခေါင်းဆောင်ကောင်းများ၏ အရည်အသွေးများကို White Board တွင်ရေးပြပြီး လူငယ်လေးကိုရှင်းပြသည်။

**ရိုးသားဖြောင့်မတ်ခြင်း သမာဓိဂုဏ်**

ရိုးသားဖြောင့်မတ်ခြင်း သမာဓိဂုဏ်ကို အများကသင့်အား ယုံကြည်အောင်ပြုလုပ်သော အရည်အသွေးဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ထို့အပြင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆက်သွယ်မှုများအားလုံးအတွက် ယုံကြည်အားကိုးမှုသည် ဗဟိုအချက်အချာကျသော အရေးပါမှုတစ်ရပ်ပင် ဖြစ်သည်။

**ဖွဲ့နှဲကြီးစွာ စိတ်အားထက်သန်ခြင်း**

ဖွဲ့နှဲကြီးစွာ စိတ်အားထက်သန်မှုနည်းပါးသော ခေါင်းဆောင်များမရှိဟု ကျွန်တော်ထင်သည်။ ယင်းအချက်သည် ခေါင်းဆောင်များ၏ ယေဘုယျကျသော ဝိသေသလက္ခဏာများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

**နွေးထွေးမှု**

နွေးထွေးမှုရှိသော ကိုယ်ရည်ကိုယ်သွေးသည် စိတ်ကူးတတ်သောအရည်အသွေးဖြစ်သည်။ စိတ်ခံစားမှုအဆင့်တွင် ဆက်သွယ်မှုပြုရန်စွမ်းရည်သည် လူလူချင်း အကျိုးထိရောက်မှုရှိခြင်း၏ မရှိမဖြစ်လိုအပ်သော ပုံပန်းသွင်ပြင်ဖြစ်သည်။

**စိတ်တည်ငြိမ်မှု**

စိတ်တည်ငြိမ်မှုသည် အရေးကြီးသော ဝိသေသလက္ခဏာတစ်ရပ်ဖြစ်သည်။ ရှေးရှေးတုန်းက ရောမလူမျိုး သမိုင်းပညာရှင် Tacitus က ဤသို့ရေးသားခဲ့ဖူးသည်။

**အကြောင်းပြချက်နှင့်**
**တည်ငြိမ်သောဆုံးဖြတ်ချက်**

ယင်းအရည်အချင်းများသည် အထူးသဖြင့် ခေါင်းဆောင်တစ်ဦးပိုင်ဆိုင်သည့် အရည်အသွေးများဖြစ်သည်။

**တောင်းဆိုမှုပြုပါ၊ သို့သော် တရားမျှတမှုရှိပါစေ**

တောင်းဆိုမှုပြုပါ၊ သို့သော် တရားမျှတမှုရှိပါစေ။ ယင်းသည် နှစ်လိုဖွယ်ရာကောင်းသော အရည်အသွေးအနေဖြင့် လွန်ခဲ့သောဆယ်နှစ်အတွင်းက စက်မှုလုပ်ငန်းများတွင် ဖြစ်ပေါ်လာခဲ့သည်။

"အရည်အသွေးအကြောင်း တွေးတောနေတာ တန်ဖိုးရှိတယ်နော်။ အဲဒါတွေကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်နိုင်သလားဆရာ" ဟု လူငယ်လေးက မေးလိုက်သည်။

"အေး..ခေါင်းဆောင်မှု အရည်အသွေးတွေကို တိုးတက်အောင်လုပ်နိုင်တယ်။ အလေ့အကျင့်နဲ့ အတွေ့အကြုံနဲ့ ယှဉ်ပြီးလုပ်ပါ။ အရည်အသွေးချဉ်းကပ်မှုဟာ ခေါင်းဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးစတင်ရတဲ့ အချက်မဟုတ်ဘူး။ သုတေသနပြုမှုဟာ လားရာပြောင်းလဲခဲ့ရပြီ"

*Ref: Not Bosses but leaders by John Adair*



(ဆက်လက်ဖော်ပြပါမည်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၆၈ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၁၆၈ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၉ ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၇၆၁၁၀ ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၆၁၄၁၉၈ ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၁၃ ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း ၅၉၂၉၉၈ ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၃၄ ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၆-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း ၃၀၂၄၃၇၈၉ ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း ၆၁၁၈၈၆၈ ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၇) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းဆေးမှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၆၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၅၄) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၈၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၂၇၄) ခု | (၃)ဦး |
| စုစုပေါင်း | (၄,၁၆၈) ခု | (၈)ဦး |

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၆-၈-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၄၃,၇၈၉ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၁၁၈,၈၆၈ |

ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၈၉၇၆၀၄ | ၈၈၉၃၃၁၂၆ | ၁၀၅၈၇၂၆ |
| ၂။ | အိန္ဒိယ | ၄၄၁၄၅၇၃၂ | ၄၃၄၈၄၁၁၀ | ၅၂၆၆၈၉ |
| ၃။ | ပြင်သစ် | ၃၄၀၅၃၀၄၀ | ၃၂၈၆၄၀၄၁ | ၁၅၂၅၃၇ |
| ၄။ | ဘရာဇီး | ၃၄၀၁၁၁၇၃ | ၃၂၆၉၁၆၀၃ | ၆၈၀၀၁၂ |
| ၅။ | ဂျာမနီ | ၃၁၂၂၈၃၁၄ | ၂၉၅၀၂၇၀၀ | ၁၄၄၈၅၈ |
| ၆။ | ဗြိတိန် | ၂၃၃၆၈၈၉၉ | ၂၂၈၅၃၉၀၇ | ၁၈၅၀၅၂ |
| ၇။ | အီတလီ | ၂၁၂၈၆၇၇၁ | ၂၀၀၀၈၂၅၁ | ၁၇၃၀၆၂ |
| ၈။ | တောင်ကိုရီးယား | ၂၀၄၈၉၁၂၈ | ၁၈၉၁၂၇၃၅ | ၂၅၂၆၃ |
| ၉။ | ရုရှား | ၁၈၇၁၂၆၉၉ | ၁၈၀၃၉၃၅၅ | ၃၈၂၇၄၁ |
| ၁၀။ | တူကီယဲ | ၁၆၂၉၅၈၀၇ | ၁၅၈၇၅၁၂၁ | ၉၉၆၇၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၄၇၅၁၈ | ၉၉၇၃၁၂၂ | ၄၃၀၉၄ |
| ၂။ | အင်ဒိုနီးရှား | ၆၂၄၄၉၇၈ | ၆၀၃၇၇၃၈ | ၁၅၇၀၉၅ |
| ၃။ | မလေးရှား | ၄၇၀၅၈၂၄ | ၄၆၂၂၉၀၀ | ၃၆၀၂၀ |
| ၄။ | ထိုင်း | ၄၆၀၅၆၀၉ | ၄၅၅၂၄၈၇ | ၃၁၅၉၉ |
| ၅။ | ဖိလစ်ပိုင် | ၃၈၀၃၉၅၅ | ၃၇၀၅၃၄၃ | ၆၀၈၀၇ |
| ၆။ | စင်ကာပူ | ၁၇၅၄၇၇၇ | ၁၆၆၂၇၂၇ | ၁၅၃၆ |
| ၇။ | မြန်မာ | ၆၁၄၁၉၈ | ၅၉၂၉၉၈ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၈၁၀ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၁၁၁၅၇ | ၂၀၅၇၇၃ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၀၂၁ | ၁၃၃၆၈၃ | ၃၀၅၆ |

# နိုင်ငံတကာအဆင့်မီ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းမကြီးနှင့် ဖွံ့ဖြိုးလာမည့် ပြည်သူ့စီးပွား

ဗညားဦး

မြင့်မားသော ရှမ်းတောင်တန်းများသည် တစ်တောင်နှင့်တစ်တောင် နွယ်ယှက်နေသည်။ ထိုသို့ မြင့်မားပြီး ကျောက်တုံး ကျောက်ဆောင်များ၊ လျှိုများ၊ ချောက်များ တည်ရှိနေသော တောင်တန်းများကို ကျော်လွန်ကာ တောင်ပေါ်မြေပြန့် လွယ်လင့်တကူ အဆင်ပြေပြေ သွားလာနိုင်စေရန် လမ်းကွန်ရက်များကို လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။

**တောင်ပေါ်မြေပြန့် အလှမ်းမဝေးတော့**

ထိုကဲ့သို့ လွှမ်းခြုံထားနိုင်ပြီဖြစ်သည့်အတွက် တောင်ပေါ်မြေပြန့် အလှမ်းမဝေးတော့ဘဲ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာမြို့မှသည် ရှမ်းပြည်နယ်ရှိ တောင်ကြီးမြို့၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့တို့အထိ ချိတ်ဆက်ထားသော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ် လမ်းမကြီးကို အသုံးပြု၍ အဆင်ပြေလွယ်ကူစွာသွားလာနိုင်ပြီဖြစ်သည်။ ယင်းလမ်းပိုင်းကို အသုံးပြုသည့် ပြည်သူများအနေဖြင့် ပိုမိုအဆင်ပြေလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်စေရန် လမ်းဦးစီးဌာနအနေဖြင့် လမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်းကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

လမ်းဦးစီးဌာနအနေဖြင့် လမ်းများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရာတွင် နှစ်ရှည်ပင်မစီမံကိန်းတွင် ပါဝင်သော နိုင်ငံတကာနှင့် ဆက်သွယ်သည့် လမ်းများ၊ အဓိက ပြည်ထောင်စုလမ်းများအား ကတ္တရာလမ်း ၃ ဒသမ ၆၆ မီတာ အကျယ်မှ ၅ ဒသမ ၅ မီတာ အကျယ် ချဲ့ရန်နှင့် ခုနစ်မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ်ရရှိအောင် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်ရန်၊ လမ်းများအား ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်ရန်နှင့် ၃ ဒသမ ၆၆ မီတာ ၁၂ ပေ အကျယ်မှ ၅ ဒသမ ၅ မီတာ ၁၈ ပေ အကျယ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် ဘဏ္ဍာနှစ်အလိုက်ရရှိရန်ပုံငွေပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရန်ဟူသည့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။



ကလော-တောင်ကြီးလမ်းပိုင်းကို တွေ့ရစဉ်။

“မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းမကြီးဟာ အဓိကတော့ ရှမ်းပြည်နယ်တစ်ခုလုံးနဲ့ မြေပြန့်ဒေသကို ချိတ်ဆက်ပေးတဲ့ လမ်းမကြီးပါ။ ဒီလမ်းမကြီးကို ပြည်သူတွေအနေနဲ့ အဆင်ပြေလွယ်ကူစွာ သွားလာအသုံးပြုနိုင်နေပါပြီ။ ပြည်သူတွေအတွက် ဒီလမ်းမကြီးဟာ အရေးပါတဲ့ လမ်းမကြီးဖြစ်တဲ့အတွက် ၄၈ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ် ရည်မှန်းအဆင့်မြှင့်တင်နေတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ အပိုင်းအလိုက်သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်”ဟု ရှမ်းပြည်နယ် (တောင်ပိုင်း) လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရဇော်က ပြောသည်။

**ခရီးမိုင်အားဖြင့် ၄၉၀ မိုင် ၇ ဖာလုံ**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့မှ စ၍ ရှမ်းပြည်နယ် တာချီလိတ်မြို့အထိ ချိတ်ဆက်ထားသော မိတ္ထီလာ-တောင်ကြီး - ကျိုင်းတုံ - တာချီလိတ် လမ်းမကြီးသည် ခရီးမိုင်အားဖြင့် ၄၉၀ မိုင် ၇ ဖာလုံ ရှိသည်။

“မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းဟာ နိုင်ငံတကာ ဆက်သွယ်ရေးလမ်းမကြီးဖြစ်တယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြန်မာပြည် အလယ်ပိုင်းကို ချိတ်ဆက်ပြီး ရန်ကုန်-မန္တလေး (အမြန်လမ်းမကြီး) ကနေ တစ်ဆင့်ဖြစ်စေ၊ ရန်ကုန် - တောင်ငူ - မန္တလေး (လမ်းဟောင်း) ကနေတစ်ဆင့်ဖြစ်စေ မြန်မာပြည်တစ်ဝန်း ချိတ်ဆက်အသုံးပြုသွားလာနိုင်တဲ့ အရေးပါတဲ့လမ်းတစ်လမ်းဖြစ်တယ်။ ဒီလမ်းပိုင်း အဆင့်မြှင့်တင်မှုအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ဆိုရင် မိတ္ထီလာမြို့နယ်အပိုင်းမှာ AC လမ်း ၂ မိုင် ၃ ဖာလုံနဲ့ သာစည်မြို့နယ်မှာ လမ်းအနိမ့်အမြင့် ဖြေညှိပြီး ကတ္တရာရေပိတ်လွှာလောင်းခြင်း ၃ မိုင် ဆောင်ရွက်ဖို့ လျာထားပါတယ်။ ပြည်သူတွေ အန္တရာယ်ကင်းရှင်းစွာနဲ့ ယာဉ်တွေ လွယ်ကူချောမွေ့စွာ သွားလာနိုင်ဖို့အတွက် တောင်ပေါ်ဒေသ ဆောက်လုပ်ရေးကုမ္ပဏီက B.O.T စနစ်နဲ့ တာဝန်ယူဆောင်ရွက်ပြီးတော့ လမ်းဦးစီးဌာန မိတ္ထီလာခရိုင်က ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်”ဟု မိတ္ထီလာခရိုင် လမ်းဦးစီး ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဝင်းဖြူဖြူသိန်းကပြောသည်။

ယင်းလမ်းမကြီးမှ မိတ္ထီလာ-တောင်ကြီးအပိုင်းသည် ၁၁၅ မိုင် ၂ ဖာလုံ ရှိပြီး မန္တလေးတိုင်းဒေသကြီးအပိုင်းတွင်ပါရှိသည့် ၅၂ မိုင် ၆ ဖာလုံကို တောင်ပေါ်ဒေသ ဆောက်လုပ်ရေးကုမ္ပဏီက B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လမ်းဦးစီးဌာန မိတ္ထီလာခရိုင်က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ မိတ္ထီလာခရိုင်တွင် ပါရှိသည့် လမ်းပိုင်းအဆင့်မြှင့်တင် ကောင်းမွန်လာခြင်းနှင့်အတူ လမ်းပိုင်းပေါ်ရှိ ကျေးရွာပေါင်း ၄၅ ရွာမှ ဒေသခံ ၇၄၃၄၆ ဦး၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်သည်။

**အောင်ပန်းက ပြည်နယ်ရဲ့ ကုန်စည်ဒိုင်လိုဖြစ်နေ**

“ကျွန်တော်တို့ ဒေသက မြန်မာနိုင်ငံရဲ့ စားဖိုဆောင်လို့ ပြောလို့ရပါတယ်။ စားဖိုဆောင် သီးနှံအားလုံး စိုက်ပျိုးထွက်ရှိပြီးတော့ ဒီသီးနှံအားလုံးကို တင်ပို့ရောင်းချတဲ့အခါ တစ်နေရာနဲ့တစ်နေရာ ကုန်ကဲ့ပြီး ရောင်းချရတာနဲ့ တိုက်ရိုက်တစ်ခါတည်း သွားရောင်းနိုင်တာနဲ့ စားသုံးသူဆီရောက်တဲ့ ကုန်ကျစရိတ်က မတူပါဘူး။ ဒီနေရာမှာ လမ်းအသုံးပြုခကောက်တဲ့အပေါ် အမြင်မတူတာတော့ ရှိပါတယ်၊ လမ်းမကောင်းလို့ အဆင့်ဆင့်သယ်ယူနေရတာထက် လမ်းကောင်းကောင်းသုံးရတဲ့အတွက် အသုံးပြုခပေးရတာကလည်း ကုန်ကျစရိတ် အများကြီးသက်သာပါတယ်။ အခုဆို ကျွန်တော်တို့ ပြည်နယ်မှာဆိုရင် အောင်ပန်းက ပြည်နယ်ရဲ့ ကုန်စည်ဒိုင်လိုဖြစ်နေတော့ ကုန်ပို့ရင် အောင်ပန်းကနေ ရန်ကုန်ကို တစ်ညအိပ်နဲ့ ရောက်သွားတယ်။ ပြီးတော့ လမ်းကောင်းတဲ့အတွက် ကားသက်သာတယ်။ ယာဉ်မောင်းလည်း လမ်းကြောင့် မပင်ပန်းဘူး။ သတိနဲ့ ယာဉ်အန္တရာယ်ကင်းအောင်မောင်းရုံပဲ” ဟု အောင်ပန်းသား ယာဉ်လိုင်းပိုင်ရှင် ဦးစိုးဝင်းက ပြောသည်။

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းမကြီးမှ မိတ္ထီလာ-တောင်ကြီး အပိုင်းသည် ၁၁၅ မိုင် ၂ ဖာလုံရှိသည့်အနက် ရှမ်းပြည်နယ်အပိုင်းတွင်ရှိသည့် ၆၂ မိုင် ၄ ဖာလုံကို တောင်ကြီးခရိုင် လမ်းဦးစီးဌာနမှ ကြီးကြပ်တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

“ကျွန်တော်တို့တောင်ကြီးခရိုင်ဘက်ခြမ်းမှာပါဝင်တဲ့ လမ်းပိုင်းကို တောင်ပေါ်ဒေသဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က B.O.T စနစ်နဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

လုပ်ငန်းဆောင်ရွက်တဲ့ ပုဂ္ဂလိကကုမ္ပဏီအနေနဲ့ လမ်းတိုးချဲ့အဆင့်မြှင့်တင်တဲ့လုပ်ငန်းတွေမှာ စနစ်တကျ အရည်အသွေးပြည့်မီစေဖို့ရာ ကျွန်တော်တို့ဌာနအနေနဲ့ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကတော့ လမ်းပိုင်ရှင်ပြည်သူတွေအတွက် လမ်းဦးစီးဌာနက သတ်မှတ်ထားတဲ့ Pavement Design Mix Design တွေနဲ့အညီဖြစ်စေဖို့ပါ” ဟု တောင်ကြီး ခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်က ရှင်းပြသည်။

စာမျက်နှာ ၂၄ သို့ ★

❋ မိတ္ထီလာခရိုင်တွင်ပါရှိသည့် လမ်းပိုင်းအဆင့်မြှင့်တင် ကောင်းမွန်လာခြင်းနှင့်အတူ လမ်းပိုင်းပေါ်ရှိ ကျေးရွာပေါင်း ၄၅ ရွာမှ ဒေသခံ ၇၄၃၄၆ ဦး၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်

❋ မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်းမကြီးသည် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့်အပြင် နိုင်ငံတကာဆက်သွယ်ရေးနှင့် အာရှအာဆီယံလမ်းမကြီးအဖြစ်ပါ နိုင်ငံအတွက် အရေးပါသည့် လမ်းမကြီးအဖြစ် တည်ရှိနေသည်။ ရှမ်းပြည်နယ်မှတစ်ဆင့် အိမ်နီးချင်း တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်မှုပြုရန်အတွက်ပါ အသုံးပြုနေသည့် လမ်းမကြီးလည်းဖြစ်



ကလော-တောင်ကြီးလမ်းပိုင်းကို တွေ့ရစဉ်။

★ စာမျက်နှာ ၂၃ မှ

မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ် လမ်းမကြီးသည် ပြည်ထောင်စုလမ်းမကြီး ဖြစ်သည့်အပြင် နိုင်ငံတကာဆက်သွယ်ရေးနှင့် အာရှအာဆီယံလမ်းမကြီးအဖြစ်ပါ နိုင်ငံအတွက် အရေးပါသည့် လမ်းမကြီးအဖြစ် တည်ရှိနေသည်။ ရှမ်းပြည်နယ်မှတစ်ဆင့် အိမ်နီးချင်း တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်မှုပြုရန်အတွက်ပါ အသုံးပြုနေသည့် လမ်းမကြီးလည်းဖြစ်သည်။

**အကောင်အထည် ဖော်လျက်ရှိ**

ထိုသို့ လမ်းပိုင်းများ အဆင့်မြှင့်တင်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် လမ်းဦးစီးဌာနသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး စာချုပ်စာတမ်း ခိုင်ခိုင်မာမာချုပ်ဆိုဆောင်ရွက်၍ လုပ်ငန်းများတာဝန်ပေးအပ် ဆောင်ရွက်ခြင်း၊ ဆောင်ရွက်သည့် လုပ်ငန်းများအား ကြီးကြပ်စစ်ဆေးခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်းလုပ်ငန်းများအား B.O.T စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ပုတ်ပြတ်လုပ်ငန်းများ ဆောင်ရွက်စေခြင်းတို့ဖြင့်လည်း အကောင်အထည်ဖော်လျက်ရှိသည်။

"ပြည်သူတွေအတွက် လမ်းက အခြေခံဖွံ့ဖြိုးရေးဖြစ်တဲ့အတွက် လမ်းတွေ အဆင့်မြှင့်တင်ဆောင်ရွက်တဲ့အခါ နိုင်ငံတော်အနေနဲ့ ဆောင်ရွက်တဲ့အခါ နိုင်ငံရဲ့ ဖွံ့ဖြိုးရေးကဏ္ဍအစုံကို ဆောင်ရွက်ရာဖြစ်တာမို့ ဘဏ္ဍာနှစ်အလိုက်ပဲ ဆောင်ရွက်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ B.O.T စနစ်နဲ့ ပုဂ္ဂလိကကုမ္ပဏီတွေကို ဆောင်ရွက်စေပြီးတော့ ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက် လမ်းကောင်းမွန်ရေးကို ဖြည့်ဆည်းရပါတယ်။ ကျွန်တော်တို့ဌာနကတော့ လမ်းတွေကို တာဝန်ယူထားတာမို့ နိုင်ငံ့ဘဏ္ဍာနဲ့ဖြစ်စေ၊ B.O.T စနစ်နဲ့ဖြစ်စေ ဆောင်ရွက်တဲ့ လမ်းတိုင်းကို အရည်အသွေးမီအောင်၊ အချိန်မီပြီးစီးအောင် အဓိကထားပါတယ် " ဟု ညွှန်ကြားရေးမှူး ဦးသူရဇော်က ပြောသည်။

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းမကြီး အဆင့်မြှင့်တင်ရာတွင်လည်း ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် လမ်းဦးစီးဌာနများနှင့် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၄)၊ လမ်းအထူးအဖွဲ့(၅) တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် B.O.T စနစ်ဖြင့် တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် နေမင်းရောင်ကုမ္ပဏီတို့က လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ B.O.T စနစ်နဲ့ တာဝန်ယူ ဆောင်ရွက်တာကတော့ မိတ္ထီလာ-ကလော-တောင်ကြီးအပိုင်း ၁၁၅ မိုင် ၂ ဖာလုံဖြစ်ပါတယ်။ ဘုရားငါးဆူ-ကလော-တောင်ကြီးလမ်းပိုင်းမှာ ယာဉ်အစီးရေ ၂၀၀၀ ကျော်တဲ့အတွက် AADT မူဝါဒအရ ၄၈ ပေအကျယ် လေးလမ်းသွားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးသွားပါပြီ၊ ဒီလမ်းကို အများပြည်သူ အသုံးပြုရာ ပိုပြီး အဆင်ပြေလွယ်ကူစွာသုံးနိုင်ဖို့ ၄၈ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ် တိုးချဲ့ဆောင်ရွက်နေပါတယ်။ ဒီထဲမှာ ရာခိုင်နှုန်းပြည့် ပြီးစီးတာရှိသလို လုပ်ငန်းဆောင်ရွက်ဆဲလည်း ရှိပါတယ်။ နိုင်လွန်ကတ္တရာခင်းတာက ရှမ်းပြည်နယ်အပိုင်းမှာ နန့်ပန်တက်-ကလော-တောင်ကြီးအထိ ၆၂ မိုင် ၄ ဖာလုံကို ၄၈ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မိတ္ထီလာ-ဘုရားငါးဆူ-နန့်ပန်တက်အပိုင်းလည်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်၊ မြို့တွင်းရွာတွင်း နေရာတွေမှာ ဦးစားပေးအနေနဲ့ အပိုင်းလိုက်ခွဲခြားပြီး နိုင်လွန်ကတ္တရာခင်းခြင်း ၇ မိုင် ၃ ဖာလုံ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့အပိုင်းတွေကိုလည်း နိုင်လွန်ကတ္တရာခင်းဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်" ဟု တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ QC Leader ဦးအောင်တင့်က ပြောသည်။

**တိုးချဲ့ အဆင့်မြှင့်တင်**

B.O.T စနစ်ဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်နေသည့် ယင်းကုမ္ပဏီသည် မိတ္ထီလာ-တောင်ကြီးလမ်းပိုင်းပေါ်တွင် မိတ္ထီလာ-နန့်ပန်တက်၊ ပျော်ဘွယ်-ဘုရားငါးဆူ၊ သာစည်-သပြေဝ၊ ဘုရားငါးဆူ-နန့်ပန်တက်၊ နန့်ပန်တက်-ကလော၊ ကလော-တောင်ကြီး စသဖြင့် လမ်းပိုင်းအလိုက် တိုးချဲ့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

"လမ်းချဲ့တာ၊ နိုင်လွန်ကတ္တရာခင်းတာ စတဲ့လုပ်ငန်းတွေနဲ့အတူ Guard Rail, Guard Post, Road Sign တွေ တပ်ဆင်တာ၊ လမ်းကြံ့ခိုင်မှုအနေနဲ့ လမ်းဘေး ဝဲ၊ ယာ ရေမြောင်းတွေ တည်ဆောက်တာ၊ မြေထိန်းနံရံ တည်ဆောက်တာ၊ လမ်းပခုံးတည်ဆောက်တာတွေအပြင် လမ်းထိန်းသိမ်းမှုအနေနဲ့ လမ်းပေါက်တွေ စနစ်တကျ ဖာထေးတာ၊ Lane Marking ဆေးအသစ် ပြန်ဆွဲတာ၊ လမ်းလယ်ကျွန်း ကပ်တုံးတွေ၊ မိုင်၊ ဖာလုံ၊ ကီလိုမီတာတိုင်တွေနဲ့ တံတားတွေ ဆေးသုတ်တာ စတာတွေကို အသေးစိတ် ဆောင်ရွက်ရပါတယ်။ လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်မှာလည်း အရိပ်ရသစ်ပင်တွေ၊ ပန်းပင်တွေ နှစ်စဉ် မိုးရာသီရောက်တိုင်း စနစ်တကျပြုစုစိုက်ပျိုးထားပါတယ်။ ကျွန်တော်တို့ တာဝန်ယူထားတဲ့ လမ်းတွေနဲ့ ပတ်သက်ပြီး လမ်းဦးစီးဌာနက လမ်းညွှန်မှုပြုသလို လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနဲ့ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းတွေကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု QC Leader ဦးအောင်တင့်က ရှင်းပြသည်။

လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် နှစ်စဉ်လုပ်ငန်းစီမံချက်များရေးဆွဲခြင်း၊ ဒီဇိုင်းတိုင်းတာပုံ ထုတ်ခြင်း၊ Mix Design များ ထုတ်ပေးခြင်း၊ အရည်အသွေး စစ်ဆေးခြင်းနှင့် နှစ်စဉ်စီမံချက်များအား ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးစေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ Road Safety Facilities များ ဆောင်ရွက်ခြင်း၊ Toll Gate များ စနစ်တကျ ဖြစ်စေရေး စီမံဆောင်ရွက်ခြင်းတို့ကို လမ်းဦးစီးဌာန၊ B.O.T Task Force အဖွဲ့က အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ B.O.T စနစ်ဖြင့် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ စိုက်ထုတ်သုံးစွဲရန် မလိုအပ်ဘဲ အချိန်တိုအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်း၊ လမ်း၊ တံတား အသုံးပြုခကောက်ခံရရှိမှုအပေါ် နိုင်ငံတော်မှ အခွန်စည်းကြပ်ငွေများ ရရှိခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့အပြင် ပြည်သူများ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ကာ လူမှုစီးပွားဘဝများကို အထောက်အပံ့ပြုနိုင်မည်ဖြစ်သည်။

ထို့ကြောင့် လမ်းဦးစီးဌာနအနေဖြင့် ၂၄ ပေအကျယ် ရရှိပြီးသည့် မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် လမ်းမကြီးတွင် နေ့စဉ် ယာဉ်ဖြတ်သန်းသွားလာမှု ၂၀၀၀ ကျော် တည်ရှိနေသည့်အတွက် ယာဉ်အသွားအလာ အန္တရာယ်ကင်းရှင်းစေရန်၊ အချိန်တိုအတွင်း လွယ်ကူစွာ သွားလာနိုင်စေရန် ရည်ရွယ်၍ ၄၈ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ် လမ်းအဆင့်မြှင့်တင်ခြင်းဖြစ်သည်။ ထိုသို့ အဆင့်မြှင့်တင်ခြင်းနှင့်အတူ ဒေသစီးပွား၊ နိုင်ငံ့စီးပွားကို အထောက်အကူပြုနိုင်သည့် နိုင်ငံတကာအဆင့်မီ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ် လမ်းမကြီးအဖြစ် ပြည်သူများ ပိုမိုအဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ကန့်ဘလူမြို့နယ်၌ ဝါမျိုးစေ့ထုတ်ကွက် ၅၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဩဂုတ် ၇

တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး၊ မျိုးစေ့ထုတ်လုပ်ပြီး တောင်သူဦးကြီးများ ဝင်ငွေတိုးပွားစေရေး၊ လယ်ယာထွက်ကုန်များ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးတို့ကို ရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်၌ ယခုနှစ်တွင် စက်မှုကုန်ကြမ်းသီးနှံ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ကွက် ဧက ၄၀ လျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ချည်မျှင်ရှည်ဝါ ၁၅၂ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး မျိုးစေ့ထုတ်ကွက်အနေဖြင့် ဧက ၄၀ ကို ဇူလိုင် ၂၆ ရက်က စတင်စိုက်ပျိုးခဲ့ရာ ၅၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးပြီး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မှာ စက်မှုကုန်ကြမ်းသီးနှံ ချည်မျှင်ရှည်ဝါကို လျာထားဧကပြည့်မီအောင်စိုက်ပျိုးလျက်ရှိပါတယ်။ မျိုးစေ့ထုတ်ကွက်စိုက်ပျိုးနေတဲ့ တောင်သူတွေ ဝါစိုက်ပျိုးတဲ့အချိန်မှာ နည်းစနစ်မှန်ကန်ဖို့၊ သွင်းအားစုများ အချိုးကျသုံးစွဲရေးကိုလည်း စိုက်ပျိုးရေးဝန်ထမ်းများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ် " ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံဦးစိုးမင်းဦးက ပြောသည်။

ထို့ပြင် ဝါစိုက်ပျိုးမည့်တောင်သူများကို ဇူလိုင် ၁၅ ရက်က ဝါသီးနှံမျိုးစေ့များနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာ ပေးသင်တန်းများ၊ နည်းစနစ်တကျ စိုက်ပျိုးတတ်စေရေး၊ ပိုးသတ်ဆေးသုံးစွဲမှုများလျှော့ချနိုင်စေရေး၊ သဘာဝမြေဩဇာများ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲတတ်စေရေးတို့ကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မိုးညှင်းမြို့နယ်တွင် မိုးစပါးဧက ၁၁၁၂၈၇ ဧကထိ စိုက်ပျိုးပြီးစီး

မိုးညှင်း ဩဂုတ် ၇

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၃၅၂၂၀ ဧကရှိသည့်အနက် ဇူလိုင်လ နောက်ဆုံးအပတ်ထိ ဧက ၁၁၁၂၈၇ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



မိုးညှင်းမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန် လျာထားသည့် ဧက ၁၃၅၂၂၀ ကို ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများ စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေများ တိုးပွားလာစေရေး၊ စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ပြီး ပြည်တွင်း/ပြည်ပ ဈေးကွက်များ တိုးချဲ့လာနိုင်စေရေးအတွက် စိုက်ပျိုးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးညှင်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၆၀ ရှိကာ ဒေသရေမြေနှင့်ကိုက်ညီသော အထွက်ကောင်း မျိုးသန့်စပါးဖြစ်သည့် ဆင်းကေရီ-၃ မျိုးစပါးကို တောင်သူများက အများဆုံး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ အခြားစပါးမျိုးများဖြစ်သည့် ငွေတိုး၊ ကောက်ညှင်းစသည့် စပါးမျိုးများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဓွဲသူရအောင်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**၅-၈-၂၀၂၂ ရက်နေ့မှအဆက်**

သူကလည်း နွယ်နွယ်ထွန်း၏စကားကို စိတ်ဝင်စားဟန်ပြသည်။

“ဟုတ်လား၊ ဆိုပါဦး။ မိန်းကလေးက ဘယ်ကလဲဟင် ”

“ကျွန်မ ရန်ကုန်ကပါ၊ ဒါပေမဲ့ ရေနံချောင်းဇာတိပါ”

“ရေနံချောင်းကို အလည်လာတာလား”

“ဟုတ်ပါတယ်။ ဒီမှာက ကျွန်မဦးလေးနဲ့ အဒေါ်ရှိပါတယ်။ ကျွန်မနာမည် နွယ်နွယ်ထွန်းလို့ ခေါ်ပါတယ်။ ဆိုပါ ဦး၊ ဦးလေးက နန်းကိန္နရီကို ဘယ်လိုလုပ်သိနေတာလဲ”

“ဦးလေးအနေနဲ့ သူ့ကို သိပ်သိတယ်တော့ မဟုတ်လှပါဘူး။ မြင်ဖူး တွေ့ဖူးနေတာဆိုပါတော့။ မိန်းကလေးက နန်းကိန္နရီနဲ့ အတော်ဆင်တာကလား”

“ဆင်ဆို ကျွန်မတို့က ဆွေမျိုးတွေကိုး ဦးလေးရဲ့”

နွယ်နွယ်ထွန်းသည် ပြောရင်းမှာပင် ခပ်ဟက်ဟက်ကလေး ရယ်မောလိုက်မိသည်။ မိမိရှေ့တွင်ရှိနေသော သူ၏မျက်နှာမှာ အပြောင်းအလွဲများစွာဖြစ်သွားသည်။ သူ၏အကြည့်ကလည်း မိမိမျက်နှာပေါ်သို့ ရဲရဲစူးစူး ကျရောက်လာသည်ဆိုခြင်းများကို တွေ့ရသောအခါမှ ရယ်လိုက်မိခြင်းမှာ မှားနေသလားထင်ကာ အရယ်ရပ်လိုက်မိသည်။

သူသည် အကြည့်ကို နွယ်နွယ်ထွန်း၏မျက်နှာမှ ပြောင်းလွဲလိုက်ကာ ညည်းညူသလို ဆိုလိုက်လေသည်။

“မိန်းကလေးဟာ ဒေါ်ရေနံ့သာခင်ခင်ကြီးရဲ့ သမီးများလားကွယ်”

နွယ်နွယ်ထွန်း၏ စိတ်သန္တာန်သည် ပြန်လည်တက်ကြွလာသည်။ ပြန်လည်ပျော်ရွှင်လာသည်။ ရေနံချောင်းသို့ ရောက်ရှိလာပြီးနောက် သူ၏မိခင်နှင့် ပတ်သက်၍ မေးစမ်းသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့။ ပတ်ဝန်းကျင်သည် ဒေါ်ရေနံ့သာ ခင်ခင်ကြီးဆိုသည်ကို မေ့ပျောက်နေခဲ့ပြီ ဖြစ်ဟန်ရှိသည်။ ယခုလို တကူးတကန့်မေးလာသူနှင့် ကြုံရသောအခါ နွယ်နွယ်ထွန်း အမှန်ပင် ဝမ်းသာသည်။

“ဦး ကျွန်မမေမေကို သိလို့လားဟင်”

နွယ်နွယ်ထွန်း၏အမေးကို သူက ခေါင်းညိတ်အဖြေပေးသည်။

“ဦးက ရေနံချောင်းကပဲပေါ့”




“ဆိုပါတော့”

“သြော် ဒါကြောင့်ကိုး”

“ဒါပေမဲ့ မင်းမေမေနဲ့တော့ သိပ်မရင်းလှပါဘူး။ မင့်ဖေဖေ ကိုမောင်မောင်ဦးနဲ့ ကတော့ ရင်းပါတယ်”

“ဖေဖေနဲ့ သိတယ်”

“သိတယ်ဆိုတာထက် ငယ်သူငယ်ချင်းတွေလို့ ပြောလို့ရပါတယ်”

“ဟုတ်လား၊ ဒီလိုဆိုရင် ဦးနဲ့တွေ့ရတာ ကျွန်မ သိပ်ဝမ်းသာတာပဲ။ ကျွန်မက ဖေဖေနဲ့ ပတ်သက်တဲ့လူတွေကို သိပ်တွေ့ချင်နေတာ”

“အခု မင်း ရေနံချောင်းကို ဘယ်သူနဲ့လာတာလဲဟင်”

“ကျွန်မ မေမေနဲ့ပါ။ ဒေါ်ရေနံ့သာခင်ခင်ကြီးနဲ့ပါ”

သူသည် နွယ်နွယ်ထွန်း၏စကားကို မကြားမိသလို ရှိသည်။ သူ၏မျက်နှာသည် မှိုင်းလာသည်။ မျက်လုံးများလည်း ဝေရီလာသည်။ သူသည် တစ်ကိုယ်တည်း တစ်စုံတစ်ရာကို တီးတိုးရွတ်ဆိုသည်။

“သြော်... အခုတော့ ခင်ခင်ကြီးဟာ သမီးအရင်းနဲ့ ပြန်ပြီးတွေ့နေပြီကိုး”

ထို့နောက် သူသည် နွယ်နွယ်ထွန်းဘက်သို့လှည့်လိုက်ကာ

“ဦးလည်း မိန်းကလေးနဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ နောက်များမှ ဆုံကြသေးတာပေါ့ကွယ်” ဆိုသည်။

နွယ်နွယ်ထွန်းအနေနှင့် ဝမ်းသာအားရ စကားပြောလိုလှလျက်ရှိသော်လည်း သူ့အနေနှင့် စကားဆက်ပြောလိုပုံမရချေ။ သူသည် နွယ်နွယ်ထွန်းနှင့် မျက်နှာချင်းဆိုင်နေသည်ကိုပင် ဝန်လေးဟန်၊ မလုံမလဲရှိနေဟန်တူသည်။ စကားကို ခပ်တိုတိုဖြတ်ကာ လှေကားအတိုင်း ဆက်လက်တက်သွားသည်။

နွယ်နွယ်ထွန်းသည် သူ့အမူအရာကို နားမလည်နိုင်ဘဲ ကြောင်ငေးကြည့်နေရာမှ တစ်စုံတစ်ရာကို သတိရမိသလို လှမ်းပြောမိသည်။

“ဒါထက် ဦးနာမည်က ဘယ်သူလဲဟင်။ ဦးနဲ့တွေ့ချင်ရင် ဘယ်မှာလာတွေ့ရမလဲ”

သူသည် ခြေလှမ်းတုံ့သွားရပြန်သည်။ နောက်သို့လှည့်ကြည့်လာသည်။

“ဦးရဲ့နာမည်က အကြောင်းမဟုတ်ပါဘူး။ ဦးနဲ့တွေ့ချင်ရင်တော့ ဒီပတ်ဝန်းကျင်ကိုပဲ လာပေါ့ကွယ်။ ဒီပတ်ဝန်းကျင်မှာ ဦးရှိတတ်ပါတယ်”

ထို့နောက် သူသည် လှေကားအတိုင်း တက်ရောက် ပျောက်ကွယ်သွားလေသည်။

နွယ်နွယ်ထွန်း၏စိတ်ထဲမှာ အဆန်းတကြယ်ဖြစ်၍ ကျန်ခဲ့ရသည်။ အံ့သြတွေဝေမှုကို ခံစားနေရသည်။ ဘယ်လိုလူပါလိမ့်။ အဘယ့်ကြောင့် သည်မျှအဆောတလျင် ရှောင်ဖယ်ချင်ရပါလိမ့်။ နွယ်နွယ်ထွန်း မတွေးတတ်ချေပြီ။

နွယ်နွယ်ထွန်းသည် စနေနံဘုရားသို့ တစ်ရက်ခြားလောက်တွင် တစ်ခေါက်ရောက်ခဲ့သေးသည်။ သို့ရာတွင် သူ၏အရိပ်အယောင်ကိုသော်မျှ မတွေ့ရတော့ချေ။

သည်ရက်များအတွင်းဝယ် ချောက်မြို့သို့သွားရန် ဦးခင်မောင်ညွန့်က အဆိုပြုလာလေသည်။ ရေနံချောင်းမှသည် ချောက်သို့ နွယ်နွယ်ထွန်းတို့ အလည်အပတ် ရောက်ရှိခဲ့ရပြန်ပေသည်။

တကယ်တမ်း ပြောရမည်ဆိုပါက ရေနံမြေဆိုသော်လည်း ရေနံချောင်းသည် ရေနံမြေ မပီသချေ။ ရေနံမြေစစ်စစ်သည်ကား ချောက်သာလျှင် ဖြစ်လေသည်။ ရေနံချောင်း ရေနံမြေသည် လူနေအိမ်ခြေနှင့် တစ်ကန့်စီ တစ်သန့်စီလိုဖြစ်နေသည်။ ရေနံအလုပ်အပြင် ရောင်းဝယ်ဖောက်ကားခြင်းလည်း ထွန်းကားသည်။ ထို့ကြောင့် အလုပ်သမားမြို့တော်ဟု သတ်သတ်မှတ်မှတ်ခေါ်ယူ၍မရ။ ချောက်သည်သာလျှင် အလုပ်သမားမြို့တော်အစစ်ဖြစ်သည်။ အလုပ်သမားတိုင်းသည်လည်း ရေနံနှင့်မကင်းကြ။

ချောက်သို့ ဝင်ပြီဆိုကတည်းက စက်ရုံဥသြကိုလည်း ကြားရသည်။ ပျားပန်းခတ်မျှ သွားလာနေကြသော အလုပ်သမားများကိုလည်း မြင်ရသည်။ ကြီးမားထည်ဝါသော ရေနံချက်စက်ရုံကို တွေ့ရသည်။ လှုပ်ရှားနေသော မောင်းတက်များ၊ သံငြမ်းစင်များ။

ချောက်မြို့ကို ကြည့်မြင်ရသည်မှာ ပျားအုံတစ်အုံကို ကြည့်မြင်ရသည်နှင့် မခြားနားလှဟု နွယ်နွယ်ထွန်း ထင်သည်။ လူတိုင်း လှုပ်လှုပ်ရွရွ၊ ထထကြွကြွရှိသည်။ အားလုံး အလုပ်နှင့်လက်နှင့် မပြတ်သည့်ပမာဖြစ်သည်။ လုပ်သားမြို့တော်နှင့် လျော်ညီစွာ နေရာတကာမှာပင် အလုပ်သမားများ ကိုမြင်တွေ့နေရသည်။ မရပ်နားသောမြို့၊ အစဉ်လှုပ်ရှားနေသောမြို့။

ချောက်၌ ဒေါ်ဝင်းရီနှင့် ဆွေရိပ်မျိုးရိပ်မကင်းသူများ ရှိကြသည်။ ဒေါ်ဝင်းရီအနေနှင့် ရေနံတွင်းစားနှင့် အကြောင်းပါကာ ချမ်းသာကြွယ်ဝနေသော်လည်း ဆွေမျိုး အသိုက်အဝန်းတို့သည်ကား ရေနံအလုပ်သမားဘဝမှာသာ ရှိနေသေးကြောင်း တွေ့ရသည်။ ရေနံတွင်းရှိုးတွင်းစားတို့အနေနှင့် စိန်ကိုပြည်တောင်းနှင့်ခြင်တွယ်နေရစေကာမူ ရေနံလုပ်သားတို့သည်ကား လုပ်သားသာလျှင် ဖြစ်နေကြပေသေးသည်။ ခေတ်အဆက်ဆက်ပြောင်းခဲ့သည်နှင့်အမျှ အခွင့်အရေးရသည် မရသည်၊ ဘဝဖူလုံမှုရှိသည် မရှိသည်၊ အာမခံချက်ရှိသည် မရှိသည်သာလျှင် ကွာခြားနေပေသည်။

နယ်ချဲ့အစိုးရလက်ထက် အရင်းရှင်ကုမ္ပဏီများက ရေနံမြေကို အဆီစားအသားမျိုနေစဉ်ကဆိုလျှင် အလုပ်သမားအိုပြီဆိုပါက မခိုင်းချင်တော့။ ပျို့မျစ်သူကိုသာ အလိုရှိကြသည်။ သို့မှသာလည်း တွက်ချေကိုက်သည်ဟု မှတ်ယူပုံရသည်။ တစ်သက်လုံး လက်တွဲလုပ်ကိုင်လာသည်ကိုပင် မထောက်ထားဘဲ အလုပ်မှ ရပ်စဲလိုက်တတ်သည်။ ဤသည်ကိုထား၊ သူတို့အနေနှင့် တွက်ခြေမကိုက်ဘူးထင်လျှင် အလုပ်သမားတို့၏ စားဝတ်နေရေးနှင့် မှီခိုအားထားနေသူတို့၏ မျက်နှာကိုမျှမထောက်ဘဲ အလုပ်ရပ်စဲပစ်ခြင်းတို့ ရှိခဲ့သည်။ ငတေမာပြီးရော သဘောထားတို့ ရှိခဲ့သည်။ ယခုမူ သည်သို့မဟုတ်။ အသက် ၆၀ ကျော်ပင် ဖြစ်စေကာမူ ကျန်းမာရေးကောင်းပါက သင့်လျော်ရာဌာနမှာ ပြန်လည်အလုပ်လုပ်စေသည်။ သို့ဖြင့် အဘညိုတို့လို လုပ်သားကြီးများ သင့်လျော်ရာနေရာ၌ လုပ်အားပေးနိုင်ကြသေးသည်။

အလုပ်သမားရိပ်သာ၊ သက်သာချောင်ချိရေး၊ စာဖတ်ခန်း စသည်ဖြင့် စုံစုံညီညီရှိနေသည်ကို တွေ့ရသည်။

ယခင်က မျက်နှာဖြူများမှလွဲ၍ အသားညို၊ အသားဝါတို့ အနားပင်မသီနိုင်သော၊ သီခွင့်မရခဲ့သော ရေကူးကန်၊ ကပွဲခန်းမများရှိရာ ရိပ်သာမှာ လုပ်သားကောင်စီ၏ စည်းဝေးခန်းမနှင့် အပန်းဖြေရိပ်သာ ဖြစ်နေလေပြီ။

“ဟိုမှာ သခင်ဆာမိ”

ဦးခင်မောင်ညွန့်က တစ်နေရာသို့ လက်ညှိုးထိုးပြရင်း ဆိုသည်။ လှမ်းကြည့်လိုက်သောအခါ ပန်းပင်များကို ရေဖျန်းနေသော ဒိုတီဝတ် ကုလားလူမျိုးတစ်ယောက်ကို တွေ့လိုက်ရသည်။

သခင်ဆာမိသည် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံတုန်းက မြန်မာလူမျိုးများနှင့်အတူ ဥမကွဲသိုက်မပျက် ဆင်နွှဲပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။ သပိတ်တပ်သားတစ်ဦး ဖြစ်ခဲ့သည်။ အရင်းရှင်ကို ဆန့်ကျင်ရာ၌ အမျိုးမတူ၊ ဘာသာခြားဟူ၍ သဘောမထားခဲ့ဘဲ ပါဝင်ခဲ့သူဖြစ်သည်။ စင်စစ် အလုပ်သမားဟူသည် ကုလားလည်းအတူတူ၊ ဗမာလည်း အတူတူပင်။ အရင်းရှင်၏ ဖိနှိပ်ချုပ်ချယ်ခြင်းခံရသည့်နေရာတွင်လည်း အတူတူပင်။ ထို့ကြောင့်လည်း သခင်ဆာမိသည် အရင်းရှင်အား ဆန့်ကျင်ရာ၌ အတူပါဝင်ခဲ့ခြင်းဖြစ်မည်။

**ဆက်လက်ဖော်ပြပါမည်။**

“နယ်ချဲ့အစိုးရလက်ထက် အရင်းရှင်ကုမ္ပဏီများက
ရေနံမြေကို အဆီစား အသားမျိုနေစဉ်ကဆိုလျှင် အလုပ်သမား အိုပြီဆိုပါက မခိုင်းချင်တော့။
ပျို့မျစ်သူကိုသာ အလိုရှိကြသည်။ သို့မှသာလည်း တွက်ချေကိုက်သည်ဟု မှတ်ယူပုံရသည်။
တစ်သက်လုံး လက်တွဲလုပ်ကိုင်လာသည်ကိုပင် မထောက်ထားဘဲ အလုပ်မှရပ်စဲလိုက်တတ်သည်။
ဤသည်ကိုထား၊ သူတို့အနေနှင့် တွက်ခြေမကိုက်ဘူးထင်လျှင် အလုပ်သမားတို့၏
စားဝတ်နေရေးနှင့် မှီခိုအားထားနေသူတို့၏ မျက်နှာကိုမျှမထောက်ဘဲ
အလုပ်ရပ်စဲပစ်ခြင်းတို့ ရှိခဲ့သည်။ ငတေမာပြီးရော သဘောထားတို့ရှိခဲ့သည်။
ယခုမူ သည်သို့မဟုတ်။ အသက် ၆၀ ကျော်ပင် ဖြစ်စေကာမူ . . .”

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# MNL ပြိုင်ပွဲတွင် ရတနာပုံနှင့် ရှောဝတီ ဂိုးမရှိသရေကျ

ရန်ကုန် ဩဂုတ် ၇

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) ဒုတိယနေ့ကို ဩဂုတ် ၇ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရတနာပုံနှင့် ရှောဝတီအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

**သရေတစ်မှတ်သာ ရယူနိုင်ခဲ့**

အမှတ်ပေးဇယား ဒုတိယနေရာမှ ရှောဝတီအသင်းသည် တတိယနေရာမှ ရန်ကုန်အသင်း ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းမယူနိုင်ဘဲ သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ ထို့ကြောင့် ဩဂုတ် ၈ ရက်တွင် ကစားမည့်ပွဲတွင် အဆင့် ၄ နေရာမှ မြဝတီအသင်း အနိုင်ရပါက ရှောဝတီအသင်းအနေဖြင့် ဒုတိယနေရာမှ ဖယ်ပေးရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာလည်း နိုင်ပွဲပြန်လည်ရယူနိုင်ခြင်းမရှိသေးဘဲ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။



ရတနာပုံနှင့် ရှောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရတနာပုံအသင်း၏ ပွဲထွက်လူစာရင်းတွင် ပြည့်ဖြိုးသူ(ဂိုး)၊ ဇော်ရဲထွန်း၊ မျိုးကိုထွန်း၊ သက်နိုင်တို့ဖြင့် လူစုံနီးပါးပါဝင်ခဲ့ပြီး ရှောဝတီအသင်းတွင်လည်း အောင်နိုင်ဝင်း၊ ရန်ကျော်ထွေး၊ ကောင်းမြတ်သူ၊ ရာဇာအောင်တို့ဖြင့် လူစုံပါဝင်ခဲ့သည်။

ရှောဝတီအသင်းသည် ယခုပွဲအနိုင်ရပါက ထိပ်ဆုံးက ရှမ်းယူနိုက်တက်နှင့် ငါးမှတ်အကွာတွင် ဆက်လက်ရပ်တည်နိုင်မည် ဖြစ်သောကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ရတနာပုံအသင်းမှာလည်း ရှောဝတီအသင်းကို အပြန်အလှန်ကစားခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် နှစ်သင်း တွေ့ဆုံသောကြောင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရှိသရေကျခဲ့ခြင်း ဖြစ်သည်။

ရှောဝတီအသင်းသည် ခုနစ်ပွဲကစား လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၁၄ မှတ်၊ ရတနာပုံအသင်းက ခုနစ်ပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ရမှတ် ရှစ်မှတ် ရရှိထားသည်။

ပွဲစဉ်(၇) တတိယနေ့ကို ဩဂုတ် ၈ ရက် (ယနေ့)ဆက်လက်ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MNL



# ၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာနှင့် ကမ္ဘောဒီးယား ယနေ့ကစားမည်

ရန်ကုန် ဩဂုတ် ၇

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပနေသည့် ၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ) နောက်ဆုံးနေ့ကို ဩဂုတ် ၈ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် အဆုံးအဖြတ်ပွဲကစားရမည်ဖြစ်သည်။

**တစ်ချိန်တည်းကျင်းပမည်**

နောက်ဆုံးနေ့အဖြစ် ဩဂုတ် ၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် တစ်ချိန်တည်းကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ကမ္ဘောဒီးယား၊ မလေးရှားနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု ဒုတိယနေ့အပြီးတွင် မလေးရှားနှင့် မြန်မာအသင်းက လေးမှတ်စီ၊ ကမ္ဘောဒီးယားအသင်းက သုံးမှတ်ရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိနေပြီး ဩစတြေးလျအသင်းမှာမူ နှစ်ပွဲစလုံးရှုံးနိမ့်ထားသဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။

အုပ်စု(က)နှင့် (ခ)ပွဲစဉ်များပြီးဆုံးသွားပြီး အုပ်စု(က)တွင် အိမ်ရှင်အင်ဒိုနီးရှားက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု(ခ)တွင် ထိုင်းအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ထားပြီးဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုသုံးခုမှ ထိပ်ဆုံးသုံးသင်းမှာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ကျန်တစ်နေရာအတွက် အုပ်စု(က)နှင့် (ဂ) ဒုတိယနေရာရနှစ်သင်းအနက် အကောင်းဆုံးတစ်သင်းသာ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**ဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်**

အုပ်စု(က)တွင် ဗီယက်နမ်အသင်းမှာ သုံးပွဲကစား ခြောက်မှတ်သာ ရထားသဖြင့် ယနေ့ကစားမည့် အုပ်စု(ဂ)နောက်ဆုံးနေ့တွင် လေးမှတ်စီ ရထားသည့် မလေးရှားနှင့် မြန်မာအသင်းတို့မှာ အနိုင်ရရုံဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းအနေဖြင့် ဩဂုတ် ၈ ရက် ကစားမည့်ပွဲတွင် ကမ္ဘောဒီးယားကို အနိုင်ရပါက အခြားပွဲရလဒ် စောင့်ကြည့်စရာမလိုဘဲ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်ပြီး မလေးရှားအသင်းလည်း အနိုင်ရပါက အုပ်စုပထမနေရာအတွက် ဂိုးကွာခြားချက်ဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲများတွင် ဩစတြေးလျကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး မလေးရှားနှင့် တစ်ဂိုးစီသရေကျထားသည်။ ကမ္ဘောဒီးယားအသင်းမှာမူ မလေးရှားကို သုံးဂိုးပြတ်အရေးနိမ့်ကာ ဩစတြေးလျကိုမူ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားသည်။ ကမ္ဘောဒီးယားအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိသော်လည်း မြန်မာအသင်းကို အနိုင်ကစားရမည့်အပြင် ဂိုးပြတ်လည်း သွင်းယူရမည်ဖြစ်သည်။ သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲကြုံတွေ့

ရန်ကုန် ဩဂုတ် ၇

ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဩဂုတ် ၇ ရက်က ဗီယက်နမ်နိုင်ငံ ဘန်ဒေါင်းမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲကစားခွင့်ရရန် အခွင့်အရေးနည်းသွားခဲ့သည်။



မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

မြန်မာအသင်းသည် ဗီယက်နမ်နှင့် အုပ်စုပထမပွဲကစားခဲ့သည့် ပွဲထွက်လူစာရင်းကို သုံးဦးပြောင်းလဲခဲ့ပြီး လန်းဆန်းအောင်၊ ဇော်ဝင်းသိန်း၊ မိုးဆွေ၊ ထွန်းထွန်းသိန်း၊ အောင်ပြည့်ဖြိုး (ဂိုး)၊ ရဲရင့်ဖြိုး၊ ဥက္ကာနိုင်၊ သိန်းဇော်သီဟ၊ ခန့်ဇင်ဟိန်း၊ သန်းတိုးအောင်၊ စောသန်းကိုသန်းတို့ ပါဝင်ကစားခဲ့သည်။ ထိုင်းအသင်းသည် ပွဲအစ ကိုးမိနစ်ကတည်းက အနိုင်ဂိုးကို ဖူဝါနတ်က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲတွင် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့ပြီး ဂိုးသွင်းခွင့်များရခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ချေပဂိုးမရဘဲ ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် မလေးရှား၊ ထိုင်းနှင့် အိမ်ရှင်ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ပြီး အမှတ်အများဆုံးနှစ်သင်းက ဗိုလ်လုပွဲ၊ အမှတ်အနည်းဆုံး နှစ်သင်းက တတိယလုပွဲ ကစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - VFF

# မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

## အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

## လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်။

## အနီရောင်အဆင့်

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

## အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

## အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

○ ဂျော်ဂျင်ဟိုမှ

ကစားသမား ဂျော်ဂျင်ဟိုက ပင်နယ်တီပြစ်ဒဏ်ဘောကနေတစ်ဆင့် သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ ရစ်ချာလီဆန်ကို ရောင်းချခဲ့ခြင်းနဲ့ ကယ်ဗက်လီဝင် ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့ဘဲ အခုပွဲစဉ်မှာ တိုက်စစ်မှူးစစ်စစ် မပါဝင်နိုင်ခဲ့ခြင်းဟာ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းရဲ့ အဓိကအကြောင်းရင်းဖြစ်ပြီး အဖွင့်ပွဲစဉ်မှာ ရှုံးပွဲနဲ့ စတင်ကြုံတွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကတော့ အဲဗာတန်အသင်းကို အနိုင်ရရှိကာ သုံးမှတ်အပြည့် ရယူနိုင်ခဲ့ပြီး အခုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့တဲ့ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုဟာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုး ၂၀ သွင်းယူပေးပြီးချိန်မှာ ပင်နယ်တီကနေ ၁၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့ စနေနေ့ညပိုင်း ကစားခဲ့တဲ့ အခြားသောပွဲစဉ်တွေမှာတော့ စပါးအသင်းက ဆောက်သမ်တန်အသင်းကို လေးဂိုး-တစ်ဂိုး၊ နယူးကာဆယ်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ လိဒ်ယူနိုက်တက်အသင်းက ဝုလ်ဗာဟမ်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဘုန်းမောက်အသင်းက အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-ဂိုးမရှိ စသဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ကြတာ ဖြစ်ပါတယ်။

ငွေကြယ်

# အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ဘရိုက်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် မန်ယူအသင်း ရှုံးနိမ့်

ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့ တနင်္ဂနွေနေ့ညပွဲစဉ်တွေအနက် အစောဆုံးပွဲစဉ်နဲ့ ပရိသတ်စိတ်ဝင်စားမှုအများဆုံးပွဲစဉ်ဖြစ်တဲ့ မန်ယူအသင်းနဲ့ ဘရိုက်တန်အသင်းတို့ ပွဲစဉ်မှာ မန်ယူအသင်းဟာ အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ လူစုံထုတ်ပွဲထွက်လာခဲ့ပေမယ့် ဘရိုက်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

**ချေပဂိုးပြန်လည်ရရှိ**

အဲဒီပွဲစဉ်မှာ ဘရိုက်တန်အသင်းဟာ ပွဲကစားချိန် မိနစ် ၃၀ နဲ့ ၃၉ မိနစ်တို့မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပြီး မန်ယူအသင်းကတော့ ဒုတိယပိုင်းပွဲကစားချိန် ၆၈ မိနစ်ရောက်မှသာ ဘရိုက်တန် နောက်တန်းကစားသမား မက်အဲလစ်စတာရဲ့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့ရာကနေ ချေပဂိုးပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ ပရီမီယာလိဂ်ရာသီအစ အဖွင့်ပွဲစဉ်မှာ အိမ်ကွင်း၌ ဘရိုက်တန်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ မန်ယူအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့တဲ့ နည်းပြတန်ဟက်အတွက် အိပ်မက်ဆိုးတွေမက်တဲ့ညအဖြစ်လည်း သတ်မှတ်ခံခဲ့ရပါတယ်။

မန်ယူအသင်းဟာ အခုပွဲစဉ်မှာ အသစ်ခေါ်ယူထားတဲ့ အဲရစ်ဆင်နဲ့ လီဆန်ဒရိုမာတီနက်ဇ်တို့ကိုလည်း ပွဲထွက်ကစားခွင့်ပြုခဲ့ကာ လူစုံထုတ်ပွဲထွက်ခဲ့ပေမယ့် ဘရိုက်တန်အသင်းရဲ့ ဖိအားပေးမှုအောက်မှာ ရုန်းကန်ခဲ့ရပြီး ဘရိုက်တန်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် အနိုင်သုံးမှတ် ရရှိမယ့်အခွင့်အရေး ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

ငွေကြယ်

# မအူပင်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စု အသက်(၂၁)နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မအူပင်  ဩဂုတ်  ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် တိုက်နယ်ပေါင်းစုံ အသက်(၂၁)နှစ်နှင့်အောက် မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် စစ်ကြောင်းမှူးကဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအား အလေးပြုပြီးနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းစေရန်နှင့် နိုင်ငံတော်ကအားထားရသော မျိုးဆက်သစ် ရွှက်ပုန်းသီး အားကစားသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်ပြီး ယခုပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း မိမိရဲ့တစ်ကိုယ်ရည်စွမ်းရည်၊ ကျွမ်းကျင်မှု၊ အသင်းလိုက် စည်းလုံးညီညွတ်မှုကောင်းတွေပြပြီး အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ထားရှိပြီး ဧရာဝတီတိုင်းရဲ့ အားကစားဆောင်ပုဒ်ဖြစ်သည့်"တရားသဖြင့် ယှဉ်ပြိုင်နိုင်အောင် ကြိုးပမ်း"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိအသင်း အနိုင်ရရှိရေး သန့်ရှင်းစွာ ယှဉ်ပြိုင်ကစားရန် ပြောကြားသည်။

ထို့နောက် အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ကွင်းအတွင်းမှ အားကစားသမားများ အသင်းအလိုက် ပြန်လည်ထွက်ခွာကာ အားကစားသီချင်းဖြင့် ကပြသရုပ်ပြ ဖျော်ဖြေပေးသည်။

အဖွင့်ပွဲစဉ်အဖြစ် ညွန့်ပေါင်း(၂) အသင်းနှင့် လက်ပံကုန်းတိုက်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲတွင် အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ပြီး အုပ်စုပတ်လည်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

# ကော့သောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

ကော့သောင်း  ဩဂုတ်  ၇

ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဖူဆယ်



ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် ညနေပိုင်းက ကော့သောင်းမြို့ နဝရတ်အားကစားခန်းမ၌ ပြုလုပ်သည်။

ဗိုလ်လုပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ပြိုင်ပွဲတွင် အထက(၁) အမျိုးသားအသင်းနှင့် အထက(ခွဲ) အလက(၁) အမျိုးသမီး အသင်းတို့မှ အနိုင်ရဗိုလ်စွဲခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တံခွန်စိုက်ဆုဖလားရရှိကြသည့်အသင်းများနှင့် နေရာအလိုက် အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် အားကစားသမားများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဖြိုးပိုင်ဦး(ပြန်/ဆက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
မြေငလျင်ဘေးအန္တရာယ်အသိပညာပေးပိုစတာ

**ကြိုတင်ပြင်ဆင်ရန်**

- ပြိုကျ၊ ပြုတ်ကျနိုင်သော ပစ္စည်းများကို မြဲမြံအောင် ပြုလုပ်ထားပါ။
- ငလျင်လှုပ်ချိန်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို လေ့လာလေ့ကျင့်ထားပါ။

**ငလျင်လှုပ်စဉ် အဆောက်အအုံ အတွင်းရှိပါက**

- (၅)စက္ကန့်အတွင်း အဆောက်အအုံ အပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။
- အထပ်မြင့်တိုက်များ၏ ပြတင်းပေါက်၊ ဝရံတာနားမနေပါနှင့်၊ ခုန်ချခြင်း မပြုပါနှင့်။

**အချိန်မရွေးဖြစ်ပွားနိုင်ပါသည်။**

**တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနိုင်ပါသည်။**

**ကြိုတင်သတိပေးချက်ထုတ်ပြန်နိုင်ခြင်းမရှိသေးပါ။**



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။



ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။



ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

**ငလျင်လှုပ်စဉ် အဆောက်အအုံ အပြင်တွင်ရှိပါက**

- အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။
- ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓါတ်တိုင်၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့်ဝေးရာတွင်နေပါ။
- ကမ်းခြေ (သို့) မြစ်ကမ်းစပ်တွင် ရောက်နေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။




# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနား ထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့်တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာကြိုတင် စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေး အန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်းစနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့ နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နတ္တိကျေးရွာအုပ်စု၊ ကညင်ချောင်းကျေးရွာ၊ ကွင်းအမှတ်(၉၄၉)၊ ကျူတောကွင်း၊ မြေကွက်အမှတ်(၃၀/င) ဥယျာဉ်ခြံမြေအမျိုးအစား ဧရိယာ(၂ဒသမ ၃)ဧက ဟုခေါ်တွင် ဒေါ်ရွယ်ခင် ပုံစံ(၇)အမည်ပေါက် ဥယျာဉ်ခြံမြေအား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းငွေအောင်(၈/မဘန(နိုင်)၀၀၁၇၁၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးရန်အောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၉၉)**
**အမှတ်(၂၄/အေ) (၃)ရန်ပြေ(၁၃)လမ်း၊**
**ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉၉၆၆၆၃၇၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က) ရပ်ကွက်၊ အသောကလမ်း၊ အမှတ်(၉)၊ ၅-လွှာ၊ (ခေါင်းရင်းခန်း) ကို ပိုင်ဆိုင်သော ဒေါ်တင်မိုးကြည်[၁၂/သကတ(နိုင်)၀၂၈၅၃၇] ထံမှ ဒေါ်အေးအေးကြည်[၁၂/တမန(နိုင်)၀၀၀၇၅၁]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးကြည်**
**အမှတ်(၁၀)၊ အသောကလမ်း၊**
**မလွကုန်းဌေးကြွယ်(က)ရပ်ကွက်။**
**Ph-09-43137557**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဆရာစံလမ်းသွယ်၊ အမှတ်(၈၄)၊ (အီး/ဂျီ)၊ ဂရမ်းဆရာစံကွန်ဒို၊ အခန်းအမှတ်(၅/ဂျီ)၊ (၅)လွှာ၊ ဧရိယာ(၁၅၅၆)စတုရန်းပေရှိ ရေ၊ မီး၊ စုံ ကွန်ဒိုတိုက်ခန်း တစ်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဦးညွန့်ဇော်နှင့် နော်နောနောထူးတို့မှတရားဝင်ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်တို့၏မိတ်ဆွေများမှဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သင်းလဲ့လဲ့စိုး(LL.B,DBL)** | **ဒေါ်ခင်သီတာအေး(LL.B,DBL)** |
| **(စဉ်-၁၂၂၈၅)** | **(စဉ်-၁၂၆၀၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ ၁လမ်း၊ ပလရရပ်ကွက်၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၆၅၆၈၈၊ ၀၉-၄၀၃၇၀၂၁၀၇**

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးအေးကို [၁၂/လမန(နိုင်)၀၄၉၉၁၀]၏သမီးဖြစ်သူ မဆုမွန် [၁၂/လမန(နိုင်)၁၅၃၆၆၁] သည်မိဘ၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဖခင်-ဦးအေးကို**
**[၁၂/လမန(နိုင်)၀၄၉၉၁၀]**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် -သကတ(၁)တိုးချဲ့ ၊ မြေကွက်အမှတ်(၃၅၂)၊(၃၅၃)၊ ဧရိယာ (၀.၀၇၆) ဧကစီရှိ နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အမှတ်(၃၅၂)၊(၃၅၃)၊ တောဥယျာဉ်(၂၁)လမ်း၊ တောဥယျာဉ်ပတ်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် (၁) ဦးအောင်ကြီး (ဘ) ဦးညွန့်ရွှေ(၁၂/ကမရ(နိုင်)၀၂၇၁၃၄)၊ (၂) ဒေါ်တိုးတိုးအောင် (ဘ) ဦးတင်အောင် (၇/ကပက (နိုင်) ၀၀၁၂၃၈)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၅.၈.၂၀၂၂) ရက်နေ့တွင် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစင်မောင်ရို(စဉ် - ၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉ - ၄၃၀၈၈၅၄၉

# ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့

## ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ရန်ကုန်မြို့ UPS စက်နှင့် တွဲလျက် Battery တို့ကို ဝယ်ယူရန် ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးတွင် အသုံးပြုရန်အတွက် UPS 20 KVA/18000 w (PF 0.9) (LB) (၂)လုံးနှင့် တွဲလျက် Battery တို့ကို ဝယ်ရန်ရှိပါသည်။

၂။ ရောင်းချလိုသူများအနေဖြင့် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ငွေကျပ် - ၁၀,၀၀၀/- နှုန်းဖြင့်ဂေါပကအဖွဲ့ရုံး၌ ဝယ်ယူပြီး ၁၈-၈-၂၀၂၂ ရက်(ကြာသပတေးနေ့)မွန်းတည့် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ ဈေးပြိုင် (တင်ဒါ) တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉)

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ချဉ်ပြစ်ရွာနေ မစိုးစန္ဒာမြင့် [၅/ပလန(နိုင်)၁၃၀၃၁၆]၏ ဖခင်အမည်မှန်မှာ ဦးခေတ်ကြည် ဖြစ်ပါကြောင်းနှင့် မစိုးစန္ဒာမြင့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၅-၂၀၀၀ ဖြစ်ပါကြောင်း။

**မစိုးစန္ဒာမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ အထက (၁)၊ Grade-9 မှ မယွန်းရွှေရည်ထွန်း၏ ဖခင် ဦးထွန်းပြည့်နှင့် ဦးထွန်းထွန်းညွန့် [၅/ကဘလ(နိုင်)၀၉၆၀၇၃] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းပြည့် (ခ) ဦးထွန်းထွန်းညွန့်**

## ဖြည့်စွက်ဖတ်ရှုပါရန်

၆-၈-၂၀၂၂ ရက်ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ(၂၈)ပါ ဦးဇော်လင်းထွန်းနှင့် ဒေါ်မိုးပွင့်၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာတွင် ဖုန်းနံပါတ် ၀၉-၅၁၃၈၇၀ အစား ၀၉-၅၁၃၅၈၇၀ ဟုဖြည့်စွက်ခေါ်ဆိုပါရန်။

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၁၁)၊ အခန်းအမှတ်(၂၀၂)ကို မူလ အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ရီ [၁၂/စခန(နိုင်)၀၁၃၄၆၇]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဒေါ်အေးမြတ်မွန် [၁၀/မလမ(နိုင်)၁၄၀၄၁၇]မှ ၎င်းအမည်ဖြင့် အမည်ပြောင်းတိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ မောင်နေအောင်မိုး [၁၂/ရပသ(နိုင်)၀၃၉၄၄၄]သည် မိဘများ၏စကားကို နားမထောင်ဘဲ ၎င်း၏ သဘောအတိုင်း လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

| | |
|---|---|
| **ဖခင် ဦးလူမော်** | **မိခင် ဒေါ်တင်တင်ထွေး** |
| **[၁၂/ရပသ(နိုင်)၀၄၃၇၅၂]** | **[၁၂/လမန(နိုင်)၀၁၁၄၅၁]** |

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်းသွယ်၊ အမှတ်(၂၂)၊မြေညီ(ညာ)၊ အကျယ်အဝန်း(၁၄ပေx၄၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် လက်ရှိလက်ဝယ် နေထိုင်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းအေး၏GP(9342)ရသူ ဦးတင်မောင်ဝင်း[၁၂/ရကန(နိုင်) ၀၄၁၆၃၅] ထံမှ ကျွန်မဒေါ်ဟေမာန်ကျော်ဦးမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက် အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟေမာန်ကျော်ဦး**
**[၁၂/အလန(နိုင်)၀၄၃၇၃၄]**
**ဖုန်း-၀၉-၇၇၈၁၈၈၁၈၉၊ ၀၉-၂၅၃၀၉၄၇၁၁**

## ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ (ဘားလား) ကွင်းအမှတ် ၄၉၅ (A)၊ အကွက်အမှတ် (၄၆၉) ဝယ်ယူရန် ကန့်ကွက်ရန် ရှိ/မရှိ ကြေညာခြင်း

အထက်ပါ ဦးကျန်းဒင်ချိုး အမည်ပေါက် အကျယ်အဝန်း (၁၂၀ ပေ × ၁၁၀ ပေ)ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ချပေးသည့် မြေကွက်ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဦးကျန်ဒင်ချိုး (၁၃/တမည(နိုင်)၀၀၂၉၀၆)ထံမှဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူရှိပါက (၂၀-၈-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်ပါရန်နှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဦး B.A, R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၂၉)
အမှတ်-၄၅၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၄၅၃၃၊ ၀၉-၅၁၅၈၄၀၁

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ်(၃)ဟု ခေါ်တွင်သည့် (၈၃)တိုက် အဆောက်အဦရှိ အကျယ်အဝန်း (၂၃ပေx၆၂ပေxအမြင့် ၁၀ပေ)ရှိသော တိုက်အမှတ်(B)၊ ဆဋ္ဌမထပ်(၇-လွှာ)၊ ခေါင်းရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နန်းလင်းနောင့်ခမ်း [၁၃/မဆတ(နိုင်)၀၄၀၅၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ်စရန် ငွေတန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆိုစာချုပ်စာတမ်း မူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း၊ တိုက်အမှတ်(၂၄) မှန်ခန်း(ခြေရင်းခန်း) ဟုခေါ်တွင်သော အလျား 12.5ပေ x အနံ50ပေ ရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်ကို လက်ရှိ ပိုင်ဆိုင်သူ ဦးထောင်လမ်းတွာလ်(ခ) စိုးတင့် [၁၂/သကတ(နိုင်)၁၂၀၃၉၈]မှ ၎င်းတိုက်ခန်းအား ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မှစရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်အေး**
**[၁၁/စတန(နိုင်)၀၄၂၅၇၂]**
**Ph: 09- 751242646**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ၄၄လမ်း၊ အမှတ်(၆၂)၊ (ဒုတိယထပ်/ဝဲ)၊ အခန်းအမှတ်(၅)နေ ဦးဂျိုးဇက်ရောင်း (ဘ)ဦးဗီဗီရောင်း[၁၂/ဗတထ(နိုင်)၀၂၃၄၈၈]ကိုင်ဆောင်သူနှင့် ဒေါ်ဝီပါရဝသီ(ခ)ဒေါ်တင်တင်[၁၂/ဗတထ(နိုင်)၀၂၅၉၇၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးဂျိုးဇက်ရောင်းနှင့် ဒေါ်ဝီပါရဝသီ(ခ)ဒေါ်တင်တင်တို့၏သားဖြစ်သူ မောင်တင့်လွင်အောင်[၁၂/ဗတထ(နိုင်)၀၃၃၆၇၈]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အပြင် ၎င်း၏ သဘောဆန္ဒအလျောက် ပြုမူဆောင်ရွက် သွားသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါ သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ငွေကြေးကိစ္စနှင့် မည်သည့် ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဂျိုးဇက်ရောင်း(ဖခင်)** | **ဒေါ်ဇင်မာမင်း** |
| **ဒေါ်ဝီပါရဝသီ(ခ)** | **(LL.B,D.B.L,D.I.L)** |
| **ဒေါ်တင်တင်(မိခင်)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၅၁)** |

**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၃၁၃၅၂၊ ၀၉-၅၀၂၇၃၂၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၆၈/ဃ၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၆၈/ဃ)ဟု ခေါ်တွင်သော နေအိမ်အဆောက် အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင်လည်းကောင်း၊ နှစ်(၆၀) မြေငှားဂရန်စာချုပ်တွင်လည်းကောင်း၊ ဦးကျော်ဦးလွင် (၁၂/အလန(နိုင်)၀၁၉၈၆၃) အမည်ဖြင့် အမည်ပေါက်လျက်ရှိပြီး ၎င်းမှအထက်ပါဂရန်မြေကွက်နှင့် ယင်းဂရန် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားခွင့်ရလျက်ရှိကြောင်း၊ ရောင်းချပိုင်ခွင့် ရှိကြောင်းအဆိုပြုလျက် ကျွန်ုပ်တို့၏မိတ်ဆွေအား ရောင်းချလိုကြောင်းကမ်းလှမ်း သည်ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကလည်း အပြီးအပိုင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ လက်ရောက်လွှဲပြောင်း ဝယ်ယူရန်သဘောတူသည့်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့်ယင်းဂရန်မြေကွက်ပေါ်ရှိ နေအိမ် အဆောက် အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်တို့ထံတင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးစိန်မင်း A.G.T.I (M.T), LL.B (စဉ်-၅၀၆၆/၁၉၈၉)**

| | | |
|---|---|---|
| **ဒေါ်ယုယုမော်** | **ဒေါ်ယဉ်ယဉ်အေး** | **ဒေါ်သင်းသီရိအောင်** |
| စဉ်-၁၀၃၈၀/၂၀၁၅ | စဉ်-၁၀၃၈၂/၂၀၁၅ | စဉ်-၁၄၁၄၈/၂၀၁၈ |

**တရားလွှတ်တော်ရှေ့နေများ**
ရုံး -အခန်း(၁၀၁/၁) တိုက်(၉/၁၁) ၃၆-လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ် -အမှတ်-၃၃၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၀၅၆၉၄၊ ၀၉ ၇၉၈၄၅၈၄၀၀

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာနတွင် လစ်လပ်လျက်ရှိသောအောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ် အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး(လစာနှုန်း) | ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | ဒုတိယလက်ထောက်ဦးစီးမှူး ( ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | သိပ္ပံဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ | (၆)ဦး |
| (ခ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ ) | ကွန်ပျူတာဘွဲ့ရရှိသူဖြစ်ရမည်။ | (၁)ဦး |
| (ဂ) | စာရင်းကိုင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ ) | စီးပွားရေးဘွဲ့(သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီးအခြေခံစာရင်းကိုင်ပညာ လက်မှတ်ရရှိသူဖြစ်ရမည်။ | (၁)ဦး |

၂။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြဆောင် ရွက်နိုင်သူဖြစ်ရမည်-

(က) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၃၀)နှစ် ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး ကိုဗစ်ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူဖြစ်ရမည်။(အထောက်အထားတင်ပြနိုင်ရမည်)
(ဂ) မဟာဘွဲ့/ပါရဂူဘွဲ့ရရှိထားသူများလည်း လျှောက်ထားနိုင်သည်။ (အဆိုပါဘွဲ့ရရှိသူများအား အသက်သတ်မှတ်ချက် လျှော့ပေါ့စဉ်းစားပေးမည် ဖြစ်သည်)
(ဃ) ကွန်ပျူတာအခြေခံ အသုံးပြုနိုင်သူဖြစ်ရမည်။(အောင်လက်မှတ်တစ်ပါ တည်း တင်ပြနိုင်ရမည်။)
(င) အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။ ဝန်ခံကတိလက်မှတ်ရေး ထိုးရမည်။
(စ) အလုပ်သမားမှတ်ပုံတင်ထားသူ ဖြစ်ရမည်။ (ဝန်ထမ်းမဟုတ်သူများ)
(ဆ) နေရာဒေသမရွေး(အထူးသဖြင့် နေပြည်တော်၊ မွန်ပြည်နယ်၊ မကွေးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)များရှိ ရုံးခွဲများသို့)တာဝန်ချထားပါက သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်။ လျှောက် လွှာများကို အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၂)၊ နေပြည်တော်နှင့် အမှတ် (၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက် တံတားမြို့နယ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲသို့ (၁၆-၉-၂၀၂၂ )ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်-

(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)/ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)၊ အောင်မြင်ကြောင်းထောက်ခံချက်)
(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံ စာမူရင်း(လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၂)လအတွင်း ရိုက်ကူးထားသောလိုင်စင် ဓာတ်ပုံ(၃)ပုံ (အင်္ကျီအဖြူရောင်၊ နောက်ခံအပြာရောင် ဓာတ်ပုံနောက်ကျော တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
(င) နိုင်ငံသားစိစစ်ရေးကတ်/အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်နှင့်ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)

၄။ လျှောက်ထားသူများသည် စာမေးပွဲကြေးကျပ် ၁၀၀၀၀/-(ကျပ် တစ်သောင်းတိတိ) ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆက်သွယ်ရေးညွှန် ကြားမှုဦးစီးဌာန၊ ငွေစာရင်းအမှတ် MD 011092 သို့လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ငွေစာရင်း အမှတ် MD 012978 သို့လည်းကောင်း ပေးသွင်းနိုင်သည်။ သတ်မှတ်ထားသော လျှောက် လွှာပုံစံကိုဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ Website (**www.ptd.gov.mm**) တွင် Download ရယူနိုင်ပါသည်။

၅။ လျှောက်ထားသူများသည် လူတွေ့စစ်ဆေးခြင်းနှင့်ကျွမ်းကျင်မှုစစ်ဆေးခြင်းအား (၂၆-၉-၂၀၂၂ )ရက်နေ့တွင် လူတွေ့စစ်ဆေးမှုခံယူရမည်ဖြစ်ပါသည်။

၆။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ် ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လိပ်မူ၍ သက်ဆိုင်ရာဌာနမှ တစ်ဆင့် (၂၃-၉-၂၀၂၂ )ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။ (လျှောက်လွှာ (၁)စုံအား ကြိုတင်မိတ္တူပေးပို့ထားရမည်ဖြစ်ပါသည်)

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျခြင်းနှင့် စာရွက်စာတမ်းများပြည့်စုံခြင်းမရှိပါက အဆိုပါလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းနံပါတ် ၀၆၇-၃၄၀၇၂၅၀ ၊ ၀၉-၄၅၀၀၀၀၃၁၄ ၊ ၀၉-၅၄၂၁၁၀၆ သို့ ရုံးချိန်အတွင်းဆက်သွယ် စုံစမ်းနိုင်ပါသည်။(အကြောင်း အမျိုးမျိုးကြောင့် နေ့ရက်၊အချိန် ပြောင်းလဲမှုဖြစ်ပေါ်ပါက ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။)

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခိုင်စုမင်း [၁၂/မဂတ(နိုင်)၀၀၀၄၇၈]၏ Myanmar Exchange Public Limited (Maex) သက်သေခံလက်မှတ်အမှတ်-1090 (500 Share) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဒေါ်ခိုင်စုမင်း**
**ဖုန်း-09-988402159**
**09-72066393**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၇၃)၊ ဗိုလ်ဇင်ယော်လမ်း၊ အောင်ချမ်းသာရပ်ကွက်(၃)ရှိ ဦးပိုင်အမှတ်(က/၂၅)၊ မြေကွက်အမှတ်(ထ/၇၃)၊ မြေဧရိယာ(၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)၊ အလျား ၄၀ပေ၊ အနံ ၆၀ပေ ရှိ ဂရန်မြေအား ယခုလက်ရှိပိုင်ဆိုင်ထားသူ ဒေါ်မော်မော်ကြူ [၁၂/တမန(နိုင်)၀၆၄၆၈၂] ၎င်းမြေကွက်ကို အပြီး အပိုင် ရောင်းချလိုပါကြောင်း ပြောကြားလာပါ၍ ကျွန်ုပ် ဒေါ်မေဇွန်ထွဋ်နှင့် ဒေါ်မေဇင်ထွဋ်တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ သဖြင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမှ ခိုင်လုံသောစာရွက် စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာ ပါသည့်ရက်မှ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ဒေါ်မေဇွန်ထွဋ်[၉/မထလ(နိုင်)၂၂၃၄၈၄]နှင့်**
**ဒေါ်မေဇင်ထွဋ် [၉/မထလ(နိုင်)၂၁၇၅၉၅]**
**ဖုန်း-၀၉-၄၅၂၁၂၄၅၀၈၊ ၀၉-၇၉၆၁၈၅၀၇၁**

## ကမ္ဘာ့ရတနာဘဏ်လီမိတက်
## (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

ကမ္ဘာ့ရတနာဘဏ်လီမိတက်၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပ မည်ဖြစ်ပါသဖြင့် တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၂၀၂၂ခုနှစ်၊ ဩဂုတ်လ (၃၀)ရက်(အင်္ဂါနေ့)
ကျင်းပမည့်အချိန် - နံနက် ၉:၀၀ နာရီ(နံနက် ၈:၃၀ နာရီနောက်ဆုံး ထား၍ Virtual Meetingတွင် ဝင်ရောက်ကြပါရန်)
ကျင်းပမည့်ပုံစံ - Virtual Meeting(Video Conference)

အစုရှယ်ယာရှင်များ ပါဝင်တက်ရောက်နိုင်ပါရန် အသိပေးအကြောင်း ကြားအပ်ပါသည်။ ကိုယ်တိုင်တက်ရောက်လိုသော အစုရှင်များအနေဖြင့် ကမ္ဘာ့ရတနာဘဏ်လီမိတက်၏ Website www.gtbmm.comတွင် တင်ပြ ထားသည့် Online register Formပုံစံကို ဖြည့်စွက်၍ Email address : gtbannualmeeting@gmail.comသို့ ၂၉-၈-၂၀၂၂ရက် နောက်ဆုံးထား၍ ပေးပို့ စာရင်းပေးသွင်းနိုင်ပါသည်။ Online register Formပုံစံ ဖြည့်စွက် ပေးပို့လာသော အစုရှင်များအား ဘဏ်မှစိစစ်ပြီး မှန်ကန်မှုရှိသည့် အစု ရှယ်ယာရှင်များကိုသာ အစည်းအဝေးကျင်းပမည့်အချိန်မတိုင်မီ **Meeting Link**အား ပြန်လည်ပေးပို့သွားပါမည်။

**ဒါရိုက်တာအဖွဲ့**
**ကမ္ဘာ့ရတနာဘဏ်လီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ ရွှေညောင်လမ်း၊ မြေကွက်အမှတ်(၇၂၁)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးနန်းလွင် (TGO-၁၀၁၂၃၇) အမည်ပေါက်မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဌေးဌေးတင် [၁၂/ဒဂန(နိုင်)၀၁၂၆၁၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက် စာတမ်းမူရင်းများနှင့်အတူ ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ဇေယျာထွန်း(LL.B)** | **ဦးမိုးဆက်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၁၃)** | **အထက်တန်းရှေ့နေ(စဉ်-၂၉၄၂၆)** |

**အမှတ်(၁)၊ Shop House အိမ်ရာ၊ (၉၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၄၄၀၃၂၊ ၀၉-၇၆၄၂၄၄၀၃၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)၊ မြေကွက်အမှတ်(၁၁၉၂/က)၊ ဧရိယာ (၀.၀၅၂) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁၉၂/က)၊ သုမန(၂)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်န်းကျွန်း မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိသူ အမည်ပေါက်ဖြစ်သော ဒေါ်ဇာဇာချို [၁၂/ဒဂန(နိုင်)၀၂၅၂၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးခင်အိ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၇၁၁၄၈၊ ၀၉-၇၉၉၂၇၇၀၅၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက် ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် (၉)၊ ၆-လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၈x၅၄) ပေရှိတိုက်ခန်းတစ်ခန်းနှင့် ဓာတ်လှေကား၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ဆုမွန် [၁၄/မမန(နိုင်)၁၄၉၄၂၉]အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B, D.B.L (စဉ်-၁၅၉၇၅)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၇၉၈၈၂၇၅၉၀, ၀၉-၇၉၀၁၂၄၈၀, ၀၉-၅၀၅၃၁၀၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မီးရှို့ခဲ့ခြင်းကြောင့် အသက် နှစ်နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ငါးနှစ်အရွယ် ကလေးငယ် တစ်ဦး၊ အလယ်တန်းပြ ဆရာမ တစ်ဦး အပါအဝင် စုစုပေါင်း အရပ်သားပြည်သူ ၁၁ ဦး သေဆုံး၊ ၁၂ ဦးဒဏ်ရာရ

နေပြည်တော် ဩဂုတ် ၇

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမား ၂၀ ခန့်သည် ယမန်နေ့နံနက်ပိုင်းက ဝင်ရောက်ခဲ့ပြီး ကျေးရွာအတွင်းရှိ နေအိမ်ခြံဝင်းတစ်ခုအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့၍ မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် အသက် နှစ်နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ငါးနှစ်အရွယ် ကလေးငယ် တစ်ဦး၊ အလယ်တန်းပြ ဆရာမ တစ်ဦး အပါအဝင် အရပ်သား ပြည်သူ ၁၁ ဦး သေဆုံးခဲ့ကာ အရပ်သားပြည်သူ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■



မြိုင်မြို့နယ် တွင်းမကျေးရွာတွင် PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မီခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၇

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ *

ယနေ့ ဖတ်စရာ

**၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**
စာမျက်နှာ » ၁၀

**တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ပထမခုနစ်လအတွင်း ၁၀ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်**
စာမျက်နှာ » ၁၃

**၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာနှင့် ကမ္ဘောဒီးယား ယနေ့ကစားမည်**
စာမျက်နှာ » ၂၆

## ဂျော်ဂျင်ဟိုရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရပြီး ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ရာသီအစ အဖွင့်လှခဲ့



ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့ စနေနေ့ညနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အဲဗာတန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ဧည့်သည်အဖြစ်လာရောက်ကစားခဲ့ရတဲ့ ချယ်လ်ဆီးအသင်းက အိမ်ရှင် အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်ပြီးဆုံးလို့ နာကျင်အချိန်ပိုရောက်ချိန်မှာ ကွင်းလယ်

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○